www.burmeseclassic.com

အရှေ့ဘက်ကောင်းကင်

# တာတေ

စီစဉ်သည်


# မစံပယ်ကိုကိုက်တဲ့ မိကျောင်း



တာတေ
ကဝေနီ
နတ်လူသစ်
ဘိုးသာဒင်

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com




## ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ-ဦးဘုန်းဇော်(၀၀၄၅၃)
အမှတ်-၂၈၂၊ ပထမထပ်၊ လမ်း-၄၀၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ပုံနှိပ်သူ-ဦးဘုန်းဇော်(၀၁၃၇၅)၊ အရှေ့ဘက်ကောင်းကင် ပုံနှိပ်တိုက်
အမှတ်-၃၅၊ ဇေယျာသီရိလမ်း၊ မြို့သစ်ရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်။
မျက်နှာဖုံး- မောင်နေကြည်
အတွင်းပန်းချီ- ကေလတ်
ကွန်ပျူတာ-ဇာနည်မော်
စာအုပ်ချုပ်-ဇာနည်
အုပ်ရေ-၁၀၀၀-အုပ်၊ ၂၀၁၈၊ အောက်တိုဘာလ
တန်ဖိုး-၅၀၀-ကျပ်

ဖြန့်ချိရေး-အရှေ့ဘက်ကောင်းကင် စာပေထုတ်လုပ်ဖြန့်ချိရေး
အမှတ်(၂၇)၊ မာန်ပြေ(၁၀)လမ်း၊ သာကေတမြို့နယ်၊ ရန်ကုန်။
ဖုန်း၊ ၀၉၄၂၀၀၅၆၃၅၄၊ ၀၉၄၀၃၇၉၇၀၄၈

www.burmeseclassic.com



# မာတိကာ


၁။ **တာတေ**

မဖဲဝါကို ကိုက်တဲ့မိကျောင်း — စာ- ၅

၂။ **ထဇဝနီ**

အိမ်မက်ကျိန်စာ — စာ- ၆၂

၃။ **နတ်လူထစ်**

ယက္ခညီနောင်အင်း — စာ- ၉၉

၄။ **တိုးထာဒဝ်**

ကျောက်ကွဲသချိုင်းက ကဝေဂမုန်း — စာ-၁၂၅




# မဖဲဝါကို ကိုက်တဲ့မိကျောင်း

တာတေ

**ကျုပ်** ကိုဆိတ်ဖွားနဲ့ အောက်ပြည်လိုက်သွားတာဗျ။ ကိုဆိတ်ဖွားနဲ့ အောက်ပြည်ကို သုံးလေးခါလောက် ကျုပ်လိုက်ဖူး တယ်လေဗျာ။ 'ပင်လယ်စုန်း'တို့၊ 'ကျွဲလူးအိုင်သရဲ'တို့၊ 'အင်းကြီး

အရှေ့ဘက်ကောင်းကင် စာပေ

www.burmeseclassic.com

www.burmeseclassic.com



တစ္ဆေ'တို့မှာ ကျုပ် ရေးခဲ့ဖူးတယ်ဗျ။

ကိုဆိတ်ဖွားက တစ်နှစ်တစ်ခေါက် အောက်ပြည်ဆင်းတာဗျ။ တစ်ခါ တစ်ခါတော့လည်း ပင်လယ်အထိ သွားသဗျ။ တစ်ခါ တစ်ခါတော့လည်း မြစ်ဝကျွန်းပေါ်ဘက်ကို သွားတယ်ဗျ။ ငါးပိ၊ ငါးခြောက်တွေ သွားဝယ်ပြီး အညာမှာ ပြန်ရောင်းတာလေဗျာ။ လက်ငင်းရော အကြွေးရော ရောင်းတာဗျ။ နှမ်းပေါ်ပေး၊ ပဲပေါ်ပေးနဲ့ ချထားလိုက်တော့ အောက်ပြည်ကို နောက်တစ်ခါဆင်းကာနီးတော့မှပဲ သူ့ငွေတွေက စုံတော့တာပါဗျာ။

ကိုဆိတ်ဖွားနာမည်က ကိုသောင်းပါဗျာ။ ကျုပ်တို့ရွာက မဆိတ်မနဲ့ အကြောင်းပါလို့ သူ့ကို ဆိတ်မယောကျ်ား ဆိတ်ဖွားလို့ ပြောင်ခေါ်ရင်းကနေ နာမည်က မြဲသွားတာဗျို့။ ကျုပ်တို့ရွာမှာက ကိုသောင်းချည်း သုံးယောက်လောက်ရှိတာဆိုတော့ သူ့ကို ဆိတ်ဖွားသောင်းလို့ ခေါ်ကြတာဗျ။

"တာတေ မင်းလည်း အောက်ပြည်မရောက်တာကြာပေါ့၊ ဒီနှစ်တော့ လိုက်ခဲ့ဦးလေကွာ"

လို့ ကိုဆိတ်ဖွားက ကျုပ်ကို ခေါ်တာဗျ။

"ဒီနှစ် ဘယ်ဘက်ကို သွားမှာတုံးဗျ လေးလေးဆိတ်ဖွားရဲ့"

"ဒီနှစ်တော့ ဘိုကလေးဘက်ကိုဆင်းပြီး ငါးပိ၊ ငါးခြောက်တွေဝယ်မလို့ကွ၊ ငါးရံ့ခြောက်တွေတောင် ငါ ကြိုပြီးမှာထားပြီးပြီ"





"ဘိုကလေးဘက်တော့ ရောက်ဖူးချင်သားဗျ၊ မိန်းမလှကျွန်းကို ကျုပ် အားကြီးစိတ်ဝင်စားတာ"

ကျုပ်က နဂါးဆေးပေါ့လိပ်ကလေးဖွာရင်း ကိုဆိတ်ဖွားကို ပြောတာဗျ။ ကျုပ်ပြောတာကိုကြားတော့ ကိုဆိတ်ဖွားက အံ့သြသွားတဲ့ပုံပဲဗျို့။

"မင်းက မိန်းမလှကျွန်းကို စိတ်ဝင်စားတယ်ဆိုတာ ဦးရှင်ကြီးကို စိတ်ဝင်စားလို့လားကွ၊ တာတေရ"

ကိုဆိတ်ဖွားက ကျုပ်ကို လေးလေးနက်နက် မေးတာဗျ။

"ဟုတ်တယ် လေးလေးဆိတ်ဖွားရဲ့၊ ကျုပ်က ဦးရှင်ကြီးကို လွတ်ပြီးစိတ်ဝင်စားတာဗျ"

"ဟေ...ဟုတ်လားကွ၊ မင်း ဦးရှင်ကြီးအကြောင်းရော သိလို့လား တာတေရဲ့"

ကျုပ်က သောက်လက်စ နဂါးဆေးပေါ့လိပ်ကလေးကို ဆေးလိပ်ခွက်ထဲ ချထားလိုက်ပြီးမှ ပြောတာဗျ။

"ကျုပ် ကြားတော့ ကြားဖူးတယ်ဗျ၊ ဒါပေမဲ့ အကြမ်းဖျင်းလောက်ပဲ ကြားဖူးတာဗျ"

ကိုဆိတ်ဖွားက ခေါင်းညိတ်ပြလိုက်ပြီး ရေနွေးကြမ်းကို ဖူးကနဲ နှစ်ကျိုက်လောက် သောက်ချလိုက်တယ်ဗျို့။

"မင်းသိချင်ရင် ဦးရှင်ကြီးရဲ့ ဘဝဇာတ်ကြောင်းကို ငါ ပြောပြပါ့မယ်ကွာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ပြောစမ်းပါဗျာ၊ ဦးရှင်ကြီးအကြောင်းကို ကျုပ် သိပ်သိချင်တာဗျ"

ကိုဆိတ်ဖွားက ကျုပ် တည်ထားတဲ့ နဂါးဆေးပေါ့လိပ် ကလေးကို အားရပါးရ ဖွာလိုက်ပြီးတော့မှ ပြောတာဗျို့။

"ဒီလိုကွ တာတေရ၊ ဦးရှင်ကြီးရဲ့ မူလအစက မွန်တွေ ပိုင်တဲ့ ဟံသာဝတီပဲခူးနယ်ဘက်ကကွ၊ မွန်လူမျိုးလား၊ ဗမာလူမျိုး လားတော့ ငါ သေသေချာချာ မသိဘူး၊ သူ့အဖေကတော့ စည်တီး ရှာသူကြီးပဲကွ၊ သူကြီးသားဆိုတော့ ဦးရှင်ကြီးရဲ့ ငယ်ဘဝလေး က အဆင်ပြေမယ့်ပုံပဲပေါ့ တာတေရာ၊ ဒါပေမဲ့ ဦးရှင်ကြီးက ကံမကောင်းရှာပါဘူးကွာ၊ သူ လူလားမမြောက်ခင်မှာပဲ သူ့အဖေ သူကြီး ကွယ်လွန်သွားတာတဲ့ဟေ့၊ ဒါပေမဲ့ ထူးထူးခြားခြား ပါရမီပါတဲ့ စောင်းအတတ်ပညာကြောင့် ဦးရှင်ကြီးက ငယ်ငယ် ရွယ်ရွယ်ကတည်းက သူ့အမေ ဒေါ်ဖြူကို စောင်းတီးပြီး ရှာဖွေ ကျွေးသတဲ့ဟေ့"

"ဟာ...ဒါဆိုရင်တော့ စောင်းတီး တော်တော်ကို ကောင်းမယ့်ပုံပဲဗျ"

"ဟာ တာတေရာ၊ ကောင်းဆို ဒီကနေ့အထိ ဦးရှင်ကြီး ကို ယှဉ်ပြီးတီးနိုင်တဲ့ စောင်းဆရာ မပေါ်သေးဘူးတဲ့ဟေ့၊ ပြီး တော့ မင်းမှတ်ထားကွ၊ ဒီကနေ့အထိ ငါတို့နိုင်ငံမှာ စောင်းကို ကြေးစားတီးပြီး အသက်မွေးဝမ်းကြောင်းပြုတော့မယ်ဆိုရင် ကိုယ်





တီးမယ့်စောင်းကိုယူပြီး မိန်းမလှကျွန်းကို သွားကြရတာကွ၊ မိန်းမလှ ကျွန်းက ဦးရှင်ကြီးနတ်ကွန်းမှာ စောင်းသွားအပ်ကြရတယ်၊ ပြီးတော့မှ စောင်းနဲ့ အသက်မွေးဝမ်းကျောင်းပြုကြရတာကွ"

ကျုပ် တော်တော်အံ့သြသွားတယ်ဗျို့။ ကိုဆိတ်ဖွားကို လည်း ကျုပ် အထင်ကြီးသွားတယ်။

"နေပါဦး လေးလေးဆိတ်ဖွားရဲ့၊ ဒီအကြောင်းတွေကို လေးလေးဆိတ်ဖွားအသေးစိတ်သိနေတာ ကျုပ်ဖြင့် အံ့သြသွား တယ်ဗျာ"

"ဟကောင် တာတေရဲ့၊ ငါကလည်း မင်းလိုပဲကွ၊ ဦးရှင် ကြီးကို လွတ်စိတ်ဝင်စားတာ၊ ပြီးတော့ ငါက ဘိုကလေးနယ်ကို မကြာ မကြာ ရောက်တယ်လေ၊ ဒီတော့ ဒီအကြောင်းတွေ ငါက အကုန်သိနေတာပေါ့ကွာ"

"နေပါဦးဗျ၊ ဘိုကလေးနဲ့ မိန်းမလှကျွန်းက တော်တော် ဝေးသေးလားဗျ"

"သိပ်အဝေးကြီးတော့ မဟုတ်ဘူးကွ၊ စက်လှေနဲ့ သွား တော့သွားရသေးတယ်ကွ"

"နေပါဦးဗျ၊ အဲဒီကျွန်းကို မိန်းမလှကျွန်းလို့ ဘာလို့ခေါ် ရတာတုံးဗျ"

"တာတေရယ်၊ ဒါကတော့ ရှင်းရှင်းလေးပါကွာ၊ မိန်းမလှ လေးတွေ ရှိလို့ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ဟုတ်လားဗျ၊ မိန်းမလှလေးတွေ အများကြီးပဲလား လေးလေးဆိတ်ဖွားရဲ့"

"အများကြီးတော့ မဟုတ်ဘူးကွ၊ နှစ်ယောက်တည်းပါ၊ ဒါပေမဲ့ သူတို့နှစ်ယောက်ကလည်း လူတော့မဟုတ်ဘူးကွ၊ နတ်သမီးတွေပါ၊ ထင်းခုတ်၊ မျောခုတ်သွားတဲ့လူတွေက သူတို့နှစ်ယောက်ကို မကြာ မကြာ မြင်ကြ တွေ့ကြရတော့ လူတွေလို့ထင်ပြီး မိန်းမလှလေးတွေရှိတဲ့ကျွန်းဆိုပြီး မိန်းမလှကျွန်းလို့ ခေါ်ကြတာကွ"

"နေပါဦး လေးလေးဆိတ်ဖွားရဲ့၊ အဲဒီကျွန်းကို ကျွန်းညိုကြီးလို့လည်း ခေါ်တယ်ဆိုဗျ"

"ဟာ မဟုတ်ဘူးကွ၊ ကျွန်းညိုကြီးက မိန်းမလှကျွန်းရဲ့တောင်ဘက်က ကျွန်းကွ၊ အခုတော့ ရွာတောင်ဖြစ်နေပါပြီကွာ"

"လေးလေးဆိတ်ဖွားကတော့ ဒီအကြောင်းတွေ တော်တော်သိတာပဲနော်"

"ဟ တာတေရ၊ သိဆို အဲဒီနေရာတွေကို ငါးပိ၊ ငါးခြောက်ဝယ်ရင်း ငါက ရောက်နေကျကိုးကွ၊ ပြောရရင် မင်းပြောတဲ့ကျွန်းညိုကြီးမှာ ငါ့မိတ်ဆွေတွေရှိလို့ ငါ ညအိပ်တောင် နေဖူးတယ်ကွ"

"သြော်၊ ဒါကြောင့်ကိုး"

"နေပါဦးဗျ လေးလေးဆိတ်ဖွားရဲ့၊ ဦးရှင်ကြီးရဲ့ နာမည်





ကဦးရှင် မဟုတ်ဘူးလား၊ ဘာကြောင့်ကြီးထည့်ခေါ်ကြတာတုံးဗျ"

"ဟာ မဟုတ်ဘူး တာတေရဲ့၊ လူ့ဘဝတည်းက သူ့နာမည်က မောင်ရှင်လို့ ခေါ်သလို မောင်ရှင်ကြီးလို့လည်း ခေါ်တယ်ကွ၊ နဂိုနာမည်ရင်းကိုက မောင်ရှင်ကြီးကွ"

"သြော်၊ ဒါကြောင့် ဦးရှင်ကြီးလို့ ခေါ်တာကိုး"

"အေး ဟုတ်တယ်ကွ"

"နေပါဦး လေးလေးဆိတ်ဖွားရဲ့၊ မိန်းမလှကျွန်းက နတ်သမီးတွေက ဘယ်လိုနတ်တွေတုံးဗျ"

"နတ်စိမ်းတွေပေါ့ကွာ၊ ဥပစ္ဆေဒကကံနဲ့သေပြီး နတ်စိမ်းတွေ ဖြစ်ကြတာကွ"

"ဟာ ဟုတ်လားဗျ"

"အေး မင်းသိချင်ရင် ငါပြောပြမယ်ဟေ့၊ ဒီလိုကွ၊ အဲဒီကျွန်းကြီးက ဒီရေတောတွေပေါက်တဲ့ ကျွန်းကြီးကွ၊ လမုပင်တို့၊ လမဲ့ပင်တို့၊ ကနစိုပင်တို့၊ ဗြူးပင်တို့၊ ကြိမ်ပင်တို့၊ မမပင်တို့ ပေါက်တဲ့ သဘာဝတောကြီးပေါ့ကွာ၊ အဲဒီကျွန်းကြီးပေါ်မှာ ကရင်မုဆိုးကြီး ဦးထော် ဆိုတာက အိမ်ဆောက်ပြီး နေတာတဲ့ဟေ့၊ ဦးထော်မှာ သမီးနှစ်ယောက် ရှိတယ်တဲ့၊ ကရင်မုဆိုးကြီး ဦးထော်က တောကြီးထဲကိုဝင်ပြီး အမဲပစ်ကာနီးတိုင်း ရောမလမုပင်ကြီးကစ်ပင်အောက်မှာ ထမင်းတွေ ဟင်းတွေ ချက်ပြုတ်ပြီး လမုပင်



www.burmeseclassic.com

www.burmeseclassic.com



စောင့်နတ်ကို ပူဇော်ပသတာဆိုပဲ၊ လမုပင်စောင့်နတ်က မုဆိုးကြီးကို ကိုယ်ထင်ပြပြီး သူတင်တာမြှောက်တာတွေကို စားသောက်သတဲ့ဟေ့၊ ပြီးရင်…

"ငထော်၊ မင်း ဒီနေ့ ဘယ်ဘက်ကိုသွား၊ အဲဒီမှာ မင်း ဘယ်အမဲ ရမယ်လို့ အမြဲညွှန်ပြတယ်ဆိုပဲ၊ သူပြောတဲ့အတိုင်းလည်း ရတာပဲတဲ့ဟေ့၊ ဒီတော့ မုဆိုးကြီးနဲ့ နတ်နဲ့က သိပ်ခင်မင်နေကြတာပေါ့ကွာ၊ တစ်နေ့ကျတော့ လမုပင်ကနတ်က ကျွန်းစောင့်နတ်ဆိုတော့ နတ်သဘင်အစည်းအဝေး သွားရတာတဲ့ဟေ့၊ ဒါကို မုဆိုးကြီး ဦးထော်က သိတာမဟုတ်ဘူးတဲ့ကွ၊ ကျွန်းစောင့်နတ်တွေဘာတွေ နားမလည်တော့ ခါတိုင်းလိုပဲ လမုပင်အောက်မှာ တင်တာမြှောက်တာပေါ့ကွာ၊ ဒါပေမဲ့ လမုပင်နတ်က ပေါ်မလာဘူးပေါ့ကွာ"

"ဟာ လေးလေးဆိတ်ဖွားကလည်း နတ်က နတ်သဘင်အစည်းအဝေး သွားနေမှတော့ ဘယ်ပေါ်လာမှာတုံးဗျ"

"အေး…အဲဒါကို ဦးထော်က မသိဘူးတဲ့ဟေ့၊ ပြီးတော့ ဦးထော်က ကရင်ကြီးလေကွာ၊ ကရင်ဆိုတာက ဒါဆိုရင် ဒါပဲ၊ ဟိုဟာပြောင်းမပြောနဲ့ မရဘူးကွ၊ ဒါကြောင့်လည်း ကရင်တွေက ဟင်ဆိုရင် လှည့်တောင်မကြည့်တော့ဘူးလို့ ပြောကြတာဟေ့၊ ဒီမှာတင် ဦးထော်က စိတ်ဆိုးပြီး ဒီနတ်က ငါ့အပေါ် တကယ်ကောင်းတာမဟုတ်ဘူး၊ ငါကတော့ သူ့ကို ရိုသေလိုက် လေးစား





လိုက်ရတာ၊ သူကတော့ ငါ့ကို ဂရုစိုက်တာမဟုတ်ဘူးဆိုပြီး တင်မြှောက်ထားတဲ့ ထမင်းဟင်းတွေကို ခြေထောက်နဲ့ ကန်ပစ်တာတဲ့ဟေ့၊ ပြီးတော့ ပြောသေးဆိုပဲ။

'နင် မစောင့်ရှောက်လည်း ငထော်အစွမ်းနဲ့ ငထော်သားကောင်ရအောင် ရှာနိုင်တယ်၊ လမုပင်နတ်ရေ၊ နင်နဲ့ငါ ဒီနေ့ကစပြီး သေခန်းပြတ်ပြီဟေ့' လို့ပြောပြီး တောထဲဝင်သွားသတဲ့ကွာ၊ တော်တော်ကြာတော့မှ လမုပင်နတ်က နတ်သဘင်အစည်းအဝေးက ပြန်ရောက်လာတော့ လမုပင်အောက်မှာ ဦးထော်ခြေထောက်နဲ့ကန်ပြီး မှောက်ပစ်ခဲ့တဲ့ စားပွဲ သောက်ပွဲတွေကို တွေ့တော့ တော်တော်ကို ဒေါသဖြစ်သွားရောတဲ့ဟေ့၊ ဒီမှာတင် ကျွန်းစောင့်နတ်ဖြစ်တဲ့ လမုပင်နတ်က တောထဲက နတ်ကျားကြီးကို ချက်ချင်းခေါ်ပြီး ဦးထော်ကို သတ်ခိုင်းပေမယ့် မုဆိုးကြီးက ကံမြင့်နေတော့ နတ်ကျားက ဦးထော်ကို မသတ်နိုင်ဘူးတဲ့ဟေ့၊ ဒါနဲ့ နတ်က စိတ်ဆိုးပြီး 'သူ့ကိုသတ်လို့ မရရင် သူ့သမီးနှစ်ယောက်ကို သတ်လို့' ခိုင်းတော့ နတ်ကျားကြီးက ဦးထော်ရဲ့ သမီးနှစ်ယောက်ကို ကိုက်သတ်ပစ်လိုက်တာတဲ့ဟေ့၊ ဒီမှာတင် ဦးထော်ရဲ့ သမီးနှစ်ယောက်က အင်မတန်လှတဲ့ နတ်သမီးတွေဖြစ်သွားကြရောတဲ့ဟေ့"

"ဟာ ဒါဆိုရင် နတ်စိမ်းတွေပေါ့ဗျ"

"အေးပေါ့ဟ၊ ကျားကိုက်လို့ သေပါတယ်ဆိုမှ နတ်စိမ်း



www.burmeseclassic.com

www.burmeseclassic.com



တွေပေါ့ တာတေရဲ့၊ ဒီမှာတင် လမုပင်က ကျွန်းစောင့်နတ်က သူ့တို့ညီအစ်မကိုခေါ်ပြီး နတ်နာမည်တွေ ပေးသတဲ့ဟေ့၊ တစ်ယောက်က ကလျာတဲ့၊ တစ်ယောက်က မာလာတဲ့၊ အဲဒီလို နတ်နာမည်တွေ ပေးပြီးတာနဲ့ ကျွန်းစောင့်နတ်က သူ့ဟို့ညီအစ်မကို ကျွန်းစောင့်ဖို့ တာဝန်ပေးလိုက်သတဲ့၊ သူကတော့ အဲဒီကျွန်းကနေ ထွက်သွားတယ်ဆိုပဲ"

"ဟာ…အဲဒီကျွန်းစောင့်နတ်ကြီး ကျွတ်သွားတာလားမှ မသိတာ လေးလေးဆိတ်ဖွားရဲ့"

"အေး အဲဒါတော့ မသိဘူးကွ၊ ကျွတ်လွတ်သွားတာလည်း ဖြစ်ချင်ဖြစ်မှာပေါ့ တာတေရာ"

"ကျွန်းစောင့်နတ်တွေ ဖြစ်သွားတဲ့ ကလျာနဲ့ မာလာကို ထင်းခုတ်တဲ့လူတွေ မကြာ မကြာ တွေ့ကြ၊ မြင်ကြရတယ်ဆိုပဲကွ၊ နောက်တော့ ထင်းခုတ်သမားတွေက ဒီကျွန်းမှာ မိန်းမလှလေးတွေ ရှိတယ်လို့ ပြောကြတော့ ဒီသတင်းက ပျံ့သွားပြီး မိန်းမလှကျွန်းလို့ တွင်သွားတာဟေ့"

"ဩော်…ဒီလိုလား၊ နို့ ဦးရှင်ကြီးနဲ့က ဘယ်လိုပတ်သက်တာတုံးဗျ"

ကျုပ်က နဂါးဆေးပေါ့လိပ်ကလေးဖွာရင်း မေးလိုက်တာဗျ။

"အေး‥ဒါဆိုရင်တော့ စောစောက ပြောထားတဲ့ ဦးရှင်





ကြီးအကြောင်းကို ပြန်ကောက်ရတော့မှာပဲကွ၊ ဦးရှင်ကြီးတို့ သားအမိက သူ့အဖေ သူကြီး မရှိတဲ့နောက် ဆင်းရဲလာတော့ ဒလကို ပြောင်းလာတာတဲ့ဟေ့၊ အဲဒီမှာ မိန်းမလှကျွန်းမှာ မျောတိုင်သွားသွားခုတ်ပြီး ပြန်ရောင်းတဲ့၊ လှေသူကြီး ဦးတော ဆိုတာ ဒလမှာ ရှိသတဲ့ဟေ့၊ အရွယ်လေးရောက်လာတဲ့ မောင်ရှင်ကို သူ့အမေ ဒေါ်ဖြူက ရှင်ပြုပေးချင်တာတဲ့ကွာ၊ သူ့အဖေ သူကြီး ဆုံးတော့ မောင်ရှင်က ရှင်မပြုရသေးဘဲ ကျန်ခဲ့တာတဲ့၊ ဒါကို မအေကြီးက သားကို ရှင်ပြုပေးချင်ပေမယ့် ငွေကြေးက မရှိတော့ ဟဗျစ်တောက်တောက် ပြောနေတော့တာပေါ့ကွာ၊ ဒါကို သားလုပ်တဲ့ မောင်ရှင်က စိတ်မကောင်းဖြစ်ပြီး လှေသူကြီး ဦးတောကို ပြောသတဲ့။

'လှေသူကြီးရယ်၊ ဒီတစ်ခေါက် တောထဲကို မျောခုတ်သွားရင် ကျုပ်လည်း လိုက်ပါရစေ၊ ကျုပ် ဒီအရွယ်ရောက်တဲ့အထိ ရှင်မပြုရသေးလို့ အမေက စိတ်မကောင်းဖြစ်နေလို့ပါဗျာ၊ ကျုပ်ရှင်ပြုဖို့ ငွေလေးကြေးလေး လိုချင်လို့ပါ' လို့ ပြောတော့ လှေသူကြီးကလည်း သနားသွားပြီး မျောခုတ်သွားတော့ ခေါ်သွားသတဲ့ဟေ့၊ အင်မတန် စောင်းတီးကောင်းတဲ့ မောင်ရှင်က သူ့စောင်းလေးပိုက်ပြီး လှေကြီးနဲ့ လိုက်လာခဲ့ရော့ပေါ့ကွာ၊ မိန်းမလှကျွန်းကိုရောက်တော့ အင်မတန်မှ နုနယ်တဲ့ မောင်ရှင်ကို ကြည့်ပြီး လှေသူကြီး ဦးတောက သနားတာနဲ့ တောထဲကို ထင်းခုတ်မခေါ်



www.burmeseclassic.com

www.burmeseclassic.com



ဘူးတဲ့ဟေ့၊ လှေမှာပဲ ထမင်းချက်တာဝန်ပေးပြီး ထားခဲ့တယ်ဆိုပဲ၊ မောင်ရှင်ကလည်း တောထဲဝင်သွားတဲ့ လှေသူကြီးနဲ့ လှေသားတွေ စားဖို့ ထမင်းဟင်းတွေ ချက်ပြုတ်ပြီးတာနဲ့ သူ့ရဲ့ လက်စွဲတော် စောင်းကြီးကို တီးတော့တာတဲ့ဟေ့၊ အင်္မတန်မှ စောင်းတီး ကောင်းတဲ့ မောင်ရှင်ရဲ့ စောင်းသံကို မိန်းမလှကျွန်းက ကျွန်းစောင့် နတ်သမီးနှစ်ယောက်ဖြစ်တဲ့ ကလျာတို့ မာလာတို့က ကြားတော့ လှေပေါ်မှာ စောင်းတီးနေတဲ့ မောင်ရှင်ကို လာကြည့်ကြပြီး ချစ်စိတ်တွေ ယိုဖိတ်ကုန်ကြရော ဆိုပါတော့ကွာ"

"ဟာ ဟုတ်လားဗျ၊ ဒါပေမဲ့ လေးလေးဆိတ်ဖွားရဲ့ လူနဲ့နတ် ဘယ်လိုဖြစ်နိုင်မှာတုံးဗျ"

"အေး၊ အဲဒါကြောင့် ဖြစ်အောင်ကြံစည်ကြတာပေါ့ တာတေရာ"

"ဟင်၊ ဘယ်လိုကြံစည်ကြတာတုံးဗျ"

"လှေကြီးထဲမှာ မျောတိုင်တွေ ပြည့်တော့ လှေသူကြီးက လှေပြန်ထွက်ဖို့ အမိန့်ပေးတာပေါ့ကွာ၊ ဒါပေမဲ့ အင်မတန်ချော၊ အင်မတန်လှတဲ့ မိန်းမလှကျွန်းက ကျွန်းစောင့်နတ်သမီးနှစ်ယောက် က သူတို့ရဲ့ ကာမဇဒ္ဓိနဲ့ လှေထွက်လို့မရအောင် လုပ်ထားကြရော တဲ့ဟေ့"

"ဟာ ဟုတ်လားဗျ"

"ဒီမှာတင် လှေသူကြီးလည်း ကြောက်လန့်ပြီး တစ်ယောက်





ယောက်တော့ အများလုပ်မိပြီထင်တယ် တွေးမိပြီး တောင်းပန် တိုးလျှိုးတာတွေ လုပ်တာပေါ့ကွာ၊ ဒါပေမဲ့ ဘယ်လိုလုပ်လို့မှ မရဘဲ လှေကြီးက ရေလယ်မှာကို ရပ်နေတာတဲ့ဟေ့၊ အဲဒီညမှာပဲ လှေသူကြီးကို ကျွန်းစောင့်နတ်သမီးနှစ်ယောက်က အိပ်မက်ပေးပြီး တစ်ယောက် ရေစာကျွေးခဲ့ရမယ်လို့ ပြောသတဲ့"

"ဘာဗျ၊ ရေစာကျွေးတယ်ဆိုတာ ဘာတုံးဗျ"

"ဟကောင် တာတေရဲ့၊ လှေသားတစ်ယောက်ကို ရေထဲ ပစ်ချပြီး စတေးခိုင်းတာကွ"

"စတေးတယ်ဆိုတာက"

"ဟ…သတ်ခိုင်းတာဟေ့ တာတေရဲ့"

"ဗျာ၊ တစ်ယောက် သတ်ရမယ် ဟုတ်လားဗျ"

"အေး ဟုတ်တယ်ကွ၊ ဒါနဲ့ လှေသူကြီးက လှေသား တွေကို မနက်မိုးလင်းတော့ ဒီအကြောင်း ပြောရတော့တာပေါ့ကွာ၊ ဒီမှာတင် မောင်ရှင်ရော တခြားလှေသမားတွေရောက သဘောတူ ကြသတဲ့၊ ဒါနဲ့ မဲလိပ်တွေလိပ်ပြီး လှေသူကြီး ဦးတောပါ မဲနှိုက် ကြတာတဲ့ဟေ့၊ ဒီမှာတင် ရေစာကျွေးဖို့ မောင်ရှင် မဲကျတယ်ဆိုပဲ၊ ဒါကို လှေသူကြီးက စိတ်မကောင်းတော့ နောက်တစ်ခါထပ်ပြီး မဲနှိုက်ပြန်သတဲ့၊ ဒါလည်း မောင်ရှင်ပဲ မဲပေါက်တာတဲ့ဟေ့၊ သုံးကြိမ်နှိုက်တာ သုံးကြိမ်လုံး မောင်ရှင်ချည်း မဲကျတာဆိုပဲ၊ ဒါကြောင့် စကားတောင် ရှိပါရောလားကွ၊ 'ကံဆိုးသူ မောင်ရှင်'



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာလေ”

“ဒါနဲ့ မောင်ရှင်ကို ရေစာကျွေးရောလားဗျ”

“ဟ…ကျွေးရတော့တာပေါ့ကွ၊ လှေကြီးက ရေလယ်ခေါင်မှာ ထွက်လို့မှ မရတော့တာ၊ လှေသူကြီးရော လှေသားတွေရောက ကြောက်လန့်နေကြပြီလေကွာ”

“ရေစာကို ဘယ်လိုကျွေးတာတုံးဗျ လေးလေးဆိတ်ဖွားရဲ့”

ကိုဆိတ်ဖွားက နဂါးဆေးပေါ့လိပ်ကလေး သုံးလေးဖွာဖွာလိုက်ပြီးတော့မှ ဆက်ပြောတာဗျ။

“လှေသားတချို့က မောင်ရှင်ကို ခြေထောက်က ‘မ’ ကြတာပေါ့ကွာ၊ တချို့က ချိုင်းက ‘မ’ ကြတာပေါ့၊ မောင်ရှင်ကတော့ သူ့ရဲ့ စောင်းကြီးကို ပိုက်လို့ပေါ့ကွာ၊ ရေထဲကို ပစ်ချလိုက်ပေမယ့် ရေထဲကို မကျဘူးတဲ့ဟေ့”

“ဗျာ…ဘယ်လိုဗျ၊ ဘာလို့ ရေထဲမကျရတာတုံး”

ကျွန်းစောင့်နတ်သမီးနှစ်ပါးက မောင်ရှင်ကို ဆီးပွေ့ကြတယ်ဆိုပဲ၊ သူတို့လည်း ပွေ့လိုက်ရော မောင်ရှင်က လူစင်စစ်ကနေ ဘောင်းနားတောင်းတွေနဲ့ နတ်ဖြစ်သွားတာတဲ့ဟေ့”

“ဟာ၊ လူ့ဘဝကနေ နတ်စိမ်းတန်းဖြစ်သွားတာ ဟုတ်လားဗျ”

“ဟုတ်တယ်ကွ တာတေရ၊ မောင်ရှင်လည်း နတ်ဖြစ်





**ရော ရေထဲကနတ်မိကျောင်းကြီးတစ်ကောင်ပေါ်လာပြီး မောင်ရှင်က စောင်းကြီးပိုက်လျက်နဲ့ မိကျောင်းကြီးရဲ့ ကျောကုန်းပေါ်မှာ မတ်တတ်ရပ်လို့တဲ့ဟေ့။**

‘လှေသူကြီးရေ ပြန်ပေတော့၊ ကျုပ်ကတော့ ခင်ဗျားတို့မြင်ကြတဲ့အတိုင်း ဘဝပြောင်းသွားပြီ၊ ကျုပ်အမေကိုသာ ဖြစ်ကြောင်းကုန်စင် ပြောပြလိုက်ကြပေတော့’ လို့ ပြောလိုက်တော့ လှေကြီးလည်း ရေထဲမှာ ရွေ့လို့ရသွားရောဟေ့။ လှေကြီး ဒလပြန်ရောက်တော့ မောင်ရှင့်အမေ ဒေါ်ဖြူကို ဖြစ်ကြောင်းကုန်စင် ပြောကြရတာပေါ့လေ၊ အမေကြီးခမျာ ရင်ကွဲမတတ် ငိုရှာတာပေါ့ကွာ၊ နောက်တော့ အမေကြီးဒေါ်ဖြူက သူ့သားမောင်ရှင် သိပ်ကြိုက်တဲ့ အစားအစာတွေကို စဉ်းစားကြည့်သတဲ့၊ သူ့သား မောင်ရှင်က အငန်မကြိုက်ဘူး၊ ဆီမကြိုက်ဘူး ကောက်ညှင်းကြိုက်တယ်၊ ထန်းလျက်ကြိုက်တယ်၊ အုန်းသီးကြိုက်တယ်၊ ငှက်ပျောသီးကြိုက်တယ်၊ ကွမ်းယာကြိုက်တယ်ဆိုတာ တွေးမိလို့ ကောက်ညှင်း၊ အုန်းသီး၊ ငှက်ပျောသီး၊ ထန်းလျက်၊ လက်ဖက်၊ ကွမ်းယာတွေနဲ့ ပြင်ဆင်ပြီး သူ့သားမောင်ရှင်ကို သူကိုယ်တိုင် ဒလကနေ ပသတဲ့ဟေ့။ ဒါကို မိန်းမလှကျွန်းက နတ်ဦးရှင်ကသိလို့ နတ်မိကျောင်းကြီးပေါ်မှာ မားမားရပ်၊ စောင်းတော်ကိုပိုက်ပြီး သူ့အမေရှိရာဒလကို ကြွသတဲ့၊ ဟိုရောက်တော့ သူ့အမေ ကျေနပ်အောင် တင်တာမြှောက်တာတွေကို စားပြသတဲ့။ အမေကြီးဒေါ်ဖြူ



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ကတော့ သူ့သားကို မြင်ရတယ်ဆိုပဲ၊ အမေကြီးလည်း သူ့သားကို အောက်မေ့တော့ ကစ်နှစ်ကို နှစ်ခါ တန်ခူး၊ ကဆုန်မှာ တစ်ခါ၊ သီတင်းကျွတ်၊ တန်ဆောင်မုန်းမှာ တစ်ခါ နှစ်ကြိမ် ဆွမ်းတင်ပြီး ပင့်သတဲ့ဟေ့။ ပင့်တိုင်းလည်း နတ်ဦးရှင်က ကြွတယ်ဆိုပဲ၊ အမေ ကြီးလည်း အရောင်းအဝယ်လေး လုပ်ရင်းနဲ့ တစ်နေ့တခြား စီးပွားတွေဖြစ်လာလို့ ချမ်းချမ်းသာသာ ဖြစ်လာတယ်ဆိုပဲ။ ဒါနဲ့ သူကို သူ့သား မောင်ရှင်နတ် စောင့်ရှောက်လို့ ခုလိုကြီးပွားချမ်းသာ လာတဲ့အကြောင်း လူတွေကို ပြောပြတော့ တခြားသူတွေကပါ နတ်ဦးရှင်ကို ဝါဝင်တစ်ခါ၊ ဝါထွက် တစ်ခါ ဆွမ်းတင်ကြရော တဲ့ဟေ့၊ တကယ်က ဦးရှင်ကြီးက ရေငံပိုင်နတ်ကွ၊ ရေငံထိုးရဲ့ အရပ်ဒေသမှန်ရင် ဦးရှင်ကြီးအပိုင်စားရတာကွ၊ ဒါကြောင့် အောက်ပြည်အောက်ရွာကို လှေနဲ့တက်နဲ့ သွားလာလုပ်ကိုင်ရတဲ့ သူတွေက ဦးရှင်ကြီးတင်ပြီးမှ ခရီးထွက်ကြတာကွ၊ နောက်တော့ အညာဒေသက လူတွေရော၊ ရေငံဒေသက လူတွေရော အားလုံးက ဦးရှင်ကြီးကို ဝါဝင် ဝါထွက်မှာ တင်ကြမြှောက်ကြတော့တာပေါ့ကွာ၊ ဦးရှင်ကြီးကို ယုံကြည်ပြီး တင်တဲ့မြှောက်တဲ့သူတွေဟာ စီးပွားဖြစ်တယ်လို့ လူတွေကယုံပြီး တင်ကြတော့တာကွ တာတေရ"

"နို့ နေပါဦးဗျ လေးလေးဆိတ်ပွာ ရဲ့၊ ဦးရှင်ကြီးတင်ရင် အဘိုးဆိုတာကို တစ်ပွဲတင်ရတယ်လေဗျာ၊ ဦးရှင်ကြီးတင်တဲ့





ကျောင်းဆောင်မှာ အောက်အဆင့်လေးတစ်ခု လုပ်ထားပြီး အဘိုးကို တစ်ပွဲတင်ကြတယ်လေဗျာ၊ အဲဒီအဘိုးဆိုတာက ဘယ်သူမို့တုံးဗျ"

"ဟကောင် တာတေရ၊ အဘိုးဆိုတာ တခြားဟုတ်ပါရိုးလားကွ၊ ကရင်မှုဆိုးကြီး ဦးထော်လေကွာ၊ ဦးထော်က မသေခင်တည်းက တစ်ပွဲစားကြီး ဖြစ်နေတာတဲ့ကွ၊ သူလည်း လူတွေရှေ့မှာ အရှင်လတ်လတ်က သရဲကြီး ဖြစ်သွားကာတဲ့ဟေ့"

"ဟာ...ဒါဆိုရင် အဘိုးဆိုတာ သရဲပေါ့"

"အေး ဟုတ်တယ်လေကွာ"

"ဟာ ဒါဆိုရင် အဘိုးက နတ်စိမ်းတွေဖြစ်သွားတဲ့ ကလျာတို့ မာလာတို့ရဲ့ အရင်ဘဝက အဖေပေါ့"

"အေး ဟုတ်တယ်လေကွာ"

"ဟာ ဒါဆိုရင် အဘိုးက ဦးနှစ်ကြီးရဲ့ လူ့ဘဝက ယောက္ခထီးပေါ့ဗျ"

"အေး ဟုတ်တာပေါ့ တာတေရဲ့၊ လူလို အမျိုးစပ်ရင်တော့ အဘိုးက ဦးရှင်ကြီးရဲ့ ယောက္ခထီးပေါ့ကွ"

"နေဦးဗျ၊ အဘိုးကိုပင့်ရင့် ဦးရှင်ကြီးတင်တဲ့လူက အသံအကျယ်ကြီးနဲ့ အော်ကြတာ ဘာဖြစ်လို့တုံးဗျ"

"ဟ..အဘိုးက နားတော်တော်လေးတယ်လို့ ပြောတာပဲ တာတေရ၊ ဒါကြောင့် ဦးရှင်ကြီးတင်တဲ့လူက 'အဘိုး အဘိုး



www.burmeseclassic.com

www.burmeseclassic.com



အဘိုး' လို့ အသံကုန်အော်ပြီး ပင့်ကြရတာလို့ ပြောတယ်''

''တချို့က ဦးရှင်ကြီးကို မနက် အရုဏ်တက်မှာ တင်ကြပြီး တချို့က ညနေဘက် တင်ကြတယ်နော်၊ ဘာကွာလို့တုံးဗျ''

''ဒါကလည်း အယူအဆပါကွာ၊ တချို့က ပြောကြတာက ဦးရှင်ကြီးက မနက်အရုဏ်ပင့်မှ ကိုယ်တိုင်ကြွတာဆိုပဲ၊ ညနေဘက်ပင့်ရင် သူကိုယ်တိုင် မကြွဘဲ သူ့ရဲ့တပည့်လက်သားသရဲ တစ္ဆေတွေပဲ ကြွတယ်လို့ ယူဆကြတာကွ၊ ဒါကြောင့် တချို့က မနက်အရုဏ် တင်ကြတာ၊ တချို့ကတော့ ဒါကို မယုံဘူးကွ၊ ဒါကြောင့် ညနေဘက် ဆွမ်းတင်ကြတာ''

''သြော်…ဒီလိုလား''

လို့ ကျုပ်က ပြန်ပြောလိုက်ရင်း မိန်းမလှကျွန်းအကြောင်းကို တွေးနေမိတာဗျ။

''တာကြောင့်ဘယ်လိုတုံး၊ မင်း ငါနဲ့ အောက်ပြည်လိုက်ခဲ့မှာလား''

ကိုဆိတ်ဖွားက ကျုပ်ဆီက စကားကို အမိအရ တောင်းတော့တာဗျို့။

''လိုက်မယ်ဗျာ၊ ဒါပေမဲ့ ကျုပ်ကို မိန်းမလှကျွန်းကို လိုက်ပို့ပေးရမယ်နော်''

''ဟာ ဒီအတွက်တော့ စိတ်ချပါကွာ၊ ငါ မင်းကို မိန်းမလှကျွန်းရောက်အောင် လိုက်ပို့ပေးပါ့မယ်၊ မိန်းမလှကျွန်းတင်မကဘူး





ကွာ၊ ကျွန်းညိုကြီးက ကျွန်းညိုရွာအထိပါ ပို့ပေးမယ်၊ ကဲ ကြိုက်ပြီလား''

ဒီလိုနဲ့ ကျုပ် ကိုဆိတ်ဖွားနဲ့ လိုက်ခဲ့တော့တာပေါ့ဗျာ။ အညာကနေ ကားနဲ့ ရန်ကုန်ကိုဆင်း၊ ရန်ကုန်ရောက်တော့ လမ်းမတော် သင်္ဘောဆိပ်ကနေ နှစ်ထပ်သင်္ဘောကြီးစီးပြီး ဘိုကလေးကို သွားရတာပေါ့ဗျာ။ ရန်ကုန်က ညနေထွက်တဲ့ သင်္ဘောက ဘိုကလေးကို မနက်အစောကြီး ရောက်တာဗျ။ ဘိုကလေးရောက်တော့ စက်လှေလေးစီးပြီး ရွာကို သွားကြရပြန်ရောဗျို့။ ကုန်းခေါင်ခေါင်မှာ နွားလှည်းစီးနေတဲ့ အညာသားက ရေထဲမှာ မောင်းနေတဲ့ စက်လှေစီးနေရတော့တာပေါ့ဗျာ။ စက်လှေမှာ တပ်ထားတဲ့ အင်ဂျင်စက်သံက နားထဲမှာကို ဆူညံနေတာဗျို့။ ကိုဆိတ်ဖွားနဲ့ ကျုပ်နဲ့ စကားပြောရင် နားနားကပ်ပြီး ကျယ်ကျယ်ပြောရတာဗျ။ နေ့လည် ဆယ့်နှစ်နာရီလောက်မှာ ကိုဆိတ်ဖွား သွားတဲ့ရွာကို ရောက်တယ်။ စာဆွဲမြစ်ထဲက ရွာတွေပေါ့ဗျာ။ လေးအိမ်တန်းတို့၊ အုန်းပင်စုတို့၊ ကနစိုချောင်းတို့၊ ပန်းမခံတို့၊ ဝဲကြီးတို့၊ တုံးလုံတို့ ဆိုတဲ့ ရွာတွေဗျ။ ရွာနာမည်တွေကတော့ ကျုပ်တို့ အညာရွာတွေနဲ့ မတူဘူးဗျ။ သူ့အရပ် သူ့ဓလေ့နဲ့ မှည့်ထားတဲ့ ရွာနာမည်တွေပေါ့ဗျာ။ ကျုပ်တို့ သွားတာက ဝဲကြီးဗျ။ ဝဲကြီးမှာက ကိုဆိတ်ဖွားရဲ့ မိတ်ဆွေတွေရှိတယ်။ သူလာနေကျ ငါးဖိ ငါးခြောက် ဝယ်နေကျပေါ့ဗျာ။ ဝဲကြီးလို့ ခေါ်တာက



www.burmeseclassic.com

www.burmeseclassic.com



အဲဒီရွာနဲ့ ဓားလွယ်ခုတ်လောက်မှာ ဝဲကြီးတစ်ခု ရှိလို့ဗျ။ စက်တပ်လှေတွေကတော့ ဝဲကို ဖြတ်မောင်းကြတာပေါ့ဗျာ။ လက်လှော်လှေလေးတွေ၊ ခတ်ဘောက်တူလေးတွေကတော့ ဝဲကို ကွေ့ပတ်သွားကြရတာဗျ။

ဝဲဆိုတာက မြစ်ကြီးထဲမှာ ရေတွေလည်ပြီး ကန့်တော့ကြီး ထိုးဝင်နေတာဗျ။ ဝဲရှိတဲ့ နေရာမှာ ရေက လည်နေပြီး အောက်ကို ချိုင့်ဝင်နေတာဗျို့။ ဝဲကလည်း နှစ်မျိုးရှိတယ်ဆိုပဲ။ စုပ်ဝဲနဲ့ မှုတ်ဝဲ တဲ့ဗျ။ စုပ်ဝဲက မြစ်အောက်ခြေရောက်တဲ့အထိ စုပ်ချသွားတာတဲ့ဗျ။ မှုတ်ဝဲကတော့ အပေါ်ကို မှုတ်တင်ပေးတာဆိုပဲ။ ဒါပေမဲ့ ဒီဝဲတွေက ခပ်သေးသေးဆိုရင် အန္တရာယ်မရှိပေမယ့် ဝဲအကြီးကြီးတွေကျတော့ တော်တော်ကို အန္တရာယ်ကြီးတာဆိုပဲ။ စက်တပ်လှေတွေ၊ မော်တော်ဘုတ်ကလေးတွေတောင် စက်ကုန်ဖွင့်ပြီး ရုန်းထွက်လို့မရဘူးတဲ့ဗျို့။ ရေအောက်ကို ဆွဲချသွားတာတဲ့ဗျာ။

အခု ကျုပ်တို့ ရောက်နေတဲ့ ဝဲကြီးရွာက ဝဲကတော့ ဒီနယ်မှာ နာမည်အကြီးဆုံးတဲ့ဗျို့။ တစ်နှစ် တစ်ခါ၊ နှစ်နှစ် တစ်ခါ လူစားတယ်ဆိုပဲဗျ။ လူစားတော့မယ်ဆိုရင် ဝဲကြီးက ရေတွေလည်တာ ပိုမြန်လာပြီး အော်သံကြီး ထွက်လာတာတဲ့ဗျို့။

"ဝေါ၊ ဝေါ"

ဆိုတဲ့ အသံကြီးနဲ့ ဝဲကြီးက ထထအော်လာရင်တော့ သတိသာထားပေးတော့တဲ့ဗျို့။ လူစားတော့မှာဆိုပဲ။ တစ်ခါတလေ





လက်လှော်လှေလေးတွေက ဝဲနှုတ်ခမ်းနဲ့ ဝေးဝေးက လှော်သွားရင်တောင် ဝဲက ချက်ချင်းကျယ်လာပြီး လှေကို လိုက်ဆွဲတာဆိုပဲ။ တစ်ခါတလေ လှေပေါ်မှာပါတဲ့ သုံးလေးယောက်စလုံး သေတာဆိုပဲ။ တချို့ဆိုရင် အလောင်းပါ ပျောက်သွားတာတဲ့ဗျို့။

ဒါကို ဒီဒေသက လူတွေက အစောင့်လဲတာလို့ ပြောကြတယ်။ ဒီဝဲကြီးရဲ့အဆုံးမှာ နတ်မိကျောင်းကြီးတစ်ကောင် စောင့်တဲ့ သိုက်ကြီးရှိတယ်။ အဲဒီသိုက်ကြီးထဲမှာ ရွှေတွေ၊ ရတနာတွေဆိုတာ အများကြီးကို ရှိတာဆိုပဲဗျ။ ဥစ္စာစောင့်မ ချောချောလေးတွေလည်း ရှိတယ်ဆိုပဲ။ အဲဒီသိုက်က လူလဲချိန်ရောက်ရင် ဝဲကြီးက အသံတွေမြည်လာပြီး လူစားတော့တာပဲတဲ့ဗျို့။

ကျုပ်တို့စီးလာတဲ့ 'မေခလာ' ဆိုတဲ့ စက်လှေလေးကတော့ ဒီဝဲကြီးကို ဖြတ်မောင်းလာတာပါပဲဗျာ။ ကျုပ်တို့ရောက်တဲ့အချိန်ကတော့ ဝဲက ငြိမ်လို့ဗျ။

"ဟာ ဆိတ်ဖွား၊ လာကွာ၊ ခုတလော မင်းကို ငါ သတိရနေတာ၊ ငါတောင် ငါ့မိန်းမ စိန်မြကို ပြောနေတာ၊ ဟိုကောင် ဆိတ်ဖွားများ ရောက်လာမလားမသိဘူး စိန်မြရေ၊ ငါ ခုတလော ဆိတ်ဖွားကို အားကြီးသတိရနေတယ်လို့ ပြောမိတာ နှစ်ခါ သုံးခါ တောင် ရှိပြီကွ၊ ကဲ လာကြ၊ လာကြ"

ကိုဆိတ်ဖွားရဲ့ မိတ်ဆွေ ကိုရွှေဒိုး ဆိုတာက တော်တော် ကိုခင်ဖို့ကောင်းတဲ့ ပုံပဲဗျ။ ကိုရွှေဒိုးရဲ့ မိန်းမ မစိန်မြကလည်း



www.burmeseclassic.com

www.burmeseclassic.com

တော်တော်သဘောကောင်းပုံဗျ။ ကျုပ်တို့ရောက်တော့ သူတို့လင်မယားမှာ ပျော်လို့ဗျာ။

"ရွှေဒိုးရေ··ဒီတစ်ခေါက်တော့ ငါ ငါးပိရော ငါးခြောက်ရော တော်တော်များများ ဝယ်မလို့ကွ၊ ဒါကြောင့် ဟောဒီက မောင်တာတေကိုတောင် အဖော်ခေါ်ခဲ့တာ"

"အေး ဝယ်တာတော့ ဟုတ်တယ်ကွ ဆိတ်ဖွားရ၊ မင်းလိုသလောက် ကုန်တွေရဖို့တောင် အိပ်မလွယ်ဘူးထင်တယ်၊ တော်တော် ဝေးဝေးမှာ သွားဝယ်ရမှာ၊ ဒါပေမဲ့ မပူပါနဲ့သူငယ်ချင်းရာ၊ ငါ ရအောင်ဝယ်ပေးပါ့မယ်"

"ဒီမှာက ဘာလို့ ကုန်များများ မရနိုင်တာတုံးကွာ၊ ရေပိုးရေမွှား ရှာတဲ့သူတွေ နည်းသွားလို့လား"

"နည်းသွားတာ မဟုတ်ဘူးဟေ့၊ ညဘက်ကို ထွက်ပြီး မရှာဝံ့ကြတာ၊ အရင်လို ညဘက်ထွက်ပြီး ပိုက်ထောင်တဲ့ကောင်တွေ၊ တန်းချတဲ့ကောင်တွေ၊ လက်ထွန့်ပစ်တဲ့ကောင်တွေ၊ လတာထဲ ငါးမွေထိုးချိတ်တဲ့ကောင်တွေ ထွက်ကို မထွက်ဝံ့တော့တာကွ ဆိတ်ဖွားရ"

"ဟေ···ဘာဖြစ်လို့တုံး ရွှေဒိုးရဲ့၊ ဓားပြတွေ ဘာတွေ ထနေလို့လား"

"ဓားပြမဟုတ်ဘူး တော်ရေ၊ မိကျောင်း၊ မိကျောင်း မိကျောင်း သောင်းကျန်းနေတာ ကိုဆိတ်ဖွားရေ၊ မိကျောင်းမှ





နည်းတဲ့အကောင်ကြီး မဟုတ်ဘူးတော်၊ ဟိုတစ်နေ့ကတင် ဟောဒီရှေ့က ဝဲကြီးထဲမှာ 'ဝုန်း'ကနဲ ထပေါ်လာတာ တော်ရေ၊ မြင်တဲ့လူတွေ မြင်လိုက်ကြရတယ်၊ တချို့ကတော့ နတ်မိကျောင်းကြီးလို့ ပြောကြသတော့"

"ဟာ ဟုတ်လား အရီး"

ကျုပ်က အံ့သြပြီး မစိန်မြကို မေးလိုက်တာဗျ။

"ဟုတ်ပ့ါ မောင်တာတေရယ်၊ ခေါင်းကြီးကတင် စပါးငါးဆယ်ဝင်ပုတ်လောက် ရှိကယ်တဲ့ဟေ့"

"ဟာ ဒါဆိုရင် လူကောင်းကောင်း စားနိုင်တာပေါ့ အရီးရဲ့"

ကျုပ်က တော်တော်ကို စိတ်ဝင်စားနေပြီဗျ။

"စားနိုင်လို့ပဲ စားနေတာပေါ့ မောင်တာတေရဲ့၊ အခုပဲ နှစ်ယောက် ရှိနေပြီလေ"

"ဗျာ၊ ဟုတ်လား အရီးရဲ့"

"ဟုတ်တယ် မောင်တာတေရဲ့၊ တစ်ယောက်က ငါ့သူငယ်ချင်း စိန်ထွေး ဆိုတဲ့ကောင် ပါသွားတာ၊ အခုထိကို အလောင်းရှာလို့ မရပါဘူးကွာ"

"ဟေ···ဟုတ်လား ရွှေဒိုး၊ ဒါဆိုရင် ဒီမိကျောင်း တော်တော်ကို ဆိုးနေတာပေါ့ကွ"

"အေးကွ ဆိတ်ဖွားရ၊ မင်းလာတဲ့အချိန်နဲ့ တော်တော်ကို



www.burmeseclassic.com

www.burmeseclassic.com



တိုက်ဆိုင်နေတာပေ့ါ၊ ဒါပေမဲ့ ငါ့သူငယ်ချင်း မပူပါနဲ့ကွာ၊ မင်းလိုချင်တဲ့ကုန်တွေ အပြည့်အစုံရအောင် ငါဝယ်ပေးလိုက်ပါ့မယ်''

ကိုရွှေဒိုးက ကိုဆိတ်ဖွားကို အားပေးစကားပြောလို့ဗျ။ တော်တော်ကို သူငယ်ချင်း ဗိသတဲ့လူပါဗျာ။

''နေပါဦးဗျ လေးလေးရွှေဒိုးရဲ့၊ လေးလေးသူငယ်ချင်းကို မိကျောင်းက ဘယ်ကိုဆွဲသွားတာတုံးဗျ''

ကျုပ်ကတော့ သူတို့ပြောနေတဲ့ ငါးပိတွေ၊ ငါးရံ့ခြောက်တွေ၊ ငါးခုံးမခြောက်တွေ၊ ငါးမြွေထိုးခြောက်တွေ စိတ်မဝင်စားဘူးဗျ။ မိကျောင်းပဲ စိတ်ဝင်စားနေတာ။

''ဒီလို မောင်တာတေရေ၊ အဲဒီညက လဆန်းသုံးရက်ကွ၊ ကောင်းကင်မှာက လလေးကွေးကွေးလေးပဲရှိတာ၊ မှုန်တိမှုန်ဝါးလေးပေါ့ကွာ၊ ငါ့သူငယ်ချင်း စိန်ထွေးက ဘဲတွေမွေးထားတာ၊ သူ့မှာ ဘဲခြံရှိတယ်၊ ဘဲခြံဆိုတာက ရေစပ်မှာ ဆောက်ကြတာလေကွာ၊ ညသန်းခေါင်လောက်ရောက်တော့ ဘဲခြံဘက်က ဘဲတွေ အော်သံကြားလို့ စိန်ထွေးက သူ့ဘဲခြံကို သူခိုး ဝင်ခိုးတယ်ထင်ပြီး မှန်အိမ်လေးတစ်လုံးနဲ့ ဆင်းကြည့်တာတဲ့ပေ့ါ၊ လက်ထဲမှာလည်း လှံတစ်ချောင်း ကိုင်သွားတယ်တဲ့၊ သူ့မိန်းမ မိကြည်ကတောင် လှမ်းပြောလိုက်သေးဆိုပဲ။

'ကိုစိန်ထွေး သတိထားနော်၊ လူဆိုရင် ကိုယ့်ကို လုပ်သွားဦးမယ်'





'အေးပါ၊ မိကြည်ရာ'

လို့ စိန်ထွေးက ပြန်ပြောပြီး ဘဲခြံဘက်ကို ဆင်းသွားရောတဲ့ပေ့ါ၊ ခဏကြာတော့ သူ့မိန်းမ မိကြည်က 'ဝုန်း' ဆိုတဲ့ ရေသံကြီး ကြားလိုက်ရသတဲ့ပေ့ါ၊ ဒါနဲ့…

'ကိုစိန်ထွေး၊ ကိုစိန်ထွေး'

ခေါ်ကြည့်တော့ ဘာသံမှ မကြားတော့ဘူးတဲ့ကွ၊ ပြန်လည်းမထူးတော့ ဘာများဖြစ်တာလဲမသိဘူးဆိုပြီး သူတို့အိမ်နဲ့ မနီးမဝေး နေကြတဲ့ အိမ်တွေကို လှမ်းခေါ်နိူးတယ်ဆိုပဲ၊ ဒီမှာတင် အိမ်နီးချင်းတွေလည်း နိုးလာပြီး…

'ဒွေးလေးမကြည် ဘာဖြစ်လို့တုံး'

'ဟဲ့…လာကြစမ်း၊ ဒီမှာ နင်တို့ဦးလေး ဘာဖြစ်တယ် မသိဘူး၊ ခေါ်တာလည်း ပြန်မထူးဘူး'

လို့ ပြောတော့ အိမ်နီးချင်းက ယောက်ျားတွေ လေးငါးခြောက်ယောက် ရောက်လာပြီး ဓာတ်မီးတွေနဲ့ ထိုးရှာကြတာပေါ့ကွာ၊ စိန်ထွေးကိုတော့ အရိပ်အယောင်တောင် မတွေ့တော့ဘူးတဲ့ပေ့ါ၊ ဒါပေမဲ့ ရေစပ်မှာ စိန်ထွေး ကိုင်သွားတဲ့ မှန်အိမ်နဲ့ လှံနဲ့ တွေ့တယ်တဲ့၊ ပြီးတော့ သွေးကွက်ကြီးတွေ တွေ့ရသတဲ့၊ အဆိုးဆုံးကတော့ စပါးတစ်ရာပါ ဘောက်တူလောက်ရှိတဲ့ မိကျောင်းဗိုက်ပုံကြီးတဲ့ပေ့ါ၊ ရေထဲကို ပျော့ဆင်းသွားတဲ့အရာကြီးမှ မြောင်းလိုကို ဖြစ်ကျန်ခဲ့တာတဲ့ မောင်တာတေရေ။



www.burmeseclassic.com

www.burmeseclassic.com



နောက်**နေ့ကျ**တော့ တစ်ရွာလုံး သိသွားပြီး **စာဆွဲမြစ်ထဲ** မှာ လှေတွေနဲ့ **စိန်ထွေးအလောင်း**ကို လိုက်ရှာကြတာမှ **နေရာအနှံ့** ပါပဲကွာ''

''မိကျောင်းက တစ်ခါတည်း စားပစ်လိုက်မှာပေါ့ လေးလေးရ''

ကျုပ်ကလည်း ကျုပ်ထင်တဲ့အတိုင်း မေးကြည့်တာပေါ့ဗျာ၊ လေးလေးကိုရွှေဒိုးက ခေါင်းခါပြပြီးမှ ပြောတယ်ဗျ။

''မဟုတ်ဘူး မောင်တာတေရဲ့၊ မိကျောင်းတွေရဲ့ သဘာဝမှာ ကိုက်သွားတဲ့လူကို တစ်ခါတည်း အကုန်စားခဲ့တယ်၊ လတာပြင်မှာ တူးပြီးမြှုပ်ထားတတ်တယ်ကွ၊ ပြီးတော့မှ လာပြီးစားတတ်တာ''

''ဪ…ဒီလိုလား''

''အေး ဟုတ်တယ်၊ ဒါပေမဲ့ အခုအကောင်က အကြီးကြီး ဆိုတော့ တစ်ခါတည်း စားပစ်လိုက်တာလည်း ဖြစ်ချင်ဖြစ်မှာပေါ့ ကွာ''

''အဲဒါ တော်တော်ကြာပြီလားကွ''

ကိုဆိတ်ဖွားက ဝင်ပြီးမေးတာဗျ။

အိမ်ရှင်တွေကျွေးတဲ့ ထမင်းတွေ ဟင်းတွေကို ဆာဆာနဲ့ စားသောက်ပြီးတော့ ကျုပ်က အညာက ပါလာတဲ့ နဂါးဆေးပေါ့ လိပ်ကလေးတစ်လိပ်ထုတ်ပြီး မီးညှိတယ်ဗျ။ ဆေးလိပ်ကလေး





ဖွာရင်း ဒီအကြောင်းကိုပဲ ဆက်ပြောကြတာဗျို့။

''စိန်ထွေးကို မိကျောင်းဆွဲသွားတာ၊ **တစ်လလောက်** တော့ ရှိပြီကွ''

''နေပါဦး ရွှေဒိုးရ၊ မစိန်မြ ခုနကပြောတာ နှစ်ယောက်ပါ၊ နောက်တစ်ယောက်က ဘယ်လိုဖြစ်ဘာတုံး''

''နောက်တစ်ယောက်က မိန်းမကွ၊ မယ်ညွန့်လို့ ခေါ်တယ်၊ စာဆွဲမြစ် ဟိုအောက်ဘက်မှာနေကာ၊ ညဆယ်နာရီလောက် ဗိုက်နာလို့ အိမ်သာထတက်တာတဲ့ဟေ့၊ အိမ်သာထဲမှာ မီးခွက် တစ်လုံး ထွန်းလို့တဲ့၊ ဒီအရပ်က အိမ်သာတော်တော်များများက ရေစပ်မှာ ဆောက်ကြတာလေ ဆိတ်ဖွားရာ၊ ငါတို့သာ မဆောက် တာကွ''

''အေး ဟုတ်တယ်လေ၊ ရေစပ်က ကျူတော ကိုင်းတော ကြားမှာ အိမ်သာလေးတွေ ဆောက်ကြတာပဲဟာ''

''အေး၊ အဲဒါ မယ်ညွန့်က အိမ်သာထဲမှာ မီးခွက်ကြီးနဲ့ သူ့ယောက်ျားက အိမ်သာနဲ့ မလှမ်းမကမ်းက ကုက္ကိုပင်အောက်မှာ စောင့်လို့တဲ့ဟေ့။

'ဟဲ့ မယ်ညွန့်ရဲ့၊ မပြီးသေးဘူးလားဟဲ့၊ ငါ အိပ်ချင်နေပြီ ဟဲ့'

'နေစမ်းပါဦး ကိုစံပရယ်၊ ဒီမှာ ဗိုက်ထဲရစ်နာနေရတဲ့ ကြားထဲတော်'



www.burmeseclassic.com

www.burmeseclassic.com



လို့ ပြောလိုက်ပြီးတော့ မကြာဘူးတဲ့ဟော့ 'ဝုန်း' ဆိုတဲ့ ရေသံကြီးကြားပြီး အိမ်သာကို မိကျောင်းအမြီးကြီးက ရိုက်ချလိုက်တာတဲ့ဟော့။ အိမ်သာရော မယ်ညွန့်ရော ရေထဲပါသွားရောပေါ့ကွာ၊ သူ့ယောက်ျား စံပ မြင်လိုက်တဲ့ အမြီးမည်းမည်းကြီးက လောင်းလှေကြီးတစ်စီးစာလောက် ရှိတယ်ဆိုပဲ၊ ဆိတ်ဖွားရဲ့"

ကျုပ်မျက်စိထဲမှာတော့ လူရော အိမ်သာရော ရိုက်ချသွားတဲ့ မိကျောင်းအမြီးမည်းမည်းကြီးကိုပဲ မြင်နေတော့တာပေါ့ဗျာ။

"နေပါဦး လေးလေးရွှေဒိုးရဲ့၊ အဲဒီ မမယ်ညွန့်အလောင်းရော လိုက်ရှာကြသေးလားဗျ"

"ဟာ ရှာပါပြီလား မောင်တာတေရယ်၊ ဘယ်မှာမှ မတွေ့ပါဘူးကွာ၊ ရွာထဲကလူတွေကတော့ ပြောကြတာပေါ့၊ နတ်မိကျောင်းသိုက်က လူစားလဲဖို့ လာခေါ်သွားတာတို့ ဘာတို့ပေါ့ကွာ၊ ပြီးတော့ စိန်ထွေးရော မယ်ညွန့်ရောကို ကိုက်သွားတာ ရိုးရိုးမိကျောင်း မဟုတ်ဘူး၊ နတ်မိကျောင်းကြီးတို့ ဘာတို့ပေါ့ကွာ၊ တချို့ရွာတွေမှာကျတော့ ဒါထက်တောင် ပိုပြီးပြောကြဆိုကြတာဟော့"

"ဟင်၊ ဘာတွေပြောလို့တုံး လေးလေးရဲ့"

"ဘာတွေပြောတုံးဆိုရင် နတ်မိကျောင်းကြီးက လူယောင်ဖန်ဆင်းနိုင်တယ်တဲ့ဟော့၊ ဟိုတလောက စာဆွဲမြစ်အောက်ပိုင်းက ပိုက်စုဆိုတဲ့ရွာက ကိုဘမောင် ဆိုတဲ့လူရဲ့လှေနဲ့ လှေကြုံလိုက်လာ





တဲ့ လူတစ်ယောက်၊ ဟောဒီရွာက ဝဲကြီးနားရောက်တော့…

'သွားပြီ၊ ကိုဘမောင်ရေ'

လို့ အော်ပြီး ဝဲကြီးထဲကို ခုန်ချသွားရောဆိုပဲ"

"ဟင် တကယ်ဟုတ်လို့လားဗျ"

"ပြောသားဆိုတဲ့အတိုင်း ကား ကားလာတာပေါ့ မောင်တာတေရယ် တကယ်တော့ ဟုတ်ပါ့မလားကွာ၊ အခုဆိုရင် ရွာထဲကို လူစိမ်းတစ်ယောက် ဝင်လာရင် အားလုံးက မြူးပြပြီး လိုက်ကြည့်နေကြတာကွ၊ ဒါ လူမှဟုတ်ရဲ့လား၊ နတ်မိကျောင်းကြီးများ လူယောင်ဆောင်လာတာလားဆိုပြီး တွေးကြတာဟော့၊ တချို့က လည်း မိကျောင်းဆိုတာ အားကြီးညီတာတဲ့ကွ၊ လူယောင်ဆောင်လည်း ညီနဲ့ နံတာပဲဆိုပြီး လူစိမ်းတွေ့ရင် နှာခေါင်းလေး ရှုံ့မှုရှုံ့မှုလုပ်ပြီး အနံ့တွေဘာတွေ ခံကြည့်ကြရောဟော့"

"ဟား၊ ဟား၊ ဟား၊ ဟား၊ တော်တော်တော့ ခက်နေပြီပဲ လေးလေးရွှေဒိုးရာ"

ကျုပ်လည်း မနေနိုင်တော့လို့ အော်ရယ်မိလိုက်ရောဗျို့။

"အခုတော့ မိကျောင်း ငြိမ်နေတာပေါ့၊ ဟုတ်လား ဒိုး"

"ဟာ မငြိမ်ဘူး ဆိတ်ဖွားရဲ့၊ လွန်ခဲ့တဲ့ သုံးရက်ကပဲ ချိုင်းကုန်းမှာ မြှုပ်ထားတဲ့ အလောင်းကို တက်ပြီးဖော်စားသွားတယ်ကွ"



www.burmeseclassic.com

www.burmeseclassic.com



"ဟော…ဘယ်လို ဘယ်လိုကွ ရွှေဒိုးရဲ့"

"ဒီလို ဆိတ်ဖွားရေ၊ မင်းနဲ့ ငါ မြစ်ခွဆုံကြီးဘက်ကို လှေနဲ့ သွားဖူးတယ်လေကွာ၊ အဲဒီတုန်းက မင်းကို ငါ ပြတယ်လေ၊ ဒါ ငါတို့ရွာတွေရဲ့ သချိုင်းလို့တောင် ပြောသေးတယ်လေ"

"အေး အေး၊ မှတ်မိတယ်၊ မှတ်မိတယ်၊ မြစ်ခွဆုံကြီး နေရာက ရေလယ်ကျွန်းကြီးပေါ်မှာလေ"

"အေး ဟုတ်တယ်၊ ဟုတ်တယ်၊ အဲဒီကျွန်းက ဘယ်တုန်းကတည်းက ရှိနေတာတုံးတော့ မပြောတတ်ဘူးကွ၊ ငါတို့ ဝဲကြီး [illegible]၊ ပန်းမခုံရယ်၊ တုံးလှဲရွာရယ်က လူသေရင် ဒီသချိုင်းမှာပဲ သင်္ဂြိုဟ်ကြတာလေကွာ၊ ရှေးလူကြီးတွေ စိုက်သွားတဲ့ ကုက္ကိုပင်ကြီးတွေမှ ညို့နေတာလေ၊ မင်းတွေ့ပါတယ်"

"အေး တွေ့ပါတယ် ရွှေဒိုးရာ၊ မင်းတောင် ပြောသေးတယ်လေ၊ ရေလယ်ကျွန်းသချိုင်းဆိုတာမို့လား"

"အေး၊ အဲဒီသချိုင်းမှာ တချို့က မြေမြှုပ်တယ်၊ တချို့က ဂူသွင်းတယ်၊ တချို့ကတော့လည်း မီးသင်္ဂြိုဟ်ကြတယ်ပေါ့ကွာ၊ အဲဒါ ဟိုတစ်နေ့က ပန်းမခုံက ဦးထွန်းဆိုတဲ့ လူကြီးတစ်ယောက် သေလို့ ဒီမှာလာပြီး သင်္ဂြိုဟ်ကြတာ၊ သူတို့က မြေမြှုပ်တာလေ၊ နောက်နေ့ သူတို့အမျိုးတွေ ရောက်လာလို့ မြှုပ်ထားတဲ့ မြေပုံကို လာပြတော့ အလောင်းမရှိတော့ဘူးကွ၊ မြေပုံကိုတူးပြီး အထဲက အခေါင်းကို ဆွဲဖော်ထားတာတဲ့ဟေ့၊ သစ်သားခေါင်းကြီးက



ကြိုးပဲ ကျန်ရစ်ခဲ့ပြီး အထဲကအလောင်းက မရှိတော့ဘူး၊ သချိုင်းထဲမှာလိုက်ရှာတော့လည်း ဘယ်မှာမှမတွေ့ဘူးတဲ့ဟေ့၊ မိကျောင်းဖိုက်ရာကြီးပဲတွေ့သတဲ့ အဲဒီနေ့က ပန်းမခုံသားတွေ လှေတွေနဲ့လာပြီးကြည့်ကြတာ မြစ်ထဲမှာလှေတွေကို ပြည့်လို့"

"ဟာ တော်တော်ကို ဆိုးနေတာပဲ ရွှေဒိုးရာ"

"အေး၊ မနက်ဖြန်မှာ တုံးလှဲက အသုဘတစ်ခု သင်္ဂြိုဟ်လိမ့်မယ်၊ သူတို့လည်း မြေမြှုပ်မှာပဲ၊ စောစောကပဲ ကျင်းတူးမယ့်ကောင်တွေ သွားကြတာ တွေ့တယ်၊ ငါ့စိတ်ထင်တော့ မိကျောင်းက လာပြီးဖော်ဦးမှာပဲကွ"

လေးလေးရွှေဒိုးက ပြောတော့ ကျုပ်က ပြောလိုက်မိဘာဗျ။

"ကျုပ်ဖြင့် အဲဒီသချိုင်းထဲမှာ ညအိပ်ပြီးတောင် စောင့်ကြည့်ချင်တယ်ဗျာ"

"ဟော၊ မင်း တကယ်ကြည့်ချင်တာလား၊ ကြည့်ရောကြည့်ရဲပါ့မလားကွ"

လေးလေးရွှေဒိုးက ကျုပ်ကို ရယ်ပြီးမေးတာဗျ။

"ရွှေဒိုးရေ၊ မင်းက တာတေ့အကြောင်းမှ မသိသေးပဲကိုးကွ"

ဆိုပြီး ကျုပ်အကြောင်းတွေ ပြောပြတော့တာပေါ့ဗျာ။ ဒီမှာတင် လေးလေးရွှေဒိုးရော သူ့မိန်းမ မစိန်မြရောက အံ့သြသွား

www.burmeseclassic.com

www.burmeseclassic.com



ကြရောဗျို့။

"မောင်တာတေ တကယ်စောင့်ကြည့်ချင်တယ်ဆိုရင် ယောဒီရွာမှာ မင်းလိုပဲ အင်မတန် စပ်စုချင်တဲ့ကောင်တစ်ကောင် ရှိတယ်ကွ၊ သူ့နာမည်က ဖိုးထောင်တဲ့၊ ငါ ဖိုးထောင်နဲ့ မင်းနဲ့ တွဲပေးလိုက်မယ်၊ မင်းတို့နှစ်ယောက် မနက်ဖြန်ညမှာ ရေလယ်ကျွန်းသင်္ချိုင်းမှာ စောင့်ကြည့်ကြပေါ့ကွာ"

"ဟာ ကောင်းတာပေါ့ဗျာ"

လို့ ကျုပ်က ပြောလိုက်တော့ လေးလေးရွှေဒိုးက ရွာ ...ိုင်းမှာနေတဲ့ ဖိုးထောင်ဆီကို လူလွှတ်ပြီး ခေါ်ခိုင်းရောဗျို့။

ဖိုးထောင်ဆိုတဲ့ကောင်က ကျုပ်နဲ့ ရွယ်တူပဲဗျ။ အရပ်က ပုပြတ်ပြတ်၊ လူဂိုင်းတောင့်တောင့်၊ ခေါင်းကဆံပင်က ကတုံးဆံတောက်လို့ခေါ်တဲ့ ဆံပင်အတိုနဲ့ဗျ။ လေးလေးရွှေဒိုးက ကျုပ်ကို ဖိုးထောင်နဲ့ မိတ်ဆက်ပေးပြီး အကျိုးအကြောင်း ပြောပြလိုက်တော့ ဖိုးထောင်က ကျုပ်ကို တော်တော်သဘောကျသွားပုံပဲဗျ။

နောက်နေ့ရောက်တော့ ဖိုးထောင်က ကျုပ်ကို လက်လှော်လှေတစ်စင်းနဲ့ လာခေါ်တယ်။ သူက နောက်က ပဲ့ကိုင်ပြီး ကျုပ်က လှေဦးက လှော်တက်တစ်ချောင်းနဲ့ လှော်ရတာပေါ့ဗျာ။

"တာတေ လာကွ၊ တုံးလုံ့က အသုဘ ချလာပြီ၊ ငါတို့ပါ တစ်ခါတည်း အသုဘ လိုက်ပို့ကြရအောင်၊ ဒါမှ သူတို့မြှုပ်တဲ့နေရာ သိရမှာကွ၊ ပြီးတော့ ညမိုးချုပ်သွားရင် မြစ်ထဲမှာက





အန္တရာယ်သိပ်များတယ်၊ အခုလိုအချိန်သွားပြီးတော့ ရေလယ်ကျွန်းသင်္ချိုင်းမှာ နေခဲ့တာက အကောင်းဆုံးပဲကွ"

ဟုတ်တယ်ဗျို့။ အောက်ဘက်ကနေပြီး အသုဘ ချလာတဲ့ ဆိုင်းသံ ကြားနေရတယ်။

"ဘိန်၊ ဘိန်၊ ဗ၊ ဘိန်၊ ထိ၊ ဘိန်၊ ဘိန်၊ ဗဘိန်ထိ၊ ဗေထိ၊ ဗေထိ၊ ဗေထိ၊ ဗေထိ၊ ချမ်း၊ ချမ်း၊ ချမ်း၊ တီ၊ တီ၊ တီ၊ တီ၊ တော်၊ တော် တီ"

အသုဘချဆိုင်းဗျ။ ပတ်မကြီးတီးသံ၊ လင်ကွင်းတီးသံ၊ နဲ့မှုတ်တဲ့ အသံတွေက စည်းဝါးတကျပေါ့ဗျ။ ဒါပေမဲ့ မြစ်ထဲက ထွက်လာတဲ့ အဲဒီအသံကြီးကို ကြားနေရတာကိုက ကြောက်စရာကြီးဗျ။

အသုဘပြင်ပြီး တင်ထားတဲ့လှေက အလယ်ကဗျ။ ရှေ့က လှေနှစ်စင်းက ကြိုးရှည်ရှည်နဲ့တွဲပြီး ရှေ့ကဆွဲသွားနေတာ။ ရှေ့က ဆွဲတဲ့ လှေတစ်စီးမှာ လှော်တဲ့လူက ဆယ်ယောက်စီလောက် ပါတယ်။ လူနှစ်ဆယ်လောက် လှော်တဲ့အားနဲ့ အသုဘတင်ထားတဲ့ လှေက ရွေ့ပါသွားတာပေါ့ဗျာ။

အသုဘလှေရဲ့ နောက်ဘက်မှာလည်း ကြိုးရှည်ရှည်နဲ့ ဆွဲထားတဲ့ လှေနှစ်စီး ပါသေးတယ်ဗျ။ အဲဒီလှေနှစ်စီးမှာလည်း တစ်စီးကို လူဆယ်ယောက်စီလောက် လှော်လို့ဗျ။ လှေနှစ်စီးဆို တော့ လူနှစ်ဆယ် လှော်တာပေါ့ဗျာ။ ဆိုင်းတီးတဲ့လူတွေက



www.burmeseclassic.com

www.burmeseclassic.com



သပ်သပ်လှေတစ်စီးနဲ့ အသုဘလှေနဲ့ မလှမ်းမကမ်းက ပါလာတာ။

နောက်ကလှေတွေက လူတွေက တစ်နေရာရောက်ရင်

"ဝေး"

လို့ ညာသံပေးပြီး လှေကို နောက်ဘက်ကို ပြန်လှော်ကြတာဗျို့။ အရှေ့က ဆွဲသွားတဲ့ လှေနှစ်စီးကလည်း အရှေ့ကို လှော်တာပေါ့ဗျာ။ နောက်က လှေနှစ်စီးကလည်း နောက်ကိုလှော်ဆိုတော့ အသုဘလှေက အလယ်မှာရပ်ပြီး အနောက် ပါသွားလိုက်၊ အရှေ့ ပါသွားလိုက်နဲ့ဗျို့။ ဒီအချိန်မှာ ဆိုင်းကလည်း...

"ထီ၊ ထီ၊ ထီ၊ ထိ၊ ချွမ်း၊ ချွမ်း၊ ချွမ်း"

ဆိုပြီး ခပ်ကြွမ်းကြွမ်း တီးပေးတာဗျ။ အသုဘလှေကြီးက ရေထဲမှာ အရှေ့ဘက် ပါသွားလိုက်၊ အနောက်ဘက်ကို ပါသွားလိုက်နဲ့ ဖြစ်နေတာပေါ့ဗျာ။

ဒါကို သူတို့အရပ်က ရေဖောင်ဆွဲတယ်လို့ ခေါ်ကြတာဗျ။ ကျုပ်ဖြင့် ဆိုင်းသံကြီး ကြားနေရပြီး ရေဖောင်ဆွဲနေတဲ့ အသုဘကြီးကို မြင်နေရတာ ကြက်သီးတွေတောင် ဖျန်းကနဲထလို့ဗျို့။

ရေဖောင်ဆွဲတဲ့လူတွေ ခြေကုန်လက်ပန်းကျတော့မှပဲ အသုဘကို ကောင်းကောင်းပို့ကြတော့တာဗျို့။ ဒါက အောက်ပြည်အောက်ရွာရဲ့ ဓလေ့တစ်ခုပေါ့ဗျာ။ ရေလယ်ကျွန်းကိုရောက်တော့





အဆင်သင့်တူးထားတဲ့ မြေကျင်းထဲကို အသုဘထည့်ပြီး မြေမြှုပ်သင်္ဂြိုဟ်ကြတယ်။ ညနေ လေးနာရီလောက်ရောက်တော့ တုံးလုံးရွာသားတွေ လှေလှော်ပြီး ပြန်ကြရောဗျို့။ ကျုပ်နဲ့ ဖိုးထောင်ကတော့ ပြန်မလိုဘာလိုလုပ်ပြီး လှေနဲ့ ရေလယ်ကျွန်း ဟိုဘက်မှာ သွားခိုနေလိုက်ကြတယ်။

လူတွေ တစ်ယောက်မှ မရှိတော့မှ ကျွန်းပေါ်ပြန်တက်ပြီး သင်္ချိုင်းထဲကို ဝင်လာခဲ့ကြတယ်။ ဖိုးထောင်က သူ့လှေကို ချုံပုတ်တွေထဲ ဆွဲသွင်းပြီး ဖွက်ထားလိုက်တယ်ဗျ။

ပြီးတော့ ကျုပ်တို့နှစ်ယောက် သင်္ချိုင်းကို အပေါ်စီးကနေ မြင်ရတဲ့ သရက်ပင်ကြီးတစ်ပင်ကို ရွေးလိုက်တယ်။ မိုးချုပ်တာနဲ့ ဖိုးထောင် ယူလာတဲ့ မုန့်ဆီကြော်တွေ စားလိုက်ကြတယ်။ ဖိုးထောင်တို့အိမ်မှာ နတ်တင်တဲ့ မုန့်ဆီကြော်တွေလို့ ပြောတယ်ဗျ။ နှစ်ယောက်သား စားသောက်ပြီး ဆေးလိပ် တစ်ယောက်တစ်လိပ် သောက်ကြတယ်။

"နေပါဦးကွ ဖိုးထောင်ရဲ့၊ ဒီမြစ်ကြီးကို စာဆွဲမြစ်လို့ ဘာလို့ခေါ်တာတုံးကွ"

ကျုပ်က စပ်စုမိပြန်ရောဗျို့။ ဖိုးထောင်က ဆေးလိပ်ကလေးဖွာလိုက်ပြီး ပြောပြတယ်။

"လူကြီးတွေ ပြောတာကတော့ အင်္ဂလိပ်တွေ အုပ်ချုပ်တဲ့ခေတ်ကတည်းက ဒီမြစ်ကြီးထဲမှာ မိကျောင်းတွေ မကြွေ့ခဲ့ [illegible]



www.burmeseclassic.com

www.burmeseclassic.com



သောင်းကြမ်းလွန်းလို့ မိကျောင်းသတိပေးတဲ့စာတွေ ဆွဲထားရလို့ စာဆွဲမြစ်လို့ ခေါ်တာတဲ့ တာတေရဲ့"

"ဩော် ဒီလိုလား၊ ဒါဆို ဒီစာဆွဲမြစ်က ဟိုးရှေးကတည်းက မိကျောင်းသောင်းကြမ်းတတ်တဲ့ နေရာပဲပေါ့"

"အေး ဟုတ်တယ်၊ ဒီစာဆွဲမြစ်က ရေချိုု ရေငန် ထိစပ်နေတဲ့ နေရာလေကွာ၊ ဒါကြောင့် မိကျောင်းကြိုက်တဲ့နေရာ ဖြစ်နေတာပေါ့ကွ၊ မိကျောင်း သောင်းကြမ်းတဲ့ရက်ဆိုရင် လှေတွေက ကမ်းကပ်ပြီး မလှော်ဝံ့ဘူးကွ၊ ရေလယ်က လှော်ကြရတာ"

"ယော…ဘာဖြစ်လို့တုံး ဖိုးထောင်ရဲ့၊ ရေလယ်ကလှော်ရင် မိကျောင်းက ပိုပြီးမဆွဲဘူးလားကွ"

"ဟာ မဟုတ်ဘူး တာတေရ၊ မိကျောင်းဆိုတာက သူခြေထောက် ထောက်လို့မီတဲ့နေရာမှာမှ လူကို အမြီးနဲ့ ရိုက်ချတာကွ၊ ရှေ့လက်နှစ်ချောင်းနဲ့ မြေကြီးမှာ ထောက်လိုက်ပြီး အမြီးနဲ့ ကွေးပြီးရိုက်ချလိုက်တာ၊ လူ ရေထဲကျပြီဆိုတော့မှ ပြေးပြီးဟပ်တာကွ၊ ဒါကြောင့် ရေလယ်မှာ မိကျောင်းအန္တရာယ် မရှိဘူး၊ ကမ်းစပ်က ပိုပြီးအန္တရာယ်များတယ်၊ ရေလယ်မှာ တစ်ခါတလေ လှေကို သူ့ကျောကုန်းနဲ့ ထမ်းတာတော့ ရှိတာပေါ့လေ၊ ဒါပေမဲ့ လှေမှောက်အောင် မထမ်းနိုင်ဘူးကွ"

"ဩော် ဒီလိုလား"

ညဦးနက်လာတော့ ဖိုးထောင်နဲ့ ကျုပ်နဲ့ သရက်ပင်ပေါ်ကို





တက်ခဲ့ကြရောဗျို့။ သရက်ကိုင်းကြီးပေါ်မှာထိုင်ပြီး ရေလယ်ကျွန်းသချိုင်းကို အပေါ်စီးက ကြည့်နေကြတာဗျ။

ကြယ်ရောင်နဲ့ လရောင် ဖျော့ဖျော့လေး လင်းနေတော့ သချိုင်းတစ်ခုလုံးကို မှုန်ဝါးဝါးလေး မြင်နေရတယ်။

ရေလယ်ကျွန်းရဲ့ အနောက်ဘက်မှာ ချောင်းဦးတိုလေး တစ်ခု ရှိတယ်ဗျ။ လူ့သူ့အရောက်အပေါက် မရှိတော့ ချောင်းကမ်းပါး နှစ်ဖက်မှာ ကျူတောကြီးတွေ ပေါက်နေလို့ ချောင်းတောင်ပျောက်နေတယ်တဲ့ဗျ။ ဖိုးထောင်ကတော့ မိကျောင်းကြီး အဲဒီချောင်းဦးတိုထဲမှာ နေလိမ့်မယ်လို့ပဲ ထင်နေတာဗျ။ သရက်ပင်ပေါ် ရောက်ကတည်းက အဲဒီချောင်းရှိတဲ့ဘက်ကိုပဲ ဖိုးထောင်က ကြည့်နေတော့တာဗျ။

"ဟာ သိပ်ဟုတ်တာပေါ့ တာတေရာ၊ ငါထင်တဲ့အတိုင်းပဲကွ၊ ဟိုမှာကြည့်စမ်း၊ ချောင်းဦးတိုဘေးမှာ ပေါက်နေတဲ့ ကျူတောကြီး လှုပ်နေပြီတွေ့လား၊ ဒီကောင်ကြီး အဲဒီထဲရှိတာ သေချာတာပေါ့ကွာ၊ အဲဒါ ဒီကောင့်အသိုက်ပဲကွ"

ဟုတ်တယ်ဗျို့။ ကျူတောကြီး လှုပ်ရမ်းနေတယ်ဗျို့။ ကျူပင်တွေကလည်း လူ့နှစ်ရပ်လောက်ကို ရှိတယ်ဗျ။ ကျူတောထဲက လူတစ်ယောက် ကျူပင်တွေဖြဲပြီး ထွက်လာနေသလိုဗျ။ ခဏကြာတော့…

"ဟာ မိကျောင်းကြီး ထွက်လာပြီ တာတေရေ"



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်ပါ့ဗျာ။ ကျူတောကြီးထဲက ခေါင်းမည်းမည်းကြီး ထွက်လာတာဗျို့။ အောင်မယ်လေးဗျာ၊ ခေါင်းကြီးက စပါးငါးဆယ် ဝင်ပုတ်ကြီးတစ်လုံးလောက်ကို ရှိတာဗျို့။ ဟာ ပါးစပ်ကြီး ဟထားလိုက်တာ အစွယ်ကြီးတွေမှ ဖွေးနေတာပဲဗျာ။ လရောင်လေးနဲ့မို့လို့ မြင်ရတာဗျ။ ဟော ရှေ့ကို ထွက်လာပြီဗျို့။ ထွက်လာပြီ။ လက်ကြီးတစ်ဖက် တစ်ဖက်ကို အုန်းပင်အဖျားပိုင်းလောက် ရှိတယ်ဗျို့။ မှောင်ထဲမှာ ရဲနေတဲ့ မျက်လုံးကြီးနှစ်လုံးက ကျူပ်စိတ်ထင် ဟင်းသောက်ပန်းကန်လုံးလောက် ရှိမယ်ဗျ။

မိကျောင်းကြီးက လက်ကြီးနှစ်ဖက်နဲ့ တွားပြီးသွားလိုက် ရပ်လိုက် လုပ်နေတာဗျ။

"တာတေ၊ မိကျောင်းကျောပေါ်ကို ကြည့်လိုက်"

"ဟေ အေးကွ၊ ထောင်ထောင်ကြီးတွေပါလား"

"အဲဒါ အလောင်းစင်လို့ ခေါ်တယ်ကွ၊ သူဟာသူနေရင် အဲဒီအလောင်းစင်က လဲနေတာလို့ ပြောကြတယ်၊ သားကောင်လိုက်ပြီဆိုတော့မှ အဲဒီအလောင်းစင်ကြီးက ထောင်လာတာတဲ့ကွ"

"ဟေ ဟုတ်လားကွ ဖိုးထောင်"

"အေး၊ လူကို ကိုက်ပြီးရင် အလောင်းကို အဲဒီအလောင်းစင်မှာတင်ပြီး နှစ်ဖက်ညှပ်ပြီးမှ ကူးသွားတာတဲ့ဟေ့"

"သြော်၊ ဒါကြောင့် အလောင်းစင်လို့ ခေါ်တာပဲကိုး"

ဟော လာပြီဗျို့။ နည်းတဲ့အကောင်ကြီးမှ မဟုတ်တာ





ဗျာ။ ကျူပ်စိတ်ထင်တော့ ခေါင်းကနေ အမြီးအထိ ဆယ့်ငါးပေလောက် ရှိမယ်ဗျ။ ကိုယ်လုံးကြီးက စပါးနှစ်ရာ့ငါးဆယ်ပါလှေလောက်ကို ရှိတာဗျ။ ဟော သွားပြီဗျို့။ နေ့ခင်းက မြှုပ်ထားတဲ့ မြေပုံကို တန်းသွားတာဗျာ။

ဟော ယက်ပြီဗျို့။ ရှေ့လက်တုတ်တုတ်ကြီးနှစ်ဖက်နဲ့ မြေကြီးတွေကို ယက်ထုတ်နေပြီဗျို့။ ဘာမှမကြာဘူးဗျ။ အပေါ်က ဖို့ထားတဲ့ မြေပုံပျောက်သွားပြီးတော့ မြေကျင်းပေါ်လာတယ်။ ဟော မိကျောင်းကြီးက ဆက်တူးနေပြီဗျို့။ ဟာ သစ်သားခေါင်းကြီး ပေါ်လာပြီဗျို့။ ဟာ မြေကျင်းထဲကို လက်ကြီးသွင်းပြီး သစ်သားခေါင်းကြီးကို ဖိတွန်းနေပြီဗျို့။

"ဂျွမ်း...ဖြောင်း"

ဟော ခေါင်းပျဉ်တွေ ကျိုးသွားပြီဗျို့။ ဟာ မြေကျင်းထဲကို မိကျောင်းရဲ့ခေါင်းကြီး ဝင်သွားပြီး ပါးစပ်ကြီးနဲ့ ကိုက်နေတာဗျို့။

ဟော ပါလာပြီဗျာ။ ပါလာပြီ။ သစ်သားခေါင်းကြီး မိကျောင်းရဲ့ ပါးစပ်ကြီးထဲမှာ တွဲလောင်းကြီး ပါလာပြီဗျို့။ မိကျောင်းက သစ်သားခေါင်းကြီးကို မြေကြီးပေါ် ပစ်ချလိုက်ပြီး သူ့ကိုယ်လုံးကြီးနဲ့ တက်ဖိတယ်ဗျို့။

"ဂျွမ်း၊ ဖြောင်း၊ ဂျွမ်း"

ဟော ခေါင်းကြီး ကျိုးပွဲပြီး အထဲက အလောင်းထွက်ကျ



www.burmeseclassic.com

www.burmeseclassic.com



လာပြီဗျို့။ ဟာ ကိုက်ပြီဗျို့။ အလောင်းကို သူ့ပါးစပ်ကြီးနဲ့ ဟပ်ယူလိုက်တယ်ဗျ။ ပါးစပ်ထဲမှာ ကန့်လန့်ကြီး ဖြစ်နေတဲ့ အလောင်းကိုကိုက်ပြီး ကားယား ကားယားနဲ့ ပြန်ထွက်သွားပြီဗျို့။ ဟော ဟော စောစောက ထွက်လာတဲ့ ကျူတောကြီးထဲကို တိုးပြီးပြန်ဝင်သွားပြီဗျာ။

"အဲဒီကျူတောကြီးနဲ့ ချောင်းဦးတိုလေးက သူ့အသိုက်ပဲကွ တာတောရ၊ သချိုင်းထဲက မြေမြှုပ်ထားတဲ့ အလောင်းကိုတောင် ရအောင်တူးယူနိုင်တဲ့ ဒီလိုမိကျောင်းမျိုးကို နှိမ်နင်းဖို့ဆိုတာ သိပ်တော့မလွယ်ဘူးကွ တာတောရ"

"ဟုတ်တယ် ဖိုးထောင်၊ စာဆွဲမြစ်ကြီးတစ်ကြောက ရွာတွေတော့ မလွယ်ဘူးဟေ့၊ ဒီကောင်က သေတဲ့လူရှိရင် ဖော်စားမယ်၊ သေတဲ့လူမရှိရင် မြစ်ရိုးထွက်ပြီး ရွာကလူတွေကို လိုက်ဆွဲပြီးစားမယ်ဆိုတဲ့ ပုံစံပဲကွ"

အဲဒီညက ကျုပ်နဲ့ ဖိုးထောင် ရေလယ်ကျွန်းသချိုင်းထဲမှာ မိုးလင်းခဲ့တာပေါ့ဗျာ။ မနက်ကျတော့ ကျုပ်တို့ တွေ့ခဲ့ မြင်ခဲ့တာတွေကို လေးလေးရွှေဒိုးကို ပြောပြတော့ လေးလေးရွှေဒိုးက ဝဲကြီးရွာသားတွေကို ဒီသတင်းဖြန့်လိုက်တယ်။

ဒီသတင်းက ဝဲကြီးကမှ ပန်းမခုံ၊ တုံးလုံ၊ ကနစိုချောင်း၊ အုန်းပင်စု၊ လေးအိမ်တန်းအထိ ပြန့်သွားပြီး ရွာတွေကလူကြီးတွေ ဝဲကြီးမှာ လာစုပြီး အစည်းအဝေး လုပ်ကြတယ်။ သူတို့ ဆုံးဖြတ်





တာကတော့ မိကျောင်းမှုားတဲ့ ရေမှုဆိုး ရှာဖို့ပေါ့ဗျာ။

ဒီလူတွေ အဆက်အသွယ်တော့ ကောင်းသားဗျ။ နောက် နှစ်ရက်ကြာတော့ မိကျောင်းမှုားတဲ့ ဦးမိုး ဆိုတဲ့လူတစ်ယောက် ဝဲကြီးကို ရောက်လာတယ်။ ကရင်လူမျိုးဗျ။ အသက်ကငါးဆယ် ကျော်ခြောက်ဆယ်လောက် ရှိလိမ့်မယ်။ ပေါင်မှာ ထိုးကွင်းတွေ လည်း အပြည့်ပဲဗျို့။ သူ့မှာ မိကျောင်းမှုားတဲ့ ပစ္စည်းပစ္စယတွေ ကလည်း အပြည့်အစုံပဲဗျ။ ကြိုးခွေတွေ၊ နှစ်ခွင်ပူးငမျှားတွေ၊ တစ်ခွင်တည်း ငမျှားတွေ၊ ပြီးတော့ မိကျောင်းထိုးတဲ့ သန့ပ်တွေ အစုံပဲဗျို့။

ဦးမိုးဆိုတဲ့လူက မိကျောင်းမှုားတဲ့ အတွေ့အကြုံတော့ တော်တော်ကို ရှိခဲ့ကဲ့ပုံပဲဗျ။ အရပ်က ထောင်ထောင်မောင်းမောင်း ကြီး၊ ရင်အုပ်ကြီးတွေကလည်း ကားကားကြီးတွေဗျ။ သူ့မျက်လုံး တွေကလည်း တည်ငြိမ်ပြီး သိန်းငှက်ရဲ့ မျက်လုံးတွေလို စူးရဲနေ တာဗျ။

ဦးမိုးက ကျုပ်နဲ့ ဖိုးထောင်ကို ခေါ်ပြီးတွေ့တယ်။ ဝဲကြီး ရွာသူကြီး ဦးပိုက်ရဲ့ အိမ်မှာဗျ။

"ကဲ ဖိုးထောင်နဲ့ အညာကလာတဲ့ မောင်တာတော၊ မင်း တို့ကို ဟောဒီက ရေမှုဆိုးကြီး ဦးမိုးက မေးချင်စမ်းချင်တာတွေ တွေရှိလို့ ကျုပ်က ခေါ်ပေးရတာပါကွယ်၊ ကဲ ရေမှုဆိုးကြီးနဲ့ မင်းတို့နှစ်ယောက် ပူးပေါင်းဆောင်ရွက်ကြပါလို့ ကျုပ်က မေတ္တာ



www.burmeseclassic.com

www.burmeseclassic.com



ရပ်ခံပါတယ်ကွာ”

“ဟုတ်ကဲ့ သူကြီး၊ ကျုပ်လည်း ဒီမိကျောင်းရန်ကို နှိမ်နင်းချင်နေတဲ့ကောင်ပါဗျာ”

ဖိုးထောင်က သူတို့သူကြီးကို ပြောတာဗျ။

“မင်းတို့နှစ်ယောက်ရဲ့ သတ္တိနဲ့ စိတ်ဓာတ်ကိုတော့ ကျုပ်ကြားတာနဲ့တင် လေးစားမိပါတယ်ကွာ၊ ကျုပ်နာမည်က ငမိုးပါ၊ မိကျောင်းမျှားတယ်၊ မိကျောင်းရရင် ချက်လည်းစားတယ်၊ သူများတွေကိုလည်း အသားရောင်းတယ်၊ အရေခွံကိုခွာပြီး နိုင်ငံခြားပို့တဲ့ လူတွေဆီမှာ ပြန်ရောင်းတယ်၊ မိကျောင်းမျှားစရာ မရှိရင် ရိုးရိုးငါးတွေဖမ်းပြီး ရောင်းတယ်၊ တခြားအလုပ်တော့ မလုပ်တတ်ဘူးကွ၊ ငါးဖမ်းတဲ့အလုပ်နဲ့ မိကျောင်းမျှားတာပဲ လုပ်တတ်တယ်”

ကျုပ် ငမိုးလို့ခေါ်တဲ့ ဦးမိုးကြီးကို သဘောကျသွားတယ်ဗျ။ တော်တော်ကို ရိုးသားပွင့်လင်းတဲ့ လူကြီးပဲဗျာ။ သတ္တိလည်း တော်တော်ကောင်းမယ့်လူဗျို့။

“အခု ဘကြီးမိုး ဘာကိုသိချင်လို့တုံး”

“မင်းတို့နှစ်ယောက်က မိကျောင်းကြီးကို သေသေချာချာ တွေ့ခဲ့တဲ့လူတွေဆိုတော့ မင်းတို့ တွေ့ခဲ့ရမြင်တာတွေ ငါ့ကို ပြန်ပြောကြကွာ၊ ဒါမှ ငါက ဒီမိကျောင်းကို ခန့်မှန်းနိုင်မှာကွ”

ကျုပ်နဲ့ ဖိုးထောင်က မိကျောင်းကို ရေလယ်ကျွန်းသင်္ချိုင်းထဲမှာ စောင့်ကြည့်ခဲ့တာတွေကို အသေးစိတ် ပြောပြကြတာပေါ့





ဗျာ။

မြေပုံကို ရှေ့လက်ကြီးနှစ်ဖက်နဲ့ ယက်ထုတ်ပြီး မြေကြီးထဲက သစ်သားခေါင်းကြီးကို တူးထုတ်တာတွေ၊ ခေါင်းကြီးကို ချိုးဖဲ့ပြီးတော့ အထဲက လူသေအလောင်းကို ကိုက်ချီသွားတာတွေ ပြောပြတော့ ဦးမိုးက ခေါင်းတညိတ်ညိတ်နဲ့ နားထောင်တယ်ဗျ။ ပြီးတော့မှ တစ်ခွန်းမေးတယ်။

“မိကျောင်းက ဘယ်လောက်ကြီးတုံးကွဲ့”

“ကျုပ်စိတ်ထင်တော့ ဆယ့်ငါးပေလောက် ရှိမယ်ထင်တယ်ဗျ”

ကျုပ်က ပြောလိုက်တာဗျ။

“ခေါင်းကတော့ စပါးငါးဆယ်ဝင်ပုတ်တစ်လုံးလောက် ရှိမယ်ဗျ”

ဖိုးထောင် ပြောတာဗျ။ သူထင်တာနဲ့ ကျုပ်ထင်တာ အတူတူပဲဗျ။

“လရောင်နဲ့ မြင်ရတာ အစွယ်တွေမှ ဖွေးနေတာပါပဲဗျ၊ ကျုပ်စိတ်ထင်တော့ အစွယ်တစ်ချောင်း တစ်ချောင်းဟာ ကျပ်လုံးလောက်ရှိမယ်ထင်တယ် ဘကြီးမိုးရဲ့”

ကျုပ်ကပြောတော့ ဦးမိုးက ခေါင်းညိတ်တယ်။

“ရှိလောက်တာပေါ့ မောင်တာတေရယ်၊ ခေါင်းကနေ အမြီးဖျားအထိ ဆယ့်ငါးပေလောက်ရှိပြီး ခေါင်းက ပုတ်ကြီး



www.burmeseclassic.com

www.burmeseclassic.com



တစ်လုံးလို ဝိုင်းဝိုင်းကြီးဖြစ်နေမှတော့ ဒါဟာ ခေါင်းတိုမိကျောင်းကြီးကွဲ့၊ ခေါင်းတိုကြီးတွေက အစွယ်ပိုကြီးတယ်၊ သားစားလည်း အင်မတန်ကျူးတာကွ၊ ဒီမိကျောင်းကို ရအောင်မမျှားနိုင်ရင်တော့ ဒီနယ်တစ်ဝိုက်မှာ လူတွေ တော်တော်ကို သေကြဦးမှာကွဲ့"

"ရေမှုဆိုးကြီးရယ်၊ ရအောင်မျှားပေးပါဗျာ၊ ဒီကောင်ကြီးကိုဒိရင် ပေဘာဒီစာဆွဲမြစ်တစ်ကြောက ရွာတွေအားလုံး ငွေတွေ စုပြီး ရေမှုဆိုးကြီးကို ဆုချကြမှာပါဗျာ၊ ပြီးတော့ မြို့ကလည်း ဆုချမယ်လို့ ပြောတယ်ဗျ၊ မိတဲ့မိကျောင်းကြီးကိုလည်း ရေမှုဆိုးကြီးကိုပဲ ပေးမယ်လို့ အားလုံး ဆုံးဖြတ်ထားကြတာပါဗျာ"

ဝဲကြီးရွာသူကြီး ဦးပိုက်က ဦးမိုးကို တောင်းတောင်းပန်ပန်ကို ပြောတာဗျ။ ဦးမိုးကတော့ ခေါင်းညိတ်ရုံပဲ ညိတ်ပြတယ်။ ပါးစပ်က ဘာမှမပြောဘူးဗျ။

"မောင်ဖိုးထောင်နဲ့ မောင်တာတေကို ငါ တစ်ခုမေးချင်သေးတယ်ကွာ၊ အဲဒီမိကျောင်းကြီးရဲ့ ကျောကုန်းပေါ်မှာ အလောင်းစင်ပါလား"

"ဟာ ပါပါ့ပြီလား ဘကြီးမိုးရယ်၊ အလောင်းစင်မှ တစ်ပေလောက်ကို မြင့်တ ျ"

ဖိုးထောင်က ပြောတာဗျို့။ ကျုပ်က သူ့လောက်သိတာမှ မဟုတ်တာ။

"မဟုတ်ဘူး မောင်ဖိုးထောင်၊ ဆူးတောင်နဲ့ အလောင်းစင်





က မတူဘူးကွဲ့၊ မင်းပြောတာ ဆူးတောင်ကြီးတွေ ထင်ပါတယ်"

"ဟာ မဟုတ်ဘူး ဘကြီးမိုးရဲ့၊ ကျုပ် အလောင်းစင်ဆိုတာကို ကောင်းကောင်းသိပါတယ်၊ ဆူးတောင်က အတည့်ကြီးတွေ ထောင်နေတာမို့လား၊ အခုဟာက ဟိုဘက် ဒီဘက် စောင်းပြီး လက်ယှက်ထိုးနေတာဗျ၊ အလောင်းကို ကျောပေါ်တင်ပြီး လက်ယှက်ထိုး အလောင်းစင်မှာ ညှပ်ထားလို့ရတဲ့ ပုံစံဗျ"

"ဟေ၊ မင်း တယ်သိပါလား မောင်ဖိုးထောင်ရဲ့၊ မင်းပြောတာ အမှန်ပဲဟေ့၊ အဲဒါ အလောင်းစင်ပဲကွ၊ ဒါဆိုရင် ဒီကောင်ကြီးက နတ်မိကျောင်းကြီးပဲ သူကြီးရဲ့"

"ဗျာ...ဟုတ်လားဗျ ရေမှုဆိုးကြီးရဲ့၊ နတ်မိကျောင်းဆိုတော့ မျှားလို့ လွယ်ပါ့မလား"

"မလွယ်ဘူး သူကြီး၊ အသိဉာဏ် သိပ်ရှိတယ်၊ ငါးမျှားကို လာပြီးဟပ်မယ့်ကောင် မဟုတ်ဘူးဗျ"

"ခက်တော့ ခက်နေပေါ့ ရေမှုဆိုးကြီးရယ်"

"ဒီလောက်လည်း မခက်ပါဘူး သူကြီးရဲ့၊ လုပ်နည်းလုပ်ဟန်တွေ ရှိပါတယ်"

"ဘယ်လိုများ လုပ်ရမှာတုံးဗျာ၊ လိုအပ်တာရှိရင်တော့ ပြောပါဗျာ၊ အဆင်ပြေအောင် ကျုပ် လုပ်ပေးပါ့မယ်"

"လုပ်ရမယ့်အလုပ်ကတော့ ဦးရှင်ကြီးခေါင်းစွဲ[illegible] ကတော်တစ်ယောက် ရှာရမှာပဲဗျ၊ ပြီးရင် ဦးရှင်[illegible]ဆီမှာ



www.burmeseclassic.com

www.burmeseclassic.com



ဒီမိကျောင်းကို တောင်းယူရမှာဗျ၊ ဒီလို လူသားစားတဲ့ မိကျောင်းကို ဦးရှင်ကြီးကလည်း မွေးခွင့်ပြုမှာပါဗျာ"

"ခက်တာက ဦးရှင်ကြီးခေါင်းစွဲရှိတဲ့ နတ်ကတော်ကို ဘယ်လိုရှာရမှန်း မသိတာဗျ"(ဦးရှင်ကြီးခေါင်းစွဲဆိုတာက ဦးရှင်ကြီးကိုယ်တိုင် ဝင်ပူးနိုင်တဲ့ နတ်ကတော်ကိုပြောတာဗျ။)

"ဒီနယ်တစ်ဝိုက်မှာ မရှိဘူးလား သူကြီးရဲ့"

"မရှိပါဘူးဗျာ၊ ရှိတာတွေကလည်း အလိမ်အညာတွေပါဗျာ"

"ဒီကိစ္စကို ကျုပ်တာဝန်ယူတယ် ဘကြီးမိုးရာ"

"ဟေ..မင်းမှာ အသိရှိလို့လား မောင်တာတေရဲ့၊ အညာတစ်ခေါက် ပြန်ခေါ်နေရလို့တော့ အဆင်ပြေမှာ မဟုတ်ဘူးကွ"

"မဟုတ်ပါဘူးဗျ၊ ဒီမှာပဲ ကျုပ်လုပ်ပေးမှာပါ"

"ကဲ ဒါဆိုလည်း လုပ်ပါ မောင်တာတေရယ်၊ လိုအပ်တာတွေ ပြောပါကွာ၊ ကျုပ်တို့အားလုံး လုပ်ပေးပါ့မယ်"

လို့ သူကြီး ဦးမိုက်က ပြောတာဗျ။ ကျုပ်က ကြက်နစ်ကောင်နဲ့ ထမင်းတစ်ခွက် ချက်ခိုင်းလိုက်တယ်။ ညနေလေးနာရီမှာ ထမင်းတောင်းပြင်အပြီး လုပ်ပေးဖို့ ပြောရတာပေါ့ဗျာ။ သူကြီး ဦးမိုက်ကလည်း အဆင်သင့် ပုပ်ထားမယ့်အကြောင်း ပြောတယ်။

ကျုပ်က ဖိုးထောင်ကိုတော့ အကျိုးအကြောင်း ပြောပြ





ထားရတာပေါ့ဗျာ။ ညနေလေးနာရီခွဲတော့ ငှက်ပျောဖက်နဲ့ ထမင်းထုပ် ထုပ်ရတယ်။ ပြီးတော့ တောင်းကုလေးထဲမှာထည့်ပြီး ကျုပ်နဲ့ ဖိုးထောင် လှေကလေးနဲ့ ထွက်ခဲ့ကြတယ်ဗျ။

ကျုပ်တို့ မသွားခင်မှာ သူကြီးက ကျုပ်တို့ကို ထမင်းကျွေးလွှတ်လိုက်တာဗျ။ ဖိုးထောင်နဲ့ ကျုပ်လည်း ညစာကို တစ်ဝစားခဲ့ကြတာပေါ့ဗျာ။ ကိစ္စပြီးလို့လည်း ကျုပ်တို့က မပြန်ရဲဘူးလေဗျာ။ ခုရက်အတောအတွင်း ညဘက် မြစ်ထဲမှာ ဘယ်သူမှ သွားရဲလာရဲကြတာ မဟုတ်ဘူးဗျ။

ရေလယ်ကျွန်းသင်္ချိုင်းကိုရောက်တော့ လှေကို ချုံပုတ်တွေကြားမှာ ဖွက်ထားလိုက်တယ်။

ညကိုးနာရီထိုးတာနဲ့ ကျုပ်က အုတ်ဂူတစ်လုံးပေါ်မှာ ထမင်းပွဲပြင်တယ်။ မျက်ကွင်းဆေးကို မျက်လုံးလည်းကွင်း၊ နားလည်းလိမ်းထားလိုက်တယ်။ ဒိဗ္ဗသောတ ဂါထာကိုလည်း ရွတ်ထားလိုက်တယ်။

"အရှေ့နေထွက်၊ အနောက်နေဝင်၊ တောင်တံငါကွန်း၊ မြောက်ခူဝံအတွင်း ရောက်ရာအရပ် ရှိရာအရပ်မှနေ၍ မြန်မကြာလှမ်းကာ ကြွခဲ့ပါ သင်္ချိုင်းရှင်မ မဖဲဝါဗျာ၊ ကျုပ် တာတေက ဖိတ်မန္တကပြုပါတယ်၊ စားပွဲသောက်ပွဲများနဲ့ ကြိုပါတယ်၊ မဖဲဝါဗျာ"

ကျုပ်က အထပ်ထပ်အခါခါ ပင့်နေတာဗျ။



www.burmeseclassic.com

www.burmeseclassic.com



ဟော လာပြီဗျို့၊ လာပြီ။ မဖဲဝါ လာပြီ။ ရေလယ်ကျွန်းသချိုင်းထဲကို ဝင်လာတာဗျို့။ ဂူတွေပေါ်ကနေ ရိပ်ကနဲ၊ ရိပ်ကနဲ ဖြတ်ပြေး လာတာဗျ။

ဟော ဟားပြီဗျို့။ ကျုပ် ပြင်ဆင်ထားတဲ့ ထမင်းပွဲကို မဖဲဝါ အားရပါးရကို စားတာဗျို့။ စားလို့သောက်လို့ ပြီးတော့မှ မဖဲဝါက ကျုပ်ကို မော့ကြည့်တယ်။

"မဖဲဝါ၊ ကျုပ်က ထနောင်းကုန်းက ကိုဆိတ်ဖွားငါးခြောက်ဝယ်တာကို လိုက်လာတာဗျ၊ ဒီရောက်တော့ နတ်မိကျောင်းကြီးတစ်ကောင်က လူတွေကို ဆွဲပြီးစားနေတာနဲ့လာပြီးကြုံနေတာ၊ အဲဒီမိကျောင်းက ဟောဒီသချိုင်းထဲက အလောင်းကို တောင် ဖော်စားတာ ကျုပ်မျက်စိနဲ့ တပ်အပ်မြင်ရတာဗျ၊ ပြီးတော့ အဲဒီမိကျောင်းကြီးက ဒီသချိုင်းထဲက ချောင်းဦးတိုလေးထဲမှာ အသိုက်လုပ်ပြီး နေတာဗျ"

ကျုပ်က ချောင်းဦးတိုလေးရှိတဲ့ဘက်က ကျူတောကြီးကို လက်ညှိုးထိုးပြလိုက်တယ်။

မဖဲဝါက ခေါင်းညိတ်ပြတယ်ဗျ။

"အခု ဒီရွာကို မိကျောင်းမှားတဲ့လူ ရောက်နေတယ်၊ သူက ပြောတယ်ဗျ၊ နတ်မိကျောင်းမို့လို့ ဒီအတိုင်းမှားရင် မမိနိုင်ဘူးတဲ့၊ ဦးရှင်ကြီးဆီမှာ ခွင့်တောင်းပြီး ဦးရှင်ကြီး ခွင့်ပေးမှ မှားလို့ရမှာလို့ ပြောတယ်ဗျ"





"တာတော၊ ငါက ဦးရှင်ကြီးကို ပြောခွင့်မရှိဘူး၊ ငါ့အစ်ကို ကွင်းပိုင်ကို ပြောခိုင်းပေးမယ်၊ ငါ့အစ်ကို ကွင်းပိုင်နဲ့ အဘိုးနဲ့က တစ်ပွဲစားချင်းဆိုတော့ ရင်းနှီးကြတယ်၊ ငါပြောခိုင်းရင် ရတယ်၊ အဘိုးကတစ်ဆင့် ဦးရှင်ကြီးကို လျှောက်ခိုင်းမယ်၊ အကြောင်းထူးရင် နင့်ကို ငါ အိပ်မက်ပေးမယ်"

မဖဲဝါ ပြန်သွားတယ်ဗျ။ မနက်မိုးလင်းတော့ ဖိုးထောင်နဲ့ ကျုပ်နဲ့ ပြန်လာခဲ့တယ်။ နောက်နှစ်ညမြောက်မှာ မဖဲဝါ ကျုပ်ကို အိပ်မက်ပေးတယ်ဗျ။

အဲဒီညက ကျုပ်ယူလာတဲ့ မဖဲဝါရဲ့ ကိုယ်ပွားရုပ်ကလေးက လှုပ်ကနဲ ဖြစ်ဖြစ်သွားတာနဲ့ ကျုပ်က ခေါင်းအုံးအောက်မှာ ထားအိပ်လိုက်တယ်။

ခါတိုင်းလိုပဲ ဆယ့်နှစ်ရာသီပင်ကြီးအောက်မှာ မဖဲဝါကို တွေ့တာဗျ။ ကျုပ်နဲ့ ရွယ်တူကောင်မလေးပုံစံပေါ့ဗျာ။

"တာတော၊ ငါ့အစ်ကိုနဲ့ အဘိုးနဲ့ ဦးရှင်ကြီးကို လျှောက်ပြီးကြပြီ၊ မိကျောင်းကို နှိမ်နင်းဖို့ ဦးရှင်ကြီးက ခွင့်ပြုလိုက်တယ်၊ ဒါပေမဲ့ နင်တို့ချည်းလုပ်လို့ ဒီမိကျောင်း မိမှာမဟုတ်ဘူး၊ အခုလာမယ့် လပြည့်ညမှာ မှားကြ၊ ငါ မိကျောင်းကို ခေါ်ထုတ်ပေးမယ်"

ကျုပ် လန့်နိုးလာတယ်။ မနက်မိုးလင်းတာနဲ့ ရေမှုဆိုးကြီးနဲ့ သူကြီး ဦးပိုက်ကို ကျုပ်ပြောပြလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



လပြည့်ဖို့က နှစ်ရက်ပဲ လိုတော့တာဆိုတော့ ရေမှုဆိုးကြီးက လိုတာတွေ ပြင်ပြီပေါ့ဗျာ။

သူငါးမျှားတွေ၊ ကြိုးခွေတွေကို အဆင်သင့်လုပ်တယ်။ နှစ်ပေပတ်လည်လောက်ရှိတယ်။ ဝါးဘိုးဖောင်လေးတစ်ခု လုပ်တယ်။ လှေကောင်းကောင်း ရှာတယ်။ လှေပဲ့ကိုင်မှာက ဖိုးထောင်ဗျ။ ကျုပ်တို့ ဝင်လှော်လို့ မရဘူး။ လှေကို ရေသံမကြားအောင် လှော်တတ်ရမှာဗျ။ ပြီးတော့ ဘကြီးမိုး အချက်ပြတဲ့အတိုင်း လှော်ပေးရမှာ။ ဒီလောက်ကတော့ ဖိုးထောင်က သာသာလေး လုပ်ပေးနိုင်တာပေါ့ဗျာ။

လပြည့်ညရောက်တော့ ဘကြီးမိုးက ပထမဆုံး ကန်တော့ပွဲတစ်ပွဲ ပြင်တယ်။ အဆင်သင့်ဝယ်ထားတဲ့ ဆိတ်ကလေးတစ်ကောင်ကို မျက်နှာမှာ သနပ်ခါး လိမ်းပေးတယ်။ ခေါင်းမှာ ခေါင်းရမ်းပန်းအနီကြီးတစ်ပွင့် ပန်ပေးတယ်။ ငါးမျှားတွေ၊ သန္တတ်တွေကို လှေထဲထမ်းချတယ်။ ဆိတ်ကိုလည်း လှေပေါ်တင်တယ်။ ဝါးဖောင်လေးလည်းကင်တယ်။

ဖိုးထောင်က လှေနောက်က ပဲ့ကိုင်ရင်း လှော်တယ်။ ကျုပ်က လှေအလယ်မှာ ထိုင်လို့ဗျ။ ရေမှုဆိုးကြီး ဘကြီးမိုးက လှေဦးမှာ ထိုင်လို့ဗျ။ လှေကလေး ရေလယ်ရောက်တာနဲ့ ဘကြီးမိုးက လှေဦးမှာ တင်ထားတဲ့ ကန်တော့ပွဲကို မြှောက်တယ်။

ပြီးတော့ နှစ်ခွင်ပူးထုပ်ထားတဲ့ ငါးမျှားချိတ်ကို ဆိတ်





ကလေးရဲ့ ကိုယ်လုံးမှာ ပူးချည်ပေးထားတယ်။ ပြီးတော့ ဆိတ်ရဲ့ ခြေထောက်လေးချောင်းစလုံးမှာ ကြိုးတစ်ချောင်းစီနဲ့ ချည်ထား လိုက်တယ်။ ရေလယ်ကျွန်းသချိုင်းနားကိုရောက်တော့ ဆိတ်တင်ထားတဲ့ ဝါးဖောင်ကို ရေထဲချပေးလိုက်တယ်။

"ပဲ ဟဲ ဟဲ၊ ပဲ ဟဲ ဟဲ"

ဆိတ်ကလေးက ရေတွေကိုမြင်တော့ ကြောက်လန့်ပြီး အော်တော့တာပေါ့ဗျာ။

"မဖဲဝါ၊ ကျုပ်တို့ မြစ်ထဲရောက်ပါပြီ၊ အားလုံး အဆင်သင့်ဖြစ်နေပါပြီ"

လို့ မဖဲဝါကို အာရုံပြုပြီး ပြောလိုက်တယ်။

"ဝုန်း" "ဝုန်း" "ဝုန်း"

ဟာ သချိုင်းဟိုဘက်က ရေသံတွေ ကြားရပြီဗျို့။ မိကျောင်းကြီး ဒေါသတကြီး လူ့ပ်ရှားတဲ့ အသံပဲဗျ။ ဧကန္တတော့ မဖဲဝါ မိကျောင်းကြီးကို ရန်စပြီး ခေါ်ထုတ်နေတာ ဖြစ်မယ်ဗျ။

"ဝုန်း"

ဟာ မြစ်ထဲရောက်လာပြီဗျို့။ ရေလှိုင်းကြီးတွေတောင် ထသွားတယ်ဗျို့။

"မောင်ဖိုးထောင် လှေကို သတိထားနော်"

လို့ ဘကြီးမိုးက ဖိုးထောင်ကို သတိပေးတယ်ဗျ။ ရေလှိုင်းကြီး ထသွားတဲ့နေရာက ကျုပ်တို့နဲ့ဝေး တော်



www.burmeseclassic.com

www.burmeseclassic.com



တော်ဝေးသေးတယ်ဗျ။ ကျုပ်က မျက်ကွင်းဆေး ကွင်းထားတော့ မဖဲဝါကိုလည်း မြင်ရမှာပေါ့ဗျာ။

"ဝုန်း"

မိကျောင်းကြီး ထခုန်ပြန်ပြီဗျို့။ ဟာ ဖြူဖြူကြီးဗျ။ ရေပေါ်မှာ ရွှေ့နေတာ။

မဖဲဝါကြီးဗျ။ ရေပြင်ကြီးပေါ်မှာ ရွှေ့ပြီးသွားနေတာဗျို့။ ဟာ လက်စသတ်တော့ နတ်မိကျောင်းကြီးက မဖဲဝါကို ခုန်ခုန်ပြီး ကိုက်နေတာဗျို့။ ဟော ဟော မဖဲဝါကို ခုန်ပြီး ကိုက် ပြန်ပြီဗျို့။

"ဝုန်း" "ဖောင်း"

'ဝုန်း' ဆိုတာက မိကျောင်းကြီး ရေထဲက ခုန်ထွက်တဲ့ အသံဗျ။ 'ဖောင်း' ဆိုတာက ပါးစပ်ပိတ်လိုက်တဲ့ အသံဗျ။ မေးရိုးနှစ်ခုရိုက်တဲ့အသံပေါ့ဗျာ။

မဖဲဝါက ဘေးကို ရွှေ့ပေးလိုက်တယ်။ မိကျောင်းက တော်တော်ဒေါသဖြစ်နေပုံပဲဗျ။

"ဝုန်း" "ဖောင်"

ဟာ ကိုက်ပြန်ပြီဗျို့။ မဖဲဝါက ရပ်နေပေးလိုက်၊ နတ်မိကျောင်းကြီးက ခုန်အုပ်လိုက်ပေါ့ဗျာ။ ဟော တဖြည်းဖြည်းနဲ့ မဖဲဝါက ကျုပ်တို့ဘက်ကို ခေါ်လာတာဗျို့။ ဟာ ပြေးပြီဗျို့။ မဖဲဝါက ရေပေါ်မှာ ရှပ်ပြေးသွားတယ်။ မိကျောင်းက တရှိန် ထိုးကူးလိုက်လာတယ်။ သင်္ဘောကြီးတစ်စီး မောင်းသလို ဘေးကို





လှိုင်းတွေ ဖြာထွက်လာတာဗျို့။

"ဝုန်း" "ဖောင်"

ဟာ ခုန်ကိုက်ပြန်ပြီဗျို့။ အောက်မေးနဲ့ အပေါ်ပါးစပ်နဲ့ ရိုက်တဲ့အသံက တော်တော်ကို ကျယ်တာဗျို့။ 'ဖောင်' ဆိုတဲ့ အသံကြီးက တိတ်ဆိတ်နေတဲ့ မြစ်ကြီးထဲမှာကို ဖုံးသွားတာဗျ။

ဟော ကျုပ်တို့ဘက်ကို နီးလာပြီဗျို့။ ဟော မဖဲဝါ ခေါ်လာပြီ။ ကျုပ်တို့ဘက်ကို မှူးပြီးခေါ်လာတာဗျို့။ ဟာ ဆိတ် တင်ထားတဲ့ ဝါးဖောင်နားလည်းရောက်ရော မဖဲဝါ ပျောက်သွား ရောဗျ။ နောက်ကနေ ဒေါသတကြီးနဲ့ လိုက်လာတဲ့ နတ်မိကျောင်း ကြီးက ဝါးဖောင်လေးပေါ်က ဆိတ်ကို ပြေးဟပ်တော့တာဗျို့။

"ဖောင်"

မိချောင်းရဲ့ မေးရိုက်သံကြီးနဲ့အတူတူ ဆိတ်ရော ဝါးဖောင် ရော ရေထဲမြုပ်သွားတာပေါ့ဗျာ။ ခဏနေတော့ ဝါးဖောင်လေးက ကျုပ်တို့လှေနဲ့ ဆယ်လံလောက်အကွာမှာ ပြန်ပေါ်လာတယ်ဗျ။ ဆိတ်ကလေးကတော့ ပျောက်သွားတယ်။ ဟော ဆွဲပြီဗျို့။ လှေ ပေါ်မှာ ခွေထားတဲ့ ကြိုးခွေအပုံကြီး တစ်ခွေချင်းပါသွားနေတာ ဗျို့။

ဘကြီးမိုးက ပြုံးလိုက်တယ်ဗျ။

"အလုပ်ကဖော့ ဖြစ်သွားပြီဟေ့၊ သတိထားကြပေ တော့၊ အထူးသဖြင့် မောင်ဖိုးထောင် လှေကို သတိထားပြီး



www.burmeseclassic.com

www.burmeseclassic.com



ပွဲကိုင်ပေတော့၊ ရှေ့ မောင်တာတေက သန္တတ်တစ်ချောင်း ယူထား၊ လှေနားကပ်လာလို့ကတော့ လက်မနှေးစေနဲ့ဟေ့၊ ထိုးသာချလိုက်ကွ"

ကျုပ်က သန္တတ်တစ်ချောင်းယူပြီး ကျစ်ကျစ်ပါအောင် ဆုပ်ထားလိုက်တယ်။ ဘကြီးမိုးကတော့ ကြိုးခွေကြီးကို အလိုက်သင့်ပါသွားအောင် လျှော့ပေးနေတာဗျ။

ခဏကြာတော့ ဘကြီးမိုးရဲ့ ကြိုးခွေတွေ ကုန်သွားပြီဗျ။ ကျုပ်တို့လှေက သိပ်သေးသေးလေးတော့ မဟုတ်ဘူးဗျ။ စပါးငါးဆယ်ပါ လှေပါ။ ကြိုးလည်းကုန်ရော လှေက မိကျောင်းကြီး ဆွဲပြေးတဲ့နောက်ကို ရိပ်ရိပ် ရိပ်ရိပ်နဲ့ ပါသွားတော့တာပေါ့ဗျာ။ ဖိုးထောင်ကလည်း ပဲ့ကို နိုင်နိုင်နင်းနင်း ကိုင်နေတာဗျ။

မြစ်ရိုးတစ်လျှောက် မိကျောင်းကြီး ပြေးနေတာဗျို့။

"ဟိုရှေ့က ညို့ညို့မှိုင်းမှိုင်းနဲ့ မြင်နေရတဲ့ ကျွန်းကြီးက မိန်းမလှကျွန်းကြီးပေါ့ မောင်တာတေရဲ့"

ဘကြီးမိုးက လက်ညှိုးထိုးပြတော့ လရောင်အောက်က မိန်းမလှကျွန်းကြီးကို ကျုပ် လှမ်းမြင်လိုက်ရတယ်။

ဟော ရပ်သွားပြီဗျို့။ မိကျောင်းကြီး တုံ့ကနဲ ရပ်သွားပြီ။ မိန်းမလှကျွန်းဘက်ကို ဒီကောင် မသွားဘူးဗျ။ ရပ်နေတယ်။ ဟော ဟော ဒီဘက်ကို ပြန်ကူးပြန်ပြီဗျို့။ ကျုပ်တို့လှေက ကျုပ်တို့လာခဲ့တဲ့ဘက်ကို ပြန်ပါသွားပြန်ပြီပေါ့ဗျာ။





မိကျောင်းကြီးက မြစ်အောက်ဘက်ကို ကူးပြေးလိုက်၊ တုံ့ကနဲရပ်ပြီး မြစ်ညာဘက်ကို ကူးပြေးလိုက်နဲ့၊ ဘယ်နှခေါက်လုပ်နေမှန်းကို မသိတာဗျို့။ တဖြည်းဖြည်းနဲ့ အရှိန်တက်ချိန်နီးလာတော့ မိကျောင်းကြီး ငြိမ်လာပြီဗျ။ ဘကြီးမိုးက ကြိုးတွေကို ပြန်ဆွဲပြီးတင်တယ်။ လှေထဲမှာ ကြိုးခွေပုံကြီး တဖြည်းဖြည်းများလာတယ်။

ဟာ ဆွဲပြေးပြန်ပြီဗျို့။ မိကျောင်းက တစ်ခါဆွဲပြေးပြန်ရောဗျို့။ ဘကြီးမိုး ခွေထားတဲ့ ကြိုးတွေ တဖြည်းဖြည်းနဲ့ ပြန်ပါသွားပြန်ရောဗျာ။ ဒါပေမဲ့ စောစောကလောက် မမြန်တော့ဘူးဗျ။ စောစောကလောက်လည်း မသွားနိုင်တော့ဘူး။ ကြိုးခွေတစ်ဝက်မရောက်ခင် ရပ်သွားတယ်။ ဘကြီးမိုးက ကြိုးတွေကို ပြန်ဆွဲပြီးခွေတယ်။ ခဏနေတော့ ဆွဲပြေးပြန်တယ်။ အဲဒီလို သုံးလေးခါရှိတော့ နောက်ထပ်မဆွဲတော့ဘူးဗျ။ ဘကြီးမိုးက ကြိုးကိုဆွဲတယ်။ လှေနဲ့ ဆယ်လံလောက်အကွာမှာ မိကျောင်းကြီး ရေထဲကို ပေါ်လော ပေါ်လာတယ်ဗျ။ ဘကြီးမိုးက ကျုပ်ကိုပါ လှေလှော်ခိုင်းတယ်။ ကျုပ်ရော ဖိုးထောင်ရော အသားကုန် လှော်ကြရတော့တာပေါ့ဗျာ။ မိုးလင်းတော့ စာဆွဲမြစ်ဘေးက ရွာတွေကို ကျုပ်တို့တစ်ရွာပြီးတစ်ရွာ ကျော်လာကြတယ်။ တစ်ယောက်စကားတစ်ယောက်နားနဲ့ မိကျောင်းကြီး မိလာတာကို ရွာတွေက ထွက်ကြည့်ကြတာ ကမ်းလုံးညွတ်ပဲဗျို့။ ဝဲကြီးကိုရောက်တော့ တစ်ရွာ



www.burmeseclassic.com

www.burmeseclassic.com



လုံး လက်ခုပ်တွေတီးပြီး ကျုပ်တို့ကို ကြိုကြလိုက်တာဗျာ။ ကတဲ့သူက က၊ ခုန်တဲ့သူကခုန်ပေါ့ဗျာ။ ရေစစ်ဆိုတော့ လတာပြင်ပေါ်နေတာလေဗျာ။ ရွာသားတွေက လတာထဲ ဆင်းပြေးလာပြီး ကျုပ်တို့ကို ဝိုင်းကူကြတာဗျ။

ဘကြီးမိုးက မိကျောင်းရဲ့ လက်နှစ်ဖက်ကို ကြိုးနဲ့ နိုင်အောင်တုပ်တယ်ဗျ။ ပြီးတော့ ခြေထောက်နှစ်ဖက်ကို တုပ်တယ်။ မိကျောင်းပါးစပ်ကိုလည်း မလှုပ်နိုင်အောင် တုပ်တယ်။ မိကျောင်းက သေတာမဟုတ်ဘူးဗျ။ ခြေကုန်လက်ပန်းကျပြီး လှုပ်ကို မလှုပ်နိုင်တော့တာဗျို့။

ပြီးတော့မှ လတာပေါ် ဆွဲတင်ပြီး ဝါးတိုင်မှာ ကြိုးချည်ထားလိုက်တယ်။ ခဏနေတော့မှ စက်တပ်သမ္ဗာန်ကြီးတစ်စင်းပေါ်တင်ပြီး မြို့ကို ယူသွားတာပေါ့ဗျာ။ အနီးအနားရွာက သူကြီးတွေနဲ့ ရေမှူးဆိုးကြီး ဦးမိုးတို့က မြို့ကလူကြီးတွေကို လူသားစားမိကျောင်းကြီး အပ်လိုက်ကြတယ်တဲ့ဗျို့။

ဘကြီးမိုးက ဆုငွေရတာပေါ့ဗျာ။ သူကြီးတွေကတော့ နာမည်ကောင်းလက်မှတ်တွေ ရကြတယ်တဲ့ဗျ။

ဖိုးထောင်နဲ့ ကျုပ်ကိုလည်း မုန့်ဖိုးတွေ ပေးကြပါတယ်။ နောက်တစ်ပတ်ကြာတော့ ကိုဆိတ်ဖွား လိုတဲ့ကုန်တွေလည်း ပြည့်သွားတယ်။ ကျုပ်ကို ကတိအတိုင်း ကိုဆိတ်ဖွားရယ်၊ လေးလေးရွှေဒိုးရယ်၊ ဝဲကြီးသူကြီး ဦးပိုက်ရယ်က မိန်းမံလှကျွန်းနဲ့ ကျွန်းညို





ကြီးကို လိုက်ပို့ပေးကြတယ်။

နောက်သုံးလေးရက်ကြာတော့ ကိုဆိတ်ဖွားနဲ့ ကျုပ်နဲ့ ရွာပြန်ခဲ့ကြတယ်။ ရွာပြန်ရောက်တော့ စုစုပေါင်း ကျုပ်တို့ သွားခဲ့တာ အရက်နှစ်ဆယ် ကြာခဲ့တယ်ဗျ။

ကာတေ

□□□





www.burmeseclassic.com

www.burmeseclassic.com



# အိမ်မက်ကျိန်စာ

## ကာဝေနီ

ကျွန်တော်သည် ဆရာမင်းဒေဝနှင့် အတူနေခဲ့စဉ်ကာလအတွင်း ထူးခြားဆန်းကျယ်သောကိစ္စများကို ကြုံတွေ့ခဲ့ရပါသည်။ ထိုအဖြစ်အပျက်များအနက် ဆရာမင်းဒေဝကိုယ်တိုင် သေပွဲဝင်ရန်





ဘေးအန္တရာယ်မှ ပွတ်ကာသီကာလွတ်မြောက်ခဲ့ရသည့်အဖြစ်ကို ပြန်လည်ပြောပြရေးသားလိုပါသည်။

ထိုနေ့က ထူးထူးခြားခြားနှင်းတွေပိန်းပိတ်အောင်ကျနေသော ဒီဇင်ဘာလထဲမှတစ်ရက်ဖြစ်ပါသည်။

နှင်းများကြားထဲမှ လူတစ်ယောက်ကျွန်တော် တို့နေထိုင်ရာ တိုက်ခန်းလေးထဲသို့ ရေးကြီးသုတ်ပြာရောက်လာ ပါသည်။ ပြီးနောက် ဆရာမင်းဒေဝနှင့် တိုးတိုးကြိတ်ကြိတ် ပြောဆိုတိုင်ပင်နေကြပါသည်။ ကျွန်တော်သည် စာမေးပွဲနီးနေပြီဖြစ်သော တပည့်များအတွက် ဂရမ်မာလေ့ကျင့်ခန်းများကို ပြင်ဆင်နေပါသည်။ ဆရာမင်းဒေဝထံလာသော လူအများစုမှာ အရေးဒုက္ခတစ်စုံတစ်ရာကြုံတွေ့နေ၍ လာရောက်အကူအညီတောင်းခံကြသူများသာဖြစ်ကြပါသည်။ ဒီတစ်ခေါက်ကျွန်တော့်ကို အဖော်အဖြစ်လိုက်ပါရန် အကူအညီတောင်းလျှင် ကလေးများစာမေးပွဲနီးနေ၍ မလိုက်လိုကြောင်း ငြင်းဆိုရန်စိတ်ထဲမှ ကြိုတင်တွေးတောထားလိုက်ပါသည်။ ထိုးစဉ်မှာပင်…၊

“ဘယ်လိုမှမဖြစ်နိုင်လို့ပါဗျာ စိတ်မရှိပါနဲ့.”

ဆရာမင်းဒေဝမှ တစ်ဖက်လူကို ငြင်းဆိုလိုက်သံကို ကျွန်တော် ကြားလိုက်ရပါသည်။

“လုပ်ပါဆရာရယ် ဆရာမှမကယ်ရင် ဒေါ်[illegible]ကြီး



www.burmeseclassic.com

www.burmeseclassic.com



အသက်ဆက်နိုင်မှာ မဟုတ်တော့လို့ပါ"

"တကယ်မဖြစ်လို့ပါဗျာ အဲဒီကိစ္စကိုဖြေရှင်းနိုင်လောက်တဲ့အစွမ်းအစလည်း ကျွန်တော့်မှာမရှိပါဘူး။ အခြားသူတစ်ယောက်ကိုသာ အချိန်ရှိတုန်းရှာပါတော့"

နှင်းတောထဲမှ ရောက်လာသူသည် မည်သို့မှပြောဆိုရတော့မည့်ပုံမပေါ်၍ ခေါင်းငိုက်စိုက်ချကာ သက်ပြင်းတစ်ချက်ချလိုက်ပြီး…၊

"ဆရာမတတ်နိုင်လည်း ဆရာ့အသိမိတ်ဆွေများထဲက တတ်နိုင်တဲ့သူရှိရင် ဒီလိပ်စာနဲ့ဖုန်းနံပါတ်ကိုညွှန်ပြပေးလိုက်ပါ ဆရာ။ ကျေးဇူးတင်ပါတယ်။"

ဟုပြောဆိုပြီး လှေကားအတိုင်းဆင်းကာ ပြန်သွားလေတော့သည်။

ကျွန်တော်သည် ထိုကိစ္စဖြေရှင်းရာတွင် အဖော်ခေါ်ခဲ့လျှင် ငြင်းပယ်မည်ဟု ဆုံးဖြတ်ထားသော်လည်း ယခုလိုဆရာမင်းဒေဝမှ မငြင်းစဖူးငြင်းလိုက်သောအခါ ထိုကိစ္စကို အလွန်စိတ်ဝင်စားသွားမိသည်။ ထို့ကြောင့် ရေးလက်စ မေးခွန်းစာရွက်ကို ခေတ္တချထားလိုက်ပြီး‥၊

"ဆရာငြင်းပယ်ရလောက်အောင် ဘာကိစ္စမို့များလဲ ဆရာရဲ့"





"ကိစ္စကတော့ လူပြုစားတာပဲ ဆရာကျောင်းရဲ့၊ ဒါပေမယ့် ပြောပြပုံအရဆိုရင်တော့ အရှေ့တိုင်းပညာသည်တွေ ပြုစားပုံပြုစားနည်းမျိုးမဟုတ်ဘူးဗျ၊ တော်တော်လေးထူးဆန်းနေတယ်"

"ဒါနဲ့ပြုစားခံထားရတဲ့သူက ဘယ်သူများလည်းဗျ"

ဆရာက ကျွန်တော့်လက်ထဲသို့ လိပ်စာကတ်ပြားကလေးကိုပေးသည်။

'ဒေါက်တာကျော်စွာမင်း' ဆိုသည့်နာမည်ကို နိုင်ငံတကာမှ ဘွဲ့တွေတသီတန်းကြီးနှင့်အတူ တွေ့ရသည်။ အထူးကုဆရာဝန်ကြီးတစ်ယောက်ဖြစ်ကြောင်း သိလိုက်ရသည်၊ ထိုနာမည်ကရင်းနှီးနေသလို ကျွန်တော်ခံစားရသည်။ ထို့ကြောင့် ကတ်ပြားလေးကိုကိုင်ပြီး ခဏစဉ်းစားကြည့်လိုက်သည်။

"ဟုတ်တာပေါ့ ဒီဆရာကြီးပဲ"

"ခင်ဗျားသိလို့လားဗျ"

"သိတာပေါ့ဆရာ ကျွန်တော်တို့မော်ကျွန်းက ပိဋက သုံးပုံအောင်သွားတဲ့ ကိုယ်တော်ကို ဆရာသိလား"

"အင်း ကြားလိုက်တယ် ကိုယ်တော်လေးက ငယ်ငယ် ရှိသေးတာလေ"

"ဟုတ်ပါ့ဆရာရယ် အဲဒီ ကိုယ်တော်ငယ်ရန်ကုန်မှာ ဝါလိုက်နေတုန်း အရေးပေါ်ခွဲစိတ်ရမဲ့ကိစ္စတစ်ခုဖြစ်တုန်းက



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာကြီးက သေသေချာချာ ခွဲစိတ်ကုသပေးခဲ့တာ ဆရာရဲ့"

"ဩော်ဒီလိုလား"

"ဟုတ်တယ်ဆရာ၊ ကျွန်တော်တို့မြို့ရဲ့ဂုဏ်ဆောင်ဆရာတော်တစ်ပါးပေါ်လာနိုင်ခဲ့တာ ဒီဆရာကြီးရဲ့ ကျေးဇူးမကင်းဘူးဗျ"

"အင်း ဒီလိုဆိုရင်တော့ ဒီကိစ္စကို ပြန်စဉ်းစားမှဖြစ်တော့မှာပေါ့ဗျာ"

"လုပ်ပါဗျာ ကူနိုင်ရင်ကူလိုက်ပါဆရာ"

"အောင်မြင်မယ်မအောင်မြင်ဘူးဆိုတာတော့ ကျုပ်အာမမခံနိုင်ဘူးဗျ၊ ဒါထက်ကျုပ်သွားရင် ခင်ဗျားရောလိုက်မှာလားဗျ ဆရာကျောင်းရ"

"အင်း..အမှန်အတိုင်းပြောရရင်တော့ ကျုပ်တပည့်တွေစာမေးပွဲနီးနေလို့ ဒီတစ်ခါတော့ မလိုက်တော့ဘူးရယ်လို့ စဉ်းစားထားတာဗျ၊ ဒါပေမယ့် ဒီဒေါက်တာကြီးဖြစ်နေတော့လည်း၊ လိုက်ခဲ့ရမှာပေါ့ဗျာ။"

"ကဲ..ဒါဆိုလည်း လိပ်စာထဲက ဖုန်းနံပါတ်ကို ခင်ဗျားကိုယ်တိုင်သွားဆက်ဗျာ၊ ကျုပ်တို့လာခဲ့မယ့်အကြောင်း၊ ချက်ချင်းသွားမှဖြစ်မယ်ဗျ၊ အချိန်ကသိပ်မကျန်တော့ဘူး"





ကျွန်တော်လည်း ချက်ချင်းပင်တိုက်ရှေ့ရှိ ဖုန်းဆိုင်ကလေးမှနေ၍ ဆရာမင်းဒေဝလာမည်ဖြစ်ကြောင်း ဖုန်းဆက်လိုက်ရာ တစ်ဖက်မှလွန်စွာဝမ်းမြောက်သွားလေတော့သည်။

ကျွန်တော်တို့ ငှားသွားသောလေးဘီးကားပြာလေးမှာ ရွှေတောင်ကြားထဲရှိ ခန့်ငြားထည်ဝါသော တိုက်ကြီးတစ်လုံးရှေ့တွင်ရပ်လိုက်သည်။ အိမ်ထဲမှ အသင့်စောင့်ကြိုနေသူတစ်ဦးမှ အပြေးအလွှားထွက်ကာကြိုသည်။ ထိုသူကပင်ဦးဆောင်ပြီး ကျွန်တော်တို့ကို တိုက်အိမ်ကြီးအပေါ်ထပ်သို့ ခေါ်ဆောင်သွားပါသည်။ အိမ်ထဲတွင် မိသားစုဝင်များရှိနေကြသော်လည်း အားလုံးတိတ်ဆိတ်စွာထိုင်လျက်ရှိနေကြသည်။ သူတို့ကိုကြည့်ရသည်မှာ တစ်စုံတစ်ဦး၏ နောက်ဆုံးအချိန်ကို စောင့်ဆိုင်းနေကြရသူများသဖွယ်ဖြစ်နေသည်။ ကြိတ်၍ ငိုရှိုက်သူကငိုရှိုက်နေပြန်သည်ကိုတွေ့ရသဖြင့် ဒေါက်တာကြီးအခြေအနေမှာ အတော်ဆိုးနေလောက်ပြီကို ရိပ်စားမိလိုက်သည်။ အပေါ်ထပ်တစ်ခုလုံး မီးလုံးများကို မျက်စိရှုးလောက်အောင် များစွာထွန်းထားသည်ကို တွေ့လိုက်ရသည်။ ထိန်လင်းသော မီးရောင်အောက်တွင် လူတစ်ယောက်ဒယီးဒယိုင်နှင့် လမ်းလျှောက်နေသည်ကို တွေ့ရသည်။

မီးများမှာ လင်းထိန်လွန်းနေသဖြင့် လူပုံပန်းသဏ္ဌာန်ကို

www.burmeseclassic.com

www.burmeseclassic.com



ချက်ချင်းဖမ်းမရ ဖြစ်နေသည်။ ထိုသူမှာ ကျွန်တော်တို့အနားသို့ ယိမ်းထိုးလျက်ပင် လျှောက်လှမ်းလာပါသည်။ အနားရောက်လာသောထိုသူကိုကြည့်ပြီး ကျွန်တော်သည် ထိတ်ကနဲဖြစ်ကာ ကြက်သီးများထသွားရသည်။ တစ်ကိုယ်လုံးအသားဟူ၍ မရှိတော့လောက်အောင်ပိန်လှီဂျက်ရှိနေပြီး မျက်လုံးနှစ်လုံးမှာ ချိုင့်ဝင်နေသော ဦးခေါင်းရိုးထဲတွင် နစ်ဝင်နေသည်။ ထိုသူသည် မျက်လုံးများကို အစွမ်းကုန်ပြူးပြဲထားသည်။

"ဆရာ..ဆရာပါလာပြီလား"

လွန်စွာအားနည်းနေသော လေသံသဲ့သဲ့လေးဖြင့် မေးလာသည်။

"ဟုတ်..ပါလာပါပြီ၊ ဒေါက်တာကြီး"

ကျွန်တော်တို့ကိုလိုက်ပို့သူမှ ဒေါက်တာကြီးဟုခေါ်လိုက်တော့မှ ကျွန်တော်လည်းထိုသူမှာ ဆရာဝန်ကြီးမှန်းသိလိုက်ရသည်။ ပိန်လှီပြီး ရုပ်ပျက်ဆင်းပျက်ဖြစ်နေသောကြောင့် ဘယ်လိုမှ မမှတ်မိခြင်းဖြစ်သည်။ ကျွန်တော်တို့သည် အမှောင်ထုအောက်တွင်မြင်ရသည့် ဝိုးတဝါးသဏ္ဍာန်များကို ကြောက်ရွံ့တတ်ကြသည်။ ယခုမူ အလွန်အမင်းလင်းဘိန်နေသော အလင်းရောင်အောက်မှ ရုပ်ပျက်ဆင်းပျက်လူတစ်ဦးကို မြင်တွေ့ရခြင်းက ပိုမိုကြောက်မက်ဖွယ်ကောင်းကြောင်း သိလိုက်ရသည်။



www.burmeseclassic.com



ခွဲစိတ်ကုဆရာဝန်ကြီးများလောကတွင် ဖိန့်ဖိန့်တုန်လောက်အောင်နာမည်ကြီးသည့် ဒေါက်တာကြီးသည် ယခုတော့ လမ်းလျှောက်နေသော အရိုးစုတစ်ခုနှယ် ကျွန်တော်တို့နားသို့ တိုးကပ်လာသည်။

"ဘယ်လိုများဖြစ်ရတာတုန်းဗျာ"

ဆရာမင်းဒေဝသည် ဒေါက်တာကြီးကိုကြည့်ပြီး ဂရုဏာသက်သွားသည်။

မြေတွင်းထဲမှ အက်ကွဲစွာထွက်လာသော အသံမျိုးနှင့် ဒေါက်တာကြီးမှ...

"ကိုထွန်းမောင် အကြောင်းစုံကိုပြောပြလိုက်ပါ"

ပြောပြီးသည်နှင့် ဒေါက်တာကြီးသည် ရှေ့သို့ငိုက်ကနဲတစ်ချက်ဖြစ်သွားသည်။

ကျွန်တော်တို့ကို ခေါ်ဆောင်လာသည့် ကိုထွန်းမောင်သည် ဆရာကြီးကိုပြေးတွဲလိုက်သည်။

"မောင်သောင်းရေ...မောင်သောင်း လုပ်ပါဟ"

အိမ်အောက်ထပ်မှ မောင်သောင်းဆိုသူပြေးတက်လာသည်။ လက်ထဲတွင် ဆေးရည်ဖြည့်လာသော ဆေးထိုးအပ်တစ်ချောင်းကိုင်လာသည်။ ဒေါက်တာကြီးနားသို့ ချက်ချင်းပြေးဝင်သွားပြီး လက်မောင်းသို့ ဆေးထိုးအပ်ဖြင့်ထိုးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

"အင်း..အင်း..အား..အောင်မလေးလေး ထွန်းမောင်ရေ ငါအိပ်ပျော်သွားတော့မလို့ဟေ့၊ ကျွတ်..ကျွတ်..ကျွတ်၊ ငါ့နှယ် ကြီးလိုက်တဲ့ဝဋ်ဒုက္ခကွယ်၊ လုပ်ဟေ့ ထွန်းမောင်၊ ဒီကဆရာ တွေကို ဖြစ်ကြောင်းကုန်စင်မြန်မြန်လေးပြောပေတော့ ငါကြာကြာ တောင့်ခံနိုင်တော့မယ်မထင်ဘူး"

ဒေါက်တာကြီးမှာ ကိုထွန်းမောင်ကို အားပြုမှီတွဲထား ရင်းပြောလိုက်သည်။ အဆမတန်လင်းထိန်နေသော ခန်းမကြီးထဲ တွင် ထိုင်စရာခုံဟူ၍ တစ်လုံးမှမရှိသဖြင့် ကျွန်တော်တို့လည်း မတ်တပ်ရပ်နှင့်ပင် ကိုထွန်းမောင်ပြောသမျှကို နားထောင်ကြ ရတော့သည်။

"တကယ်တော့ ဒေါက်တာကြီးအိပ်လို့မရတာ တစ်လ လောက်ရှိပြီဗျ"

"ဘာဖြစ်လို့မအိပ်တာလဲဗျ"

ကျွန်တော်ကသိလိုဇောဖြင့်မေးလိုက်သည်။ ဆရာမင်း ဒေဝကတော့ငြိမ်သက်စွာနားထောင်နေသည်။

"အိပ်လိုက်တာနဲ့ သေသွားမှာမို့လို့ပေါ့ဗျာ"

"ဗျာ..."

"ဟုတ်တယ်ဗျ၊ ဒေါက်တာကြီးကိုသတ်မယ့်သူက သူ့အိမ်မက်ထဲမှာစောင့်နေတာဗျ"





"ဟုတ်ပါ့မလားဗျာ သတ်မယ့်သူကပဲ အိမ်မက်ထဲက စောင့်နေရတယ်ဂို့"

ဆရာမင်းဒေဝက မေးခွန်းထုတ်လိုက်ခြင်းဖြစ်သည်။

"သိပ်ဟုတ်တာပေါ့ဆရာရယ် မယုံမရှိနဲ့ဗျို့ ဒေါက်တာ ကြီးရှေ့မှာ အိမ်မက်မက်ရင်းသေသွားတာ လေးယောက်လောက်ရှိ ပြီဗျ"

"တယ်လည်းထူးဆန်းပါလားဗျာ"

ဒေါက်တာကြီးသည် ဆရာမင်းဒေဝကိုကြည့်ပြီး

"ဟုတ်ပါတယ်ဗျာ တတ်နိုင်ရင်ကယ်ပါဦးဒီကိစ္စက ခေတ်မှီနည်းကိရိယာတွေနဲ့ ဖြေရှင်းလို့တတ်နိုင်မဲ့ကိစ္စမျိုးမဟုတ် ဘူး၊ ဒီကဆရာသမားတွေလို လောကီပိုင်းနိုင်နင်းတဲ့လူတွေမှ ဖြေရှင်းနိုင်မှာမို့ပါ"

ဆရာမင်းဒေဝသည် တစ်လခန့်မအိပ်ရသေးသည့် ဒေါက် တာကြီးအား စိတ်မကောင်းစွာဖြင့် တစ်ချက်ကြည့်ပြီး..၊

"ဖြစ်နိုင်ရင် အဖြစ်အပျက်အားလုံး ကျွန်တော့်ကိုတတ် နိုင်သလောက် သေသေချာချာလေးပြောပြပါလားဗျာ၊ ဒါမှ ကျွန်တော်က ဘယ်လိုလုပ်ရမယ်ဆိုတာ စဉ်းစားလို့ရမှာ"

"ဝါး...ဒေါက်တာကြီးသည် ရှည်လျားစွာတစ်ချက် သက်ပြင်းချလိုက်ပြီး၊ ကျွန်တော့်အတွက်တော့ အချိန်ကအရမ်းနည်း


www.burmeseclassic.com

www.burmeseclassic.com



နေပါပြီလေ အိပ်ချင်စိတ်ကိုဆေးဝါးတွေနဲ့ ဘယ်လိုပဲတားတား ကစ်ချိန်မှာတော့ အိပ်ပျော်သွားမှာပါပဲ ဒီတော့ သေချင်လည်း သေပါစေတော့၊ ကျွန်တော့်အဖြစ်အပျက်ဇတ်ကြောင်းကိုတော့ ပြည့်ပြည့်စုံစုံပြောပြခဲ့ပရစေ"

ဒေါက်တာကြီးသည် စိတ်ကိုရှေ့လျှော့လိုက်ဟန်တူသည်။

"ထွန်းမောင်ရေ အောက်ထပ်က ကုလားထိုင်တွေယူခိုင်း လိုက်ပါကွယ်၊ ငါလည်းညောင်းလှပါပြီ၊ ထိုင်ပါရစေတော့"

ကိုမောင်ထွန်းသည် အောက်ထပ်မှ ကုလားထိုင်များ ယူခိုင်းလိုက်သည်။

"ဒေါက်တာကြီးသည် ကုလားထိုင်တစ်လုံးပေါ်တွင် ခြေပစ်လက်ပစ် ထိုင်ချလိုက်သည်။ ထိုင်ကြပါဗျာ တကယ်တော့ ကျုပ် အိပ်မပျော်အောင်ကျိုးစားရတဲ့အချိန်ကစပြီး ကုတင်တွေ ထိုင်ခုံတွေ ကျုပ်နားမှာမထားတော့တာဗျ၊ ပထမရက်ပိုင်းတော့ အားတင်းပြီး ခံနိုင်တယ်ဗျို့၊ နောက်တော့ ဒီအတိုင်းမရတော့လို့ ဆေးဝါးအကူအညီနဲ့ အိပ်မပျော်အောင် ကျိုးစားရတော့တာပဲ၊ ဒါလည်း ဘယ်လောက်ထိခံနိုင်မှာမို့လဲဗျာ၊ ခုအချိန်မှာ ကျုပ်ကို လောကကြီးတစ်ခုလုံးက စည်းစိမ်ဥစ္စာတွေ၊ ဘွဲ့ထူးဂုဏ်ထူးတွေ ကြိုက်သလောက်ယူမလား အိပ်မလားလို့မေးလာရင် ကျုပ်က တော့ဘာမှမလိုချင်ဘူးဗျ၊ အိပ်စက်ခြင်းကိုပဲ အလိုရှိတယ်လို့





ဖြေမှာပဲ"

ဒေါက်တာကြီး၏လေသံသည် အတော်ကလေးအားပါ လာသည်။ ဖြစ်လိုရာဖြစ်စေတော့ဟု စိတ်လျှော့လိုက်သည့် အ တွက်ကြောင့် ငြိမ်းခါနီးမီးတောက်သဖွယ် ထတောက်ခြင်းလည်း ဖြစ်နိုင်သည်။ ကျွန်တော်နှင့်ဆရာမင်းဒေဝလည်း ကုလားထိုင် အသီးသီးတွင် ဝင်ထိုင်လိုက်ပြီး ဒေါက်တာကြီးပြောပြလာသည့် ဇတ်လမ်းကို နားထောင်ကြရလေတော့သည်။

❑

ဒေါက်တာကျော်စွာမင်းသည် ထူးချွန်သောဒေါက်တာ တစ်ဦးဖြစ်သည့်အားလျော်စွာ ထိုခေတ်အခါက အိန္ဒိယသို့ ပညာ တော်သင်စေလွှတ်ခြင်း ခံခဲ့ရလေသည်။ ဒေါက်တာသည် ကာလကတ္တားရှိ နာမည်ကြီးဆေးတက္ကသိုလ်ကြီးတစ်ခုတွင် ခွဲစိတ် အထူးကုပညာရပ်ကို သုံးနှစ်တိုင်တိုင် တက်ရောက်သင်ကြားခဲ့ လေသည်။ ဒေါက်တာသည် ချမ်းသာသောမျိုးရိုးနောက်ခံရှိသူ တစ်ဦးမဟုတ်ရာပေ။ ထို့ကြောင့် မြို့စွန်ရှိဆင်ခြေဖုံးရပ်ကွက် တစ်ခုတွင် အခန်းကျဉ်းလေးတစ်ခု ငှားရမ်းနေရှာသည်။ ကျောင်းတွင်းရှိ အဆောင်များမှာလည်း ဌာနေတိုင်းရင်းသားများ ကိုသာ ဦးစားပေးလေ့ရှိသောခေတ်ဖြစ်သည်။

တိုင်းပြည်ကထောက်ပံ့သော ပညာတော်သင်စရိတ်မှာ



www.burmeseclassic.com

www.burmeseclassic.com



လွန်စွာနည်းပါးလှသည်ဖြစ်သောကြောင့် နေထိုင်ရာရပ်ကွက်လေးအတွင်း ဆေးခန်းဖွင့်ကာ ကျောင်းအားချိန်များ ကျောင်းပိတ်ရက်များတွင် ဆေးကုသလေသည်။ ဆင်းရဲသောရပ်ကွက်လေးတွင် ဌာနေဆရာဝန်များမှာ ဆေးခန်းဖွင့်ရန်စိတ်ကူးမရှိကြ။ ထို့ကြောင့် ဒေါက်တာကျော်စွာမင်း၏ ဆေးခန်းလေးမှာ ထိုရပ်ကွက်လေးအတွက် တစ်ခုတည်းသော အားကိုးအားထားရာဆေးခန်းလေးဖြစ်လာခဲ့ရသည်။

ဆင်းရဲသောရပ်ကွက်တွင် ဆေးကုသရသည်မှာ လွယ်လှသည်တော့မဟုတ်။ အထူးသဖြင့် ကျောင်းတစ်ဖက်နှင့် ဆေးကုစားရသည်မှာ ပို၍ခက်ခဲပင်ပန်းလှသည်။ သို့သော်လည်း ဒေါက်တာသည် ကျောင်းစာကိုလည်းအပတ်တကုတ်ကျိုးစားသလိုရပ်ကွက်တွင်း ဆေးကုသရာတွင်လည်း ငွေကြေးကိုအဓိကမထားဘဲစေတနာအပြည့်ထားကာ ကုသပေးသောကြောင့် ဆေးခန်းမှာ အမြဲတစေလူများပြည့်လျက်ရှိသည်။

တစ်ခါတလေ ကျောင်းချိန်နီးကပ်လာသည်အထိ လူမပြတ်ပေ။ ထိုအခါမျိုးတွင် ဒေါက်တာမှာ လွန်စွာအခက်တွေ့ရသည်။ ကုလက်စလူနာကို ထားပစ်ခဲဖို့ရာလည်းမလွယ်။ အနီးအနားမှ သူနာပြုဆရာမတစ်ယောက်ကို ကူဖော်လောင်ဖက်အဖြစ်ခေါ်ထားရသည်။ သူနာပြုဆရာမလေးသည် ငွေကြေးလ





စာအဓိကမဟုတ်ဘဲ လုပ်ငန်းအတွေ့အကြုံကို ပိုမိုတန်ဖိုးထားသည့်အတွက် ဒေါက်တာ့အတွက်အဆင်ပြေသည်။ ဒေါက်တာကျောင်းမှပြန်မရောက်သေးလျှင် ဆရာမလေးက လူနာများကိုကြည့်ပေးထားသည်။ ဒေါက်တာကျောင်းသွားချိန်ရောက်ပြီဆိုလျှင်လည်း ကြည့်လက်စလူနာများကို ဆရာမနှင့်လွှဲထားခဲ့လိုက်သည်။ နောက်နေ့ ပြန်ချိန်းရန်လိုသူများကို ပြန်ချိန်းလိုက်သည်။ ဒီလိုနှင့်ဆေးခန်းလေးမှာ အခက်အခဲမရှိလည် ပတ်နိုင်လာခဲ့သည်။

တစ်နေ့ ဒေါက်တာကျောင်းမှပြန်မလာသေးချိန်ထုံးစံအတိုင်း ဆရာမလေးသည် လူနာများအား တိုကင်နာပါတ်ပေးနေချိန်ဖြစ်သည်။ထိုအချိန် တွင်ထူးခြားသောအသွင်သဏ္ဍာန်နှင့်လူတစ်ယောက်သည် ဆေးခန်းတံခါးဝရှေ့သို့ ရောက်လာသည်။ အရပ်မြောက်ပေခန့်ရှိပြီး ဗလကောင်းကောင်းနှင့် လူမည်းကြီးတစ်ယောက်ဖြစ်သည်။ ကိုယ်အပေါ်ပိုင်းကို အရောင်မှိန်ဖျော့နေသောစောင်ကြီးတစ်ထည် ဖြင့်ပတ်ထားသည်။ အောက်ပိုင်းတွင် ပိတ်ဖြူဖျင်ကြီးတစ်စကို အမျိုးသမီးများဝတ်သည့် ဂါဝန်ကြီးသဖွယ်ဝတ်ဆင်ထားသည်။ ရှည်လျားသော ဆံပင်များကို ကျစ်ဆံမြီးသေးသေးကလေးများကျစ် ထားသည်။ လက်ထဲတွင် သစ်ကိုင်းခြောက်ကြီးတစ်ချောင်းကို တောင်ဝှေးသဖွယ်ကိုင်ဆောင်ထားသည်။ ဆရာမလေးအပါအဝင် ဆေးခန်းထဲရှိလူအား



www.burmeseclassic.com

www.burmeseclassic.com



လုံးမှာ ထိုလူကြီးကိုကြည့်လိုက်ရုံနှင့် ဌာနေတိုင်းရင်းသားတစ်ဦး မဟုတ်မှန်းသိကြသည်။ အာဖရိကဘက်မှရောက်လာကြပြီး အိန္ဒိယတွင်အခြေချရှိကြိုးစားနေသည့် အာဖရိကနွယ်ဖွားတစ်ဦးမှန်း သူတို့သိကြသည်။

လူမည်းကြီးသည် ဆေးခန်းရှေ့တွင်ရပ်နေသည်။

"ဝင်ခဲ့ပါ ဘာများဖြစ်လို့ပါလည်း"

ဆရာမလေးက ဌာနေတိုင်းရင်းသားစကားဖြင့် မေးလိုက်သည်ကို ထိုသူကနားလည်သည်။ ဆရာမလေးတို့၏ ဘာသာစကားဖြင့်ပင် ပြန်ဖြေလာသည်။

"ဆေးဆရာလာခေါ်တာပါ ကျုပ်မိန်းမနေမကောင်းဘူး သေတော့မလားမသိဘူး"

"ဒါဆိုလည်းခဏစောင့်ပါ ဆရာဝပြန်မရောက်သေးပါဘူး၊ ပြန်လာတော့ ကျွန်မပြောပြပေးပါမယ်"

"မရဘူး ခုသွားခေါ်ပေးပါကျုပ်မိန်းမသေသွားလိမ့်မယ်၊ ခင်ဗျားခေါ်မပေးရင် ကျုပ်သွားခေါ်မယ်၊ ဆရာရှိတဲ့နေရာပြောပါ"

ဆရာမလေးသည် အနည်းငယ်စိတ်တိုသွားသည်။

"ဒီမယ် ရှင်သွားခေါ်လို့မရဘူးရှင့်၊ ကျွန်မပြောတာနားထောင်ပြီး ဟောဟိုကခုံပေါ်မှာ သွားထိုင်နေပါ"





"ကျုပ်တောင်းပန်ပါတယ်ဆရာမရယ် တကယ်အရေးကြီးနေလို့ပါ။ ကျုပ်မိန်းမအသက်ကိုကယ်ပေးပါ၊ ကျေးဇူးဆပ်ပါ့မယ်။"

"ဒီမှာရောက်နေတဲ့သူတွေအားလုံး အရေးကြီးတဲ့လူတွေကြီးပဲရှင့်၊ ရှင် ကျွန်မပြောသလို ထိုင်စောင့်နေမလား ဆေးခန်းထဲကထွက်သွားမလား"

ဒေါသထွက်လာပြီဖြစ်သော ဆရာမလေးမှာ ထိုလူကြီးကိုခပ်ငေါက်ငေါက်ပြောလိုက်သည်။ လူမည်းလူထွားကြီး၏ မျက်နှာမှာ ဓီးရွက်ကလေးလိုသေးသေးဖြစ်ကာ မျက်နှာငယ်သွား၏။ ဆရာမလေးညွှန်ပြသည့် ထိုင်ခုံပေါ်သို့သွားပြီး အရုပ်ကြီးတစ်ရုပ်သဖွယ် ငြိမ်သက်စွာထိုင်နေလေသည်။ မျက်လုံးများကမူ ဒေါက်တာပြန်လာမည့် လမ်းဘက်သို့ စူးစိုက်ကာကြည့်နေသည်။ အချိန်တွေကကုန်လာသည်။ ဒီနေ့မှ ဒေါက်တာက နောက်ကျလှသည်။ ညမှောင်ရီသန်းလာပြီ။ ဒေါက်တာကပြန်မလာသေး ဆေးခန်းပြမည့်သူအချို့ ပြန်ကုန်ကြပြီ။ လူမည်းကြီးကတော့ မလှုပ်မယှက် အရုပ်ကြီးသဖွယ်စောင့်ဆိုင်းနေသည်။ ဆရာမလေးလည်းဘာလုပ်ရမှန်းမသိ။ ဖွဲကောင်းသော အခြားလူနာသုံးလေးဦးလည်းရှိသေးသည်။ အချိန်ကကုန်သည်ထက်ကုန်လာသည်။ ဒေါက်တာလာရာလမ်းကို စောင့်ကြည့်နေသော လူမည်းကြီး



www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးတွေနီရဲလာသည်။ မေးရကျာကြီးတွေထောင်ထလာသည်အထိ အံကိုတင်းတင်းကြိတ်ထားသည်။

ဆရာမလေးလည်းဘာလုပ်ရမှန်းမသိဖြစ်နေချိန်တွင်၊ လူမည်းကောင်လေးတစ်ယောက်မောပန်းတကြီးဆေးခန်းရှိရာပြေးဝင်လာသည်။ သူတို့ဘာသာစကားဖြင့် လူမည်းကြီးကိုငိုရှိုက်ကာ ပြောပြသည်။ ကောင်လေးစကားကြောင့် လူမည်းကြီးခေါင်းငိုက်စိုက်ကျသွားသည်။ အတန်ကြာငြိမ်သက်နေသည်။ ပြီးတော့တစ်ကိုယ်လုံးတဆတ်ဆတ်တုန်လာသည်။ ခေါင်းကိုပြန်မော့လိုက်ပြီး ဆရာမလေးရှိရာ ခြေကိုဆောင့်နင်းပြီး လျှောက်လှမ်းလာသည်။ ဆရာမလေးမျက်နှာကို မီးဝင်းဝင်းတောက်နေသော မျက်လုံးအစုံဖြင့်စိုက်ကြည့်ရင်းပြောသည်။

"ငါ့မိန်းမသေပြီ နင်သိလား"

"ကျွန်မ ကျွန်မစိတ်မကောင်းပါဘူးရှင်"

ဆရာမလေးသည် ထိတ်လန့်တုန်လှုပ်နေ၍ စကားသံမှာတုန်ရင်နေသည်။

"နင်မကောင်းလို့သေရတာ၊ နင်တို့ဆရာဝန်လည်း မကောင်းဘူး၊ လူနာတွေကိုထားပြီး ဘယ်သွားနေတာတုန်း၊ နင်တို့တွေမကောင်းကြလို့၊ ငါ့မိန်းမသေရပြီ"

လူမည်းကြီးလက်ထဲမှ တောင်ဝှေးသဖွယ်သစ်ကိုင်း





ခြောက်ကြီးသည် ဆရာမလေးခေါင်းပေါ်သို့ မြောက်တက်လာသည်။ ဆရာမလေးမှာ မိမိခေါင်းကို ရိုက်ခွဲတော့မည်ထင်လိုက်သည်။

"အား....."

ငယ်သံပါအောင်အော်လိုက်သည်။

ဆေးခန်းတွင်းရှိလူများလည်း လူမည်းကြီးကိုဆွဲရန်တိုးကပ်လာကြသည်။ တောင်ဝှေးက ဆရာမလေးခေါင်းကိုမထိ လေပေါ်မှာရပ်တန့်နေသည်။ လူမည်းကြီးက ရင်ခေါင်းသံကြီးဖြင့် တစ်စုံတခုကို ရေရွတ်နေသည်။ သူတို့ကိုယ်ပိုင်ဘာသာစကားဖြင့် ရေရွတ်ခြင်းဖြစ်သောကြောင့် ဆေးခန်းတွင်းရှိမည်သူမှ နားမလည်ကြပေ။ ထိုအချိန်တွင် ဆရာမလေးတကိုယ်လုံးမှာ နတ်ဝင်သည်တစ်ယောက်နတ်ပူးသလို တဆတ်ဆတ်တုန်ယင်နေရှာသည်။

လူမည်းကြီးသည် ရေရွတ်ပြီးသွားသည်နှင့် ဆရာမလေးရှေ့မှချာကနဲလှည့်ထွက်ကာ ဆေးခန်းတွင်းမှထွက်ခွာသွားလေတော့သည်။ ဆရာမလေးသည် စိတ်တွေရှုပ်ထွေးကျန်ရစ်သည်။ အတော်လည်းမိုးချုပ်နေပြီဖြစ်ရာ လက်ကျန်လူသုံးယောက်ကို ပြန်လွှတ်လိုက်ပြီး ဆေးခန်းကိုသော့ပိတ်ကာပြန်သွားလိုက်သည်။ ဒေါက်တာ့တွင် သော့တစ်စုံရှိသည်ဖြစ်ရာ သူပြန်လာသည်အထိ စောင့်စရာမလိုပေ။



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာသည် ထိုနေ့ညက ဆယ့်တစ်နာရီခန့်မှပြန်ရောက်သည့်အတွက် ဆရာမလေးဆုံးဖြတ်ချက်မှန်သည်ဟု ဆိုရမည်။ နောက်နေ့နံနက်တွင် ဆရာမလေးသည် မနေ့ကညက အဖြစ်ကို ဒေါက်တာအားပြောပြရန်လိုအပ်သည် ဟုယူဆသောကြောင့် ဆေးခန်းလည်းဖြစ် အိမ်လည်းဖြစ်သော ဒေါက်တာ့ အခန်းလေးသို့ ရောက်လာခဲ့သည်။

"ထိုင်ဆရာမရေ မနေ့ကဆရာမတော့ တော်တော်ဖြေရှင်းလိုက်ရမှာပေါ့ ကျွန်တော့်တို့ပါမောက္ခကြီးက ကျွန်တော့်ကို ညစာစားပွဲဖိတ်လို့ မတက်မဖြစ်သွားလိုက်ရတယ် ဆရာမရေ"

"ဟယ်··ဟုတ်လား ဒေါက်တာ"

ဒေါက်တာ့ကိုနောက်ကျသည့်အတွက် အပြစ်တင်လိုနေသော ဆရာမ၏ဒေါသစိတ်ကလေးမှာ ပျောက်ကွယ်သွားရသည်။

"ကျွန်တော့်ကို အထူးမြူဘာသာရပ်သင်ကြားပြီးရင် အိန္ဒိယမှာ အလုပ်လုပ်မလားဆိုပြီး ကမ်းလှမ်းဆွေးနွေးတာဆရာမရဲ့"

"ဟုတ်လား ဒေါက်တာက ဘာပြန်ဖြေလိုက်လည်း"

ဆရာမလေးသည် ဒေါက်တာပြောပြလာသည့်အကြောင်းအရာများကြောင့် မိမိလာရင်းကိစ္စကိုပင် မေ့သလောက်ဖြစ်သွားသည်။





"ဒီမှာက ကျွန်တော်မလုပ်လည်း တခြားပညာရှင်တွေရှိပါတယ်လို့၊ ကျွန်တော်တို့တိုင်းပြည်မှာက ခွဲစိတ်ကျွမ်းကျင်တဲ့ ပညာရှင်တွေ အရမ်းနည်းပါးနေလို့ ကျွန်တော့်တိုင်းပြည်မှာပဲ ပြန်ပြီး တာဝန်ထမ်းဆောင်ပရစေလို့ ပြောရတာပေါ့ဆရာမရယ်"

"ဟင်··ဆရာကလည်း"

ဆရာမလေးသည် အလိုမကျသလိုမျက်နှာလေးညိုးသွားသည်။

"ဒါနဲ့ဆရာမ မနေ့ကကျွန်တော်ပြန်မလာဖြစ်တာ အဆင်ပြေရဲ့လား"

ဒီတော့မှ ဆရာမလေးသည် မိမိလာရင်းကိစ္စသတိရသွားပြီး လူမည်းကြီးနှင့် မနေ့ကဖြစ်ပျက်ခဲ့သည့် အကြောင်းအရာများကို လုံးစေ့ပတ်စေ့စုံလင်စွာ ပြန်ပြောပြလိုက်သည်။

"တော်သေးတာပေါ့ ဆရာမရယ် ဆရာမခေါင်းကိုတုတ်နဲ့ရိုက်မသွားတာ၊ အင်းလေ သူ့မိန်းမအတွက်တော့ စိတ်မကောင်းစရာပါပဲ။ ကျွန်တော်ရှိနေရင်တော့ အခြေအနေတစ်မျိုးဖြစ်ကောင်းဖြစ်နိုင်တာပေါ့လေ၊ ဘယ်တတ်နိုင်ပါ့မလဲ၊ သူ့ကုသိုလ်ကံပေါ့လေ"

"အောင်မလေးဆရာရယ် သူ့သစ်ကိုင်းခြောက်ကြီးကျွန်မခေါင်းပေါ်မြှောက်ပြီး ဘာတွေရွတ်နေမှန်းမသိပါဘူး။ ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



ဖြင့်ကြောက်လို့ တစ်ကိုယ်လုံးတဆတ်ဆတ်တုန်နေတာ"

"တောင်းပန်ပါတယ်ဆရာမရယ်၊ ကျွန်တော့်ကြောင့်ဖြစ်ရတာပါ၊ အဲဒီလူကြီးနေတဲ့နေရာလည်းစုံစမ်းပေးပါဦး ကျွန်တော်နာရေးမေးရင်းနဲ့ ရှင်းပြတောင်းပန်ချင်လို့ပါ"

"ဒေါက်တာရယ် ကျွန်မတော့မစုံစမ်းပရစေနဲ့ ကြောက်လွန်းလို့ ဒေါက်တာ့ဖာသာစုံစမ်းပါတော့၊ ညကလည်းအိမ်မက်ဆိုးမက်သေးတယ်"

"ဘာအိမ်မက်လည်းဆရာမရဲ့"

ဆရာမလေးသည် ညကအိမ်မက်ကို ပြန်တွေးပြီးမျက်နှာဖြူဖတ်ဖြူရော်ဖြစ်သွားသည်။ ထိုစဉ်မှာပင်....၊

"ဒေါက်တာရေ ဒေါက်တာ ဟိုဘက်လမ်းက အမိန့်အဖေကြီး အသည်းအသန်ဖြစ်လို့ လိုက်ခဲ့ပေးပါဦးဒေါက်တာ"

ဆေးခန်းဝတွင် မိန်းမကြီးတစ်ယောက်ရေးကြီး သုတ်ပြာနှင့် ဒေါက်တာလာပင့်နေသည်။ ဆရာမလေးသည် သူ့အိမ်မက်ကို ဒေါက်တာ့ကိုညနေမှပင် ပြောတော့မည်ဟု ဆုံးဖြတ်လိုက်သည်။

"ဒေါက်တာကျွန်မလိုက်ခဲ့ရဦးမလား"

"ရတယ်ဆရာမ ညနေမှသာလာလိုက်ပါတော့၊ ညနေကျရင် နှစ်ရက်စာလူနာတွေများနေမှာ ဆရာမခုပြန်နားလိုက်ပါ"

"ဟုတ်ကဲ့ဆရာ ကျွန်မပြန်လိုက်ပါဦးမယ်"





ဆရာမလေး၏နှုတ်ဆက်ခြင်းသည် ဒေါက်တာ့အားအပြီးအပိုင်နှုတ်ဆက်သွားခြင်းပင်ဖြစ်သည်။ ညနေသုံးနာရီခန့်တွင် အိပ်နေရင်း နှလုံးရပ်ပြီးသေသွားသော ဆရာမလေးအလောင်းကိုသာ ဒေါက်တာတွေ့ရတော့သည်။ ဆရာမလေးကို သင်္ဂြိုဟ်သည့်နေ့က

'သူပြန်ခါနီး သူ့အိမ်မက်ဆိုးကို ငါ့ကို ပြောမယ်လုပ်ပြီးပြောတောင်မသွားရရှာဘူး'

ဟုဒေါက်တာစဉ်းစားမိလိုက်သေးသည်။

ကတယ်တော့ ထိုအိမ်မက်ကို ဆရာမလေးပြောမသွားဖြစ်ခြင်းကြောင့် အသက်ဆက်ရှင်သန်ခွင့်ရခဲ့သည်ကို နောင်နှစ်ပေါင်းသုံးဆယ်လောက်မှ သိခွင့်ရတော့သည်။

❑

BURMESE CLASSIC .com

ဒေါက်တာကျော်စွာမင်းသည် အတိတ်မှအဖြစ်တို့ကို ရှည်လျားစွာပြောပြနေရင်း တစ်ချက်တစ်ချက် ငိုက်မျဉ်းမလိုဖြစ်သွား၏။ သူသည် စိတ်ဓာတ်ခိုင်မာသူတစ်ဦးဖြစ်သည်။ ချက်ချင်းဆိုသလိုအားပြန်ပြန်တင်းပြီး ဇာတ်ကြောင်းကို ဆုံးအောင်ပြောခဲ့သည်။ သူ့ဇာတ်ကြောင်းကမဆုံးသေးပဲ အရေးကြီးသောအဆုံးသတ်ပိုင်းကျန်နေသေးသည်ကို ကျွန်တော်ရောဆရာမင်းဒေဝပါသိကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာကြီးသည် ရေတစ်ခွက်သောက်လိုက်ပြီး....၊

''အောင်မလေးနော် အိပ်မျှင်လိုက်တာအိပ်ရင်လည်း ဒင်း လက်ချက်နဲ့သေရမှာ ခက်လှချည်ရဲ့''

ဒေါက်တာကြီး၏ငြီးတွားသံမှာ စိတ်မချမ်းမြေ့ဖွယ် ကောင်းသည်။

''ဆက်ပါဦး ဒေါက်တာကြီးအကြောင်းစုံသိရမှ ကျွန်တော်တို့ ကူညီနိုင်မှာပါ''

ဘေးတွင် တစ်ချိန်လုံးငြိမ်သက်နေသော ကိုထွန်းမောင်ကို ဒေါက်တာကြီးက ပြောလိုက်သည်။

''မောင်ထွန်းမောင် အောက်ကိုခဏလောက် ဆင်းပေးပါလား၊ ခုပြောပြမယ့် အိမ်မက်ကို နားထောင်မိရင် မင်းအတွက် အသက်အန္တရာယ်ရှိလို့ပါကွယ်''

ကိုထွန်းမောင်သည် အသက်အန္တရာယ်ကိုစိုးရွံ့၍လော ဒေါက်တာကြီးစကားကိုမပယ်ရှားဝံ့၍လောမသိ အောက်ထပ်သို့ ဆင်းသွားသည်။

''ဒီလိုဗျ၊ လွန်ခဲ့တဲ့နှစ်လလောက်က အိန္ဒိယဆေးကုမ္ပဏီတစ်ခုက မစ္စတာရပ်ချ်ကူးမား ဆိုတဲ့လူတစ်ယောက် မြန်မာပြည်ကို ဆေးဝါးတင်သွင်းဖြန့်ချိဖို့ကိစ္စနဲ့ရောက်လာပြီး ကျုပ်နဲ့ တွေ့တယ်။ ကျုပ်ကောက်ခံချက်ရရင် ဒီမှာက တော်တော်များများ





လက်ခံကြမှာကိုးဗျ။ ကျုပ်နဲ့ရပ်ချ်ကူးမားနဲ့ ဟော်တယ်တစ်ခုမှာ ညစာစားကြတယ်။ အလုပ်ကိစ္စတွေ ဆေးဝါးအကြောင်းတွေ ပြောပြီးတော့ အလုပ်နဲ့မဆိုင်တဲ့ကိစ္စတစ်ခုကို ရပ်ချ်ကူးမားက ပြောလာတယ်။ သူရန်ကုန်ကိုလာဖို့ လေဆိပ်ကိုဆင်းတော့ လမ်းပိတ်လမ်းမှာ ထုံးစံအတိုင်းကားတွေပိတ်ကျပ်နေတာတဲ့။ လမ်းပိတ်ဆို့နေတာကိုအခွင့်ကောင်းယူပြီး ကားတွေပေါ်ကလူတွေဆီကနေ ပိုက်ဆံတောင်းစားကြတဲ့လူတွေလည်း အများကြီးပဲတဲ့။ သူ့ကားလည်း-လမ်းပိတ်လို့ရပ်နေတုန်း သူ့နောက်ခန်းမှန်ဘေးတံခါးကို လူကြီးတစ်ယောက်က တဘုန်းဘုန်းနဲ့လာထုပြီး ကားမှန်ဖွင့်ခိုင်းတယ်တဲ့။ သူလည်း ကားမှန်ချပြီး ငွေအကြွေထုတ်ပေးတော့ အဲဒီလူကြီးကခေါင်းခါတယ်။ ထွားထွားကျိုင်းကျိုင်းလူမည်းကြီးတစ်ယောက်ပဲတဲ့ ပြီးတော့ သူ့လက်ထဲက တောင်ဝှေးနဲ့ ရပ်ချ်ကူးမားမျက်နှာကိုချိန်ပြီး ပါးစပ်ကလည်း ဗူးဗူးဝါးဝါးရေရွတ်တယ်တဲ့ဗျ၊ ဒါနဲ့ မစ္စတာရပ်ချ်ကူးမားလည်း စိတ်တိုပြီးကားမှန်ကိုပြန်တင်လိုက်တယ်။ ရန်ကုန်ကိုရောက်တော့ ညက အိမ်မက်ဆိုးတစ်ခု မက်တယ်တဲ့ဗျ။ အဲဒီအိမ်မက်က ထူးဆန်းပြီး ကြောက်စရာကောင်းလို့ ဒေါက်တာကြီးကို ပြောပြချင်တယ်လို့ ပြောလာတယ်။ ကျုပ်လည်း ပြောလို့ ခွင့်ပြုလိုက်တယ်။ ရပ်ချ်ကူးမားက သူ့အိမ်မက်ကို ပြောမလို့လုပ်နေတုန်း ဟော်တယ်



www.burmeseclassic.com

www.burmeseclassic.com



ဝိတ်တာကောင်လေးက ကျုပ်ကို ကြိုကဲ့ကား ရောက်နေပါပြီလို့ လာအကြောင်းကြားတယ်။ ကျုပ်လည်း ဆေးရုံတစ်ခုကို အချိန်မှီ သွားရမဲ့အကြောင်း ရပ်ချ်ကူးမားကိုပြောပြီး ပြန်ဖို့လုပ်ကြတယ်။ ရပ်ချ်ကူးမားက ကျုပ်လမ်းကြုံရင် သူ့ဟည်းတဲ့ဟော်တည်ကို လိုက်ပို့ပေးပါလားလို့တောင်းဆိုတယ်။ သူ့အိမ်မက်အကြောင်း လည်း လမ်းမှာဆက်ပြောချင်လို့ဖြစ်လိမ့်မယ်။ ကျုပ်က ဆေးရုံဝင် ချိန်ကို သိပ်အလေးထားတာ။ ဧည့်သည်ဖြစ်တဲ့ ရပ်ချ်ကူးမား ကိုလည်းဧည့်ဝတ်မပျက်ရလေအောင် ကျုပ်ဒရိုင်ဘာကိုအုန်း သောင်ကို ကျုပ်ကားနဲ့ရပ်ချ်ကူးမားကို လိုက်ပို့ခိုင်းလိုက်တယ်။ ကျုပ်ကတော့ ဟော်တယ်ကိုကားစီစဉ်ခိုင်းလိုက်ပြီး ဆေးရုံကို သွားလိုက်တယ်။ ဒါဟာ ကျုပ် ရပ်ချ်ကူးမားကို အသက်ရှင်လျက် နောက်ဆုံးတွေ့လိုက်တာပဲ။ နောက်နေ့မနက်မှာ ရပ်ချ်ကူးမားဟာ သူတည်းခိုတဲ့ ဟော်တည်အခန်းထဲမှာ နှလုံးရပ်ပြီးသေဆုံးနေပြီ တဲ့လေ။ ကျုပ်လည်း တော်တော်စိတ်မကောင်းဖြစ်တယ်။ ကျုပ် ဒရိုင်ဘာကိုအုန်းသောင်ကို ခေါ်မေးတယ်။

"မင်း မစ္စတာရပ်ချ်ကူးမား ကိုပြန်ပို့တုန်းက ဘာထူးခြား သေးလည်းကွ"

"ထူးခြားကာဆိုလို့ဒေါက်တာကြီးရယ်သူ့အိမ်မက် ဆိုးကြီးအကြောင်းကိုထပ်ကာတလဲလဲ တစ်လမ်းလုံးပြောလာတာ





ပါပဲဆရာကြီး"

"သူ့အိမ်မက်ကဘာတဲ့လဲကွ"

ဒီမှာတင် ကိုအုန်းသောင်က ကျုပ်ဆီကို လာချင်နေ တဲ့အိမ်မက်အကြောင်း ကျုပ်ကို လက်ဆင့်ကမ်းလိုက်တော့တာ ပါပဲဗျာ။

"ကဲ..ကျုပ်တော့ခင်ဗျားတို့ကို ဒီနေရာမှာတစ်ထောက် မေးရတော့မယ် အိမ်မက်အကြောင်းကို ခင်ဗျားတို့ နားထောင် ချင်စိတ်ရှိရဲ့လား၊ အမှန်အတိုင်းပြောရရင် ဒီအိမ်မက်ကြောင့်လူ တော်တော်များများ သေဆုံးခဲ့ပြီးပြီ"

ဆရာမင်းဒေဝက

"ဒီလိုကိစ္စတွေ ဖြေရှင်းရတာ ကျွန်တော့်အလုပ်ပါ။ ဒေါက်တာ၊ ဟောဒီက ကျွန်တော့်မိတ်ဆွေ ကျောင်းဆရာကိုပဲ တစ်ချက်မေးစရာရှိတယ်"

ဟုပြောလိုက်ရာ..

ကျွန်တော်လည်း ကြောက်တတ်သူဟု အထင်ခံရမှာကို ကြောက်ကာ..

"ရပါတယ်ဗျ၊ ကျွန်တော်လည်းနားထောင်ပါ့မယ်"

ဟုပြန်ပြောလိုက်လေသည်။

ဒေါက်တာကြီးသည် ကျွန်တော်တို့နှစ်ယောက်ကိုကြည့်



www.burmeseclassic.com

www.burmeseclassic.com



ပြီး အိမ်မက်အကြောင်းကို ကျွန်တော်တို့အား လက်ဆင့်ကမ်း ပြောပြလေ၏။

"မစွတာရပ်ချ်ကူးမားကပြောတယ် အိမ်မက်ထဲမှာ သူ သင်္ချိုင်းကုန်းတစ်ခုထဲ ရောက်သွားတယ်။ သင်္ချိုင်းရဲ့အလယ်မှာ သစ်ပင်မည်းမည်းကြီးတစ်ပင်ရှိတယ်တဲ့၊ သေသေချာချာကြည့် တော့လည်း လူမည်းကြီးတစ်ယောက်လို့ ထင်ရပြန်ရောတဲ့။ သူလည်း ကြောက်ပြီးသင်္ချိုင်းထဲက ပြေးဖို့လုပ်တာ ဘယ်လိုမှ ပြေးလို့မရဘူး သင်္ချိုင်းအလယ်ကိုပဲ ပြန်ရောက်ရောက်နေတယ်။ အဲဒီအချိန်မှာ သစ်ပင်မည်းကြီးဆီကနွယ်ပင်တွေ သူ့ဆီပြေးဝင် လာပြီး သူ့ခြေတွေလက်တွေကို တုပ်နှောင်လိုက်တယ်။ နွယ်တစ် ချောင်းက သူ့နှလုံးရှိတဲ့နေရာကို ဖောက်ဝင်လာတဲ့ နာကျင်မှုက စို့ချွန်တစ်ချောင်းနဲ့ ထိုးထည့်ခံနေရသလိုခံစားရတယ်တဲ့၊ သူလည်းအားကုန်သုံးပြီး ရုန်းထွက်လိုက်တော့ လွတ်သွားတယ်။ သူ့နားထဲမှာ သစ်ပင်ကြီးဆီက စကားသံကြားလိုက်ရတယ်။ 'နောက်တစ်ခါအိပ်ပျော်လို့ကတော့ မင်းနှလုံးသွေးကိုသောက်ပြီ ဟေ့၊" ဆိုတဲ့စကားသံကြားပြီး သူနိုးသွားတယ် လို့ရပ်ချ်ကူးမား က ကိုအုန်းသောင်ကိုပြောပြတယ်တဲ့။ ဒီည အိပ်ရမှာတောင်ခပ် လန့်လန့်ဖြစ်နေတယ်လို့လည်း ပြောသေးတယ်တဲ့"

ဒေါက်တာကြီးစကားကိုဖြတ်၍ ဆရာမင်းဒေဝကဝင်





ပြောလိုက်သည်။

"ကိုအုန်းသောင်လည်း ရပ်ချ်ကူးမားလိုပဲ အိပ်နေရင်းနဲ့ နှလုံးရပ်ပြီး အသက်ထွက်သွားပြီ မဟုတ်လားဒေါက်တာ"

"ဟုတ်ပါတယ်ဆရာ ဆရာဘယ်လိုလုပ်သိတာတုန်း"

"သေတဲ့လူတွေဟာ ကျိန်စာတစ်ခုကြောင့် သေရတာပဲ ဗျ။ လွန်ခဲ့တဲ့အနှစ်သုံးဆယ်လောက်က ဒေါက်တာ့လက်ထောက် နာစ်မလေး အိပ်ပျော်ရင်းသေတာ၊ မစ္စတာရပ်ချ်ကူးမားသေတာ၊ ဒေါက်တာ့ဒရိုင်ဘာကိုအုန်းသောင်သေတာတွေဟာ ကျိန်စာ ကြောင့်ဗျ။ တကယ်တော့ ဒီကျိန်စာဟာ ဒေါက်တာ့ကို လွန်ခဲ့တဲ့ နှစ်သုံးဆယ်လောက်ကတည်းကတိုက်ထားခဲ့တာ တိုက်ရိုက်တိုက် လို့မရတော့ ဒေါက်တာနဲ့တွေ့မယ့်လူတွေကို ဒီအိမ်မက်ကျိန်စာ ထည့်ပေးလိုက်တာ၊ နောက်ဆုံး ကိုအုန်းသောင်ကျမှ ဒေါက်တာ့ကို အိမ်မက်အကြောင်းလုံးစေ့ပတ်စေ့ပြန် ပြောတော့ကျိန်စာက ဒေါက်တာဆီရောက်လာရတော့တာပဲ၊ ဒါနဲ့ ဒေါက်တာပထမ တစ်ကြိမ်အိပ်ပျော်ပြီး သူတို့ပြောသလို အိမ်မက်မက်ပြီးပြီ မဟုတ် လား"

"ဟုတ်ပါတယ်ဗျာ ကိုအုန်းသောင်ပြောတဲ့အတိုင်းပါပဲ သင်္ချိုင်းထဲမှာပြေးလိုက်ရတာ နောက်ဆုံးတော့နွယ်ရှင်တွေပတ် ဖမ်းတာခံလိုက်ရတာပါပဲ၊ နွယ်တစ်ချောင်းက နှလုံးတည့်တည့်ကို



www.burmeseclassic.com

www.burmeseclassic.com



ဖောက်တာများ အပြင်မှာခံစားရတဲ့အတိုင်းပဲ အရှင်လတ်လတ် ရင်ခွဲခံသလိုပါပဲ အားကုန်ထုတ်ရုန်းတော့မှ လွတ်တယ်။ ဒါပေမယ့် နောက်တစ်ခါအိပ်ပျော်ရင် နှလုံးခွဲသွားဖောက်ခံရမယ်လို့ ကျိန်းမောင်းလိုက်သံကြီးက ကျုပ်နားထဲခုထိ ဟိန်းနေတုန်းပါပဲဗျာ၊ တကယ်တော့ သင်္ချိုင်းထဲမှာရပ်ပြီး နှယ်ရင်တွေနဲ့ဖမ်းတဲ့ဟာကြီးက သစ်ပင်ကြီးမဟုတ်ဘူးဗျ၊ လွန်ခဲ့တဲ့နှစ်သုံးဆယ်လောက်က ကျုပ် ဆေးခန်းပြန်နောက်ကျခဲ့လို့ မိန်းမဆုံးရှုံးသွားရတဲ့ အာဖရိကန်လူမည်းကြီးဗျ။ အဲဒီ အိမ်မက်မက်ပြီးသူတိုင်းလည်း နောက်တစ်ကြိမ်အိပ်တာနဲ့ တကယ်သေကုန်ကြတာပဲ ဒါကြောင့် ကျုပ်လည်း အိပ်မပျော်အောင်ကြိုးစားနေရတာပေါ့ဗျာ''

''မှန်တာပေါ့ ဒေါက်တာကြီးရယ်၊ ခုလိုအမှန်အတိုင်း သိရတော့၊ ကြိုးစားပြီးဖြေရှင်းကြည့်ရတာပေါ့၊ ဒေါက်တာကြီးလည်း တစ်လလောက်အိပ်ချင်စိတ်ကို တွန်းလှန်နေရတာ ခက်ခဲလှပါပြီ။ ကဲ....အိပ်ဖို့ပြင်ပေတော့ဗျို့''

''ဗျာ...အိပ်လိုက်ရင်ကျုပ်သေသွားမှာပေါ့ ဆရာ''

''မပူပါနဲ့ ဒေါက်တာကြီး၊ ဒေါက်တာကြီးတစ်ယောက်တည်း အိပ်ရမှာမဟုတ်ပါဘူး၊ ကျွန်တော်ပါ ဒေါက်တာကြီးနဲ့ အတူလိုက်အိပ်မှာပါ ကျွန်တော်လည်းခုဆို အိမ်မက်အကြောင်းနားထောင်ပြီးဖြစ်လို့ ကျိန်စာမိသူဖြစ်သွားပြီလေ အိပ်တာနဲ့မရဏာ





အိမ်မက်ထဲရောက်မှာပဲ။ ဒေါက်တာကြီးကတော့ မအိပ်ရတာကြာပြီဆိုတော့ ချက်ချင်းအိပ်ပျော်သွားမှာ၊ ကျွန်တော့်ကိုတော့ ချက်ချင်းအိပ်ပျော်အောင် ဆေးဝါးတစ်မျိုးမျိုးစီစဉ်ပေးမှရမယ်ဗျို့''

ကိုထွန်းမောင်ကို အိမ်ပေါ်ထပ်သို့ပြန်ခေါ်ပြီး ဒေါက်တာကြီးအိပ်စက်ရန်နှင့် ဆရာမင်းဒေဝချက်ချင်းအိပ်ပျော်ရန်အတွက် အိပ်ဆေးတို့ကို စီစဉ်စေသည်။ ဒေါက်တာကြီးအိပ်စက်တော့မည်ဆို၍ အားလုံးအထိတ်တလန့်ဖြစ်ကုန်ကြသည်။

''ကျွန်တော်ရောဘာကူညီရမတုန်းဗျ''

ကျွန်တော်က ဆရာမင်းဒေဝကိုမေးလိုက်သည်။

''ကူညီရမယ်ဗျ၊ ဒီကိစ္စမှာခင်ဗျားက အဓိကနေရာကပါနေတယ်ဆရာကျောင်း ခင်ဗျားကို ကျုပ် မန္တန်တစ်ခုသင်ပေးမယ်။ ကျုပ်အိပ်ပျော်သွားတဲ့အချိန်ကိုစမှတ်ပြီး ခင်ဗျားစောင့်ကြည့်နေ ငါးမိနစ်လောက်နေလို့မှ ကျုပ်ရောဒေါက်တာကြီးရော ပြန်နိုးမလာသေးဘူးဆိုရင်၊ ခင်ဗျားလည်းအိပ်ဆေးထိုးပြီး အိပ်လိုက်တော့ အိပ်ခါနီးခင်ဗျားကို ကျုပ် သင်ပေးထားတဲ့ မန္တန်ကို မမေ့အောင်စိတ်ထဲက ရွတ်နေ ကျုပ်တို့ရှိရာအိမ်မက်ထဲကို ခင်ဗျားရောက်လာလိမ့်မယ်။ ကျုပ် ခင်ဗျားညာလက်ဝါးပေါ်ကို စမ တစ်လုံးသွင်းပေးခဲ့မယ်။ အခြေအနေမဟန်ရင် မန္တန်လည်း ရွတ်လက်ဝါးက စမကိုလည်းသုံးပေတော့။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် အရေးကြီးနေချိန်ဖြစ်၍ ဆရာမင်းဒေဝ ပြောသမျှကို တစ်လုံးမကျန်သေချာစွာမှတ်သားသည်။ ဆရာမင်းဒေဝက ကျွန်တော့်လက်ပေါ် စမ ဆွဲပြီးချိန်တွင် ဒေါက်တာကြီးမှာ အိပ်ပျော်နေပြီဖြစ်သည်။

"လုပ်ဖို့ ကိုထွန်းမောင် ကျုပ်ကိုအိပ်ဆေးမြန်မြန်ထိုး"

ဆေးထိုးပြီးနောက် ဆရာမင်းဒေဝလည်း ချက်ချင်းဆိုသလို အိပ်ပျော်သွားလေသည်။ နာရီကိုကြည့်နေရသော ကျွန်တော့်အဖို့ တစ်သက်တာတွင်အခက်ခဲဆုံးသော ၁ငါးမိနစ်ပင်ဖြစ်သည်။ အချိန်ကတာရွေ့ရွှေ့သွားနေသည်။ ငါးမိနစ်ပြည့်တော့မည်။ အိပ်ပျော်နေသောဆရာမင်းဒေဝတစ်ကိုယ်လုံး ကျင်စက်နှင့်အတို့ခံရသည့်နှယ် တဆတ်ဆတ်တုန်သွားသည်ကို တွေ့ရသည်။ မျက်နှာရှိ အကြောများလည်း တဆတ်ဆတ်တုန်တုန်သွားသည်။

အခြေအနေကောင်းဟန်မတူတော့။

"ကိုထွန်းမောင် ကျွန်တော့်ကိုအိပ်ဆေးထိုးပေးတော့"

ဆေးထိုးနေစဉ်မန္တန်ကိုစိတ်ထဲမှ အဆက်မပြတ်ရွတ်နေသည်။ ကျွန်တော့အာရုံများ အမှောင်အတိဖုံးသွားသည်။ ပြီးတော့ ကျွန်တော်ပြန်လည်နိုးထလာသည်။

ကျွန်တော်သည် တောင်ကုန်းလေးတစ်ခုပေါ်ရှိ သစ်ချုံးထဲရောက်နေခြင်းဖြစ်သည်။ ပတ်ဝန်းကျင်က မှောင်သည်လည်း





မဟုတ် လင်းသည်လည်းမဟုတ်။ သစ်ချုံးအလယ်မှာ အမြင့်ဆယ့်နှစ်ပေလောက်ရှိမည့် သစ်ပင်ကြီးတစ်ပင်။ သစ်ပင်ကြီးအောက်ခြေနားမှ အော်ဟစ်ငြီးတွားသံအချို့ကြားရ၍ အသံလာရာသို့ အပြေးသွားလိုက်သည်။ နီးကပ်လာလေလေ သစ်ပင်ကြီးမှာ လူတစ်ယောက်နှင့်ပိုတူလာလေဖြစ်သည်။ နောက်ဆုံးအနားရောက်သွားချိန်တွင် သစ်ပင်တစ်ပင်မဟုတ်ဘဲ လူမည်းကြီးတစ်ယောက်ဖြစ်ကြောင်းမြင်လိုက်ရသည်။ လူမည်းကြီး၏လက်နှစ်ဖက်မှာ နွယ်ရှင်ကြီးများဖြစ်ပြီး ဒေါက်တာကြီးနှင့် ဆရာမင်းဒေဝကိုတစ်ဖက်တစ်ချက်စီ ဖမ်းပတ်ထားသည်။

ကျွန်တော်သည် ဆရာမင်းဒေဝနှင့် အပွဲပွဲနွှဲခဲ့ဖူးပါသည်။ ဤမျှလောက် ဆရာမင်းဒေဝရုပ်ပျက်ဆင်းပျက်သေလုမျောပါးဖြစ်နေသည်ကိုမကြုံဘူး၍ ကျွန်တော့်မှာ ရုတ်တရက်ကြောက်ဒူးများပင်တုန်လာမိပါသည်။ လူမည်းနွယ်ပင်ကောင်ကြီးသည် သူ့လက်နှစ်ဖက်ဖြစ်သော နွယ်ပင်များတွင် ဖမ်းမိထားသူများကို နွယ်ပင်ထိပ်ဖျားဖြင့် နှလုံးသွေးများဖောက်ယူနိုင်ရန်ကြိုးစားနေပါသည်။ ဆရာမင်းဒေဝသည် သူ့ကိုသူထက် ဒေါက်တာကြီးကို ကယ်တင်ရန် ကြိုးစားနေသည်ကို တွေ့ရသည်။ ဆရာမင်းဒေဝသည်သူ့ကိုယ်ကို တစ်ရစ်ပြီးတစ်ရစ်တွယ်ပတ်နေသော နွယ်ပင်ကြီးကို ဖယ်ရှားရန်မကြိုးစားဘဲ ဒေါက်တာကြီး ရင်ဘတ်အား



www.burmeseclassic.com

www.burmeseclassic.com



ထိုးဖောက်ရန်ကြိုးစားနေသော နွယ်ပင်ချွန်ကြီးကို သူ့လက်မှ စက်ရောင်ချည်ကြိုးများဖြင့် လှမ်းဆွဲကာတားထားပါသည်။ လူမည်းနွယ်ပင်ကောင်ကြီးမှာ ဒေါက်တာကြီးကို အမိကသတ်လိုသည်ဖြစ်ရာ ဆရာမင်းဒေဝ၏ မှော်စက်ကြိုးကြောင့် သတ်မရဘဲဖြစ်နေသည်ကို လွှန်စွာဒေါသဖြစ်လာပုံရပါသည်။ ဆရာမင်းဒေဝကိုအပြတ်ရှင်းပြီးမှ ဒေါက်တာကြီးကို ရှင်းတော့မည်ဟု ဆုံးဖြတ်လိုက်ပုံရပါသည်။ ဒေါက်တာကြီးကိုလွှတ်ချလိုက်ပြီး လက်နှစ်ဖက်ဖြစ်သော နွယ်ရှင်ကြီးနှစ်ခုစလုံးနှင့် ဆရာမင်းဒေဝအားဖမ်းဆုပ်ဖြစ်ညစ်ပါတော့သည်။

"ဆရာကျောင်း…မ…မ"

ဆရာမင်းဒေဝသည် သေလုမျောပါးဖြစ်နေရာမှ ကျွန်တော်ရောက်လာသည်ကို သိရှိသွားသည်။ ကျွန်တော်သည် သေလုမျောပါးကြားမှ သူအော်ဟစ်လိုက်သော မ…မ ဆိုသည့်အရာကိုနားမလည်ပါ။

'ဘာလဲ ဘာပြောတာလဲဗျ'

ဟုကျွန်တော်က လှမ်းမေးလျှင်သော်မှ သူဖြေနိုင်မည့်အနေအထားမရှိတော့ပါ။ နွယ်ကောင်ကြီးသည် ဆရာမင်းဒေဝကိုလက်စသတ်ချေမှုန်းပါတော့သည်။ တစ်ဖက်ဖြင့်ချုပ်ကိုင်ထားပြီး ကျန်တစ်ဖက်ဖြင့် ရင်ဝကို လွှန်သွားဖြင့်ဖောက်သကဲ့သို့





ဖောက်ပါတော့သည်။ မြင်ကွင်းကရက်စက်လွန်းလှသည်။ သတ္တိကောင်းပါသည်ဆိုသော ဆရာမင်းဒေဝထံမှ မချိတင်ကဲ အံ့ကြိတ်ညည်းငြူသံမှာ ကျွန်တော့်နားထဲသို့ သံရည်ပူလောင်းချလိုက်သလိုဝင်လာသည်။

"မလုပ်နဲ့….."

ကျွန်တော်ဘာမျှစဉ်းစားမနေတော့ဘဲ ရှေ့သို့ပြေးဝင်သွားကာ ညာလက်ကို ဖြန့်ပြီးဆန့်တန်းကာ တားမြစ်လိုက်သည်။

"ဝီ…ဝေါ…ဝေါ"

ကျွန်တော့်လက်ဖဝါးပေါ်မှ အလင်းရောင်များပေါ်ထွက်လာပြီး စာလုံးသင်္ကေတန်များပေါ်လာသည်။ စမ။ ဟုတ်သည်။ ဆရာမင်းဒေဝကျွန်တော့်လက်ထဲသွင်းထားပေးသော စမ စာလုံးများမှာတောက်ပသောရောင်စဉ်တန်းများအဖြစ် နွယ်ပင်ကောင်ကြီးထံပြေးဝင်သွားပါသည်။ တဆက်တည်းလက်ကိုဆန့်တန်းထားလျက် ဆရာမင်းဒေဝနှုတ်တိုက်ချသင်ပေးထားသော မန္တန်ကိုပါ ကျယ်လောင်စွာရွတ်ဆိုပါတော့သည်။

"ဂူး…အူး…အူး…အူး"

နွယ်ပင်လက်တံများပျော့ခွေသွားပြီး ဆရာမင်းဒေဝကိုလွှတ်ချလိုက်သည်။ ကျွန်တော့်မန္တန်က သူ့ကို အတော်အထိနာစေပုံရသည်။ ကျွန်တော့်လက်မှ စမရောင်စဉ်တန်းတွေက သူ့ကိုတ



www.burmeseclassic.com

www.burmeseclassic.com



ဖြည်းဖြည်းလောင်မြိုက်စေလာသည်။ အခိုးများတအူအူထွက်လာသည်။ လှုမည်းကောင်ကြီးမှာ သချိုင်းထဲမှ ထွက်ပြေး၍မရပါ။ သူ့ခြေထောက်များမှာ သစ်ပင်ပင်စည်များသဖွယ် သချိုင်းမြေထဲတွင်နစ်ဝင်ကာ အမြစ်တွယ်နေသောကြောင့်ဖြစ်ပါသည်။ ကျွန်တော်သည် လက်ကိုလည်းအောက်မချရဲ၊ မန္တန်ရွတ်ခြင်းကိုလည်းမရပ်ရဲပါ။ နောက်ဆုံးနွယ်ကောင်ကြီးမှာ မီးသွေးတုံးကြီးသဖွယ်မီးစွဲလောင်မြိုက်လာပြီး အသံဆိုးကြီးနှင့်တစ်ချက်အော်ကာ တောက်လောင်ပြီး ပြာမှုန်များဖြစ်ကာ ပျောက်ကွယ်သွားပါတော့သည်။ ဒီတော့မှ ကျွန်တော်လည်း လက်ကိုအောက်ချရဲပြီး မန္တန်ရွတ်ခြင်းကိုရပ်လိုက်ပါတော့သည်။ တစ်ချိန်တည်းမှာပင် ပတ်ဝန်းကျင်တစ်ခုလုံး အလင်းရောင်များစူးရှလာပါသည်။ လင်းထိန်လွန်း၍ ဘာမှမမြင်ရတော့ပါ။ ထိုအလင်းရောင်ကြီးထဲတွင် ကျွန်တော်မျောပါနေပါသည်။

"ဆရာကျောင်း၊ ဆရာကျောင်း"

ကျွန်တော့်နားနားသို့ကပ်ပြီးခေါ်သံကြောင့်ကျွန်တော်မျက်လုံးများဖွင့်ကြည့်လိုက်ပါသည်။ ကျွန်တော်သည် ဒေါက်တာကြီး၏ အိမ်ပေါ်ထပ်ရှိကုလားထိုင်ပေါ်ပြန်ရောက်နေပြီး ကျွန်တော့်ကိုနှိုးလိုက်သူမှာ ဆရာမင်းဒေဝဖြစ်ပါသည်။

"ဟာ··ဆရာမသေဘူးနော်"





"အေးပေါ့ဗျာ ခင်ဗျားရဲ့အရေးကြုံလို့သက်လုံကောင်းမှုကြောင့် ကျုပ်ရောဒေါက်တာကြီးပါ အိမ်မက်ကျိန်စာဆိုးကနေလွတ်ခဲ့ကြတာဗျို့၊ ဒါတောင်ကျုပ်က စမ၊ စမလို့ သတိပေးတာကိုခင်ဗျားက မေ့နေသေးတယ်မဟုတ်လား"

"ဟုတ်ပါ့ဗျာ၊ ကျွန်တော့်နားထဲ မ မ ပဲကြားနေတာဘာများပါလိမ့်တွေးနေတာဗျ၊ လက်ကိုရှေ့ဆန့်ထုတ်လိုက်တော့မှ စမ တွေက သူ့အလိုလိုထွက်သွားတာဗျ"

"ခင်ဗျားမလာခင် ကျုပ်လည်း တတ်သမျှမှတ်သမျှအင်းတွေဆွဲပြီးတိုက်ပြီးပြီ၊ ဒီကောင်ကြီးကမဖြုံဘူးဗျ၊ နောက်ဆုံးစက်တွေထုတ်ပြီးတဖူးထားရတာ။ ဒါကြောင့် လိုလိုမယ်မယ်ခင်ဗျားကို စမ တွေသွင်းပေးခဲ့တာဗျ။ ကျုပ်က စမ တွေသုံးလို့မရဘူးဗျ သစ္စာဆိုထားတာ၊ ခင်ဗျားကိုတော့ သုံးနိုင်းလို့ရတယ်လေဗျာ၊ သစ္စာလည်းမပျက်ဘူးပေါ့"

"အင်း·တော်သေးတာပေါ့ဗျာ။ ဒီတစ်ခါတော့ အကုန်ကြွပြီထင်နေတာဗျ"

ဒေါက်တာကြီးမှာမူကောင်းမွန်နှစ်ချိုက်စွာ အိပ်မောကျနေပါသည်။

ကျွန်တော်တို့သည် ဒေါက်တာကြီးမှာ ဘေးအန္တရာယ်မရှိတော့ကြောင်း အိမ်သားများကိုပြောပြီးပြန်ခဲ့လေသည်။ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



တို့ကို ကိုထွန်းမောင်က ပြန်ရန်ကားစီစဉ်ပေးပါသည်။

နောက်တစ်နေ့တွင် အော်က်တာကြီးလက်မှတ်ရေးထိုးထားသော ချက်လက်မှတ်တစ်စောင်ရောက်လာပါသည်။ ဆရာမင်းဒေဝက ကျွန်တော့်ကို ချက်လက်မှတ်ပါငွေပမာဏ၏ တစ်ဝက်တိတိခွဲပေးပါသည်။

ထိုနှစ်နွေရာသီသည် ကျောင်းများပိတ်ထားသော်လည်း ဆူဖြိုးသောနွေရာသီအဖြစ်မှတ်တမ်းဝင်ခဲ့ပါတော့သည်။

ကဝေနီ





# ယက္ခညီနောင်အခင်း

နတ်လူသစ်

(၁)

**သဘာဝ**လောကကြီးမှာ ထူးဆန်းအံ့ဩဖွယ်ရာများ၊ သိပ္ပံပညာရပ်များနှင့် လိုက်၍မမီနိုင်သည့်အရာများ၊ ရုပ်[illegible]တရားများနှင့် ပြည့်နှက်နေသည်ဆိုတာကို ဒီဖြစ်ရပ်ကြီး[illegible] ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



သိခဲ့ နားလည်ခဲ့ပါ၏။ ကျွန်တော်ကိုယ်တိုင် တွေ့ကြုံခံစားခဲ့ရ၍လည်း ယနေ့အချိန်ထိ တုန်လှုပ်ချောက်ချားနေဆဲပင် ဖြစ်ပါတော့၏။ အဖြစ်အပျက်က ဒီလိုပါ။

ကျွန်တော့်နာမည်က 'စောအယ်ထူး'ပါ။ အထွေထွေရောဂါကုဆရာဝန်တစ်ယောက်ဖြစ်ပြီး ရန်ကုန်မြို့ကြီးထဲက ပုဂ္ဂလိကဆေးရုံတစ်ရုံမှာ တာဝန်ထမ်းဆောင်နေပါတယ်။ ကျွန်တော်က ရန်ကုန်ဇာတိတော့ မဟုတ်ပါဘူး။ ကရင်ပြည်နယ်၊ ဘားအံမြို့က ဘားအံသားတစ်ယောက်ပါ။ ရန်ကုန်မြို့ကြီးကို တာဝန်နဲ့ ကျွန်တော်ပြောင်းရွှေ့လာတော့ မိဘတွေက မခွဲနိုင် မခွာနိုင်။

ကျွန်တော့်မိသားစုမှာ အပါး(အဖေ)နှင့် အမိုး(အမေ)ရယ်၊ ကျွန်တော်ရယ်ပဲ ရှိတာပါ။ ကျွန်တော်တို့က ကရင်လူမျိုးဆိုတော့ ခရစ်ယာန်ဘာသာကို ကိုးကွယ်ပါတယ်။ ဒါက ကျွန်တော့်မိသားစု.အကြောင်းပါ။

'ခမ်းဝါ'။ သူမက ကျွန်တော် ချစ်ရသည့် ကျွန်တော့်ချစ်သူပါ။ သူနာပြုဆရာမအဖြစ် ကျွန်တော်နှင့်အတူ ဆေးရုံမှာပဲ တာဝန်ထမ်းဆောင်နေပါတယ်။ ခမ်းဝါက တောင်ကြီးဇာတိ တောင်ကြီးသူပါ။ သူမနဲ့ ကျွန်တော်က ဘာသာတူ ကိုးကွယ်သူများလည်း ဖြစ်ကြပါတယ်။ အတိုချုံးပြီးပြောရလျှင်တော့ ခမ်းဝါနှင့် ကျွန်တော် မိဘများကို အသိပေးပြီး ဘုရားကျောင်းမှာ





မင်္ဂလာဆောင်ဖြစ်ခဲ့ကြတော့၏။

လင်မယားဖြစ်ကြသည်မို့ အရင်လိုမျိုး အဆောင်မှာ နေဖို့ကလည်း မဖြစ်။ ဒီတော့ မိတ်ဆွေ သူငယ်ချင်းတွေကို အကူအညီတောင်းပြီး ကျွန်တော်တို့လင်မယား နေထိုင်ဖို့ အိမ်ရှာခိုင်းရတော့၏။ မကြာပါ။ မှော်ဘီဘက်မှာရှိတဲ့ အိမ်တစ်အိမ်ကို ဈေးနှုန်းချိုသာစွာနဲ့ ငှ..ရမ်းဖြစ်ခဲ့ကြတော့၏။

ကျွန်တော်တို့ ငှားရမ်းလိုက်သည့် အိမ်ကြီးမှာ ရှေးဟောင်းနှစ်ထပ်အိမ်ကြီးဖြစ်ပြီး ခြံဝင်းမှာလည်း ကျယ်ဝန်းလှ၏။ ဘေးပတ်ဝန်းကျင်အိမ်များနှင့်လည်း ခပ်ဝေးဝေးမှာ ရှိသည်မို့ ဆိတ်ငြိမ် .မ်းသာစရာပင်။ ခြင်းကို သဘောကျသည့် ကျွန်တော့်အတွက်

အိမ်ကြီးကိုကြည့်ပြီး ကျွန်တော် သဘောကျ နှစ်သက်နေသော်လည်း ဇနီးဖြစ်သူ ခမ်းဝါကတော့ မျက်နှာမသာမယာ ဖြစ်နေလျက်...

"အယ်ထူး ကြိုက်လို့သာ ငှားလိုက်ရတာ၊ ခမ်းဝါစိတ်ထဲမှာတော့ ဒီအိမ်ကြီးကို ကြည့်ပြီး အလိုလိုနေရင်း ကြက်သီးတွေထနေတယ်"

ကလေးတစ်ယောက်လို ကျွန်တော့်လက်မောင်းကို ဆုပ်ကိုင်ရင်း ပြောရှာ၏။ ကျွန်တော်ကတော့ ပြုံးစိစိလုပ်ရင်း...

"ခမ်းရယ်၊ အိမ်ကြီးက ရှေးဟောင်းအိမ်ကြီး ဖြစ်နေလ



www.burmeseclassic.com

www.burmeseclassic.com



ရယ်၊ ရေနံချေးတွေ သုတ်ထားတာလည်းကြောင့် ခမ်းစိတ်ထဲ တစ်မျိုးဖြစ်နေတာပါ၊ ဘာမှမဖြစ်ပါဘူး၊ ကဲ ကဲ ကိုယ်တို့ပစ္စည်းတွေ နေရာချရအောင်နော်''

ဇနီးဖြစ်သူကို အားပေးစိတ်သိမ့်လိုက်ပြီး ကျွန်တော်ကိုလည်း ပစ္စည်းပစ္စယများကို နေရာချဖို့ စီစဉ်ရပေတော့၏။

❑

## (၂)

**ကျွန်တော်တို့** စရောက်သည့်နေ့က တစ်အိမ်လုံးကို သန့်ရှင်းရေးများလုပ်ပြီး ပစ္စည်းများကို သို့နေရာနှင့်သူ နေရာကျအောင် စီမံကြရ၏။ အိမ်ကြီးမှာ အခန်းငါးခန်း ပါဝင်ပြီး အပေါ်ထပ်တွင် အိပ်ခန်းသုံးခန်းနှင့် အောက်ထပ်တွင် အိပ်ခန်း၊ ရေချိုးခန်းနှင့် အိမ်သာ ပါရှိ၏။ လင်မယားနှစ်ယောက်တည်းမို့ အပေါ်ထပ်မှ အိပ်ခန်းတစ်ခန်းကိုသာ ယူပြီး ကျန်သည့်အခန်းများကို ဒီအတိုင်း သော့ပိတ်ထားလိုက်၏။

ကျွန်တော်တို့ လင်မယားနှစ်ယောက်အိပ်သည့် ကုတင်ခေါင်းရင်းဘက်တွင် ခရစ်တော်ပုံ ပန်းချီကားနှင့် လက်ဝါးကပ်တိုင်ကို ချိတ်ဆွဲပြီး လင်မယားနှစ်ယောက်လုံး ဘုရားဝတ်ပြုလိုက်ကြ၏။





ထိုအချိန်မှာပင် 'ဝုန်း' ကနဲ အသံကြီးကို အောက်ထပ်မှ ကြားလိုက်၏။

အသံမှာ ကျယ်လောင်လွန်းလှသည်မို့ ကျွန်တော်တို့နှစ်ယောက်လုံး ဘုရားဝတ်ပြုနေရင်းမှ လန့်သွားကြ၏။

''ဘာ…ဘာဖြစ်တာလဲဟင်၊ အယ်ထူး အောက်ထပ်ကနေ ကြား…ကြားလိုက်ရတာပဲ''

ခမ်းဝါ တုန်တုန်ယင်ယင်နှင့် ကျွန်တော့်ကို မေးလေ၏။

''ကိုယ်လည်း မသိဘူးလေ ခမ်းရယ်၊ ဘာဖြစ်သလဲဆိုတာ သွားကြည့်ရမှာပေါ့၊ လာ ကိုယ်တို့ သွားကြည့်ရအောင်''

''ဟင့်အင်း၊ ဟင့်အင်း၊ ခမ်း မလိုက်ခဲ့ဘူး၊ အယ်ထူး သွားကြည့်၊ ခမ်း ဒီမှာပဲ နေခဲ့မယ်''

အကြောက်အကန် ငြင်းဆန်နေသဖြင့် ကျွန်တော်တစ်ယောက်တည်း အောက်ထပ်သို့ ဆင်းလာခဲ့လိုက်၏။ ဟိုရှာဒီရှာနှင့် လိုက်ရှာကြည့်တော့ ဘာမှမတွေ့ရ။ ပစ္စည်းများလည်း ခြေရာ လက်ရာမပျက်၊ သူခိုးဝင်တာလည်း မဖြစ်နိုင်။

အပေါ်ထပ်မှာ ကျန်နေခဲ့သည့် ခမ်းဝါတစ်ယောက် ကျမ်းစာတွေကိုဖတ်ရင်း အယ်ထူး အမြန်ပြန်လာပါတော့လို့ ဆုတောင်းနေ၏။

''ရှပ်…ရှပ်…ရှပ်…ရှပ်''



www.burmeseclassic.com

www.burmeseclassic.com



ခြေသံက အခန်းအပြင်ဘက်မှ ထွက်ပေါ်လာသဖြင့် ခမ်းဝါ နားထောင်ပြီး…

"အယ်ထူး…အယ်ထူးလားဟင်၊ ခမ်းကို မခြောက်နဲ့နော်"

ထပြီး တံခါးကို ဖွင့်ကြည့်လိုက်တော့ အယ်ထူးကို မတွေ့ရ။ ဘာမှလည်း မရှိ။ စောစောကပင် ခြေသံကို နားနှင့် ဆတ်ဆတ်ကြားလိုက်ရတာမို့ ခမ်းဝါ ဇဝေဇဝါ ဖြစ်နေ၏။

ဒါဆို ဘယ်သူများလဲ။

❑

(၃)

**အောက်**ထပ်ကနေ ကျွန်တော် ပြန်တက်လာတော့ ခမ်းဝါကို အခန်းအပြင်ဘက်မှာ ငေးငိုင်နေသည်ကို တွေ့လိုက်ရ၏။

"ခမ်းဝါ"

"အမယ်လေး…လန့်လိုက်တာ အယ်ထူးရယ်"

"ခမ်းဝါ ဘာဖြစ်နေတာလဲ"

ကျွန်တော် မေးတာကို ခမ်းဝါ ချက်ချင်းမဖြေနိုင်။ တစ်စုံတစ်ရာကို သူမ ရှာဖွေနေမှန်း ကျွန်တော် သိ၏။

"ဟို…ဟို ခုနက အယ်ထူး အပေါ်ကို တက်လာသေးလားဟင်"





"မလာပါဘူး၊ ခုမှ ကိုယ်တက်လာတာလေ၊ ဘာဖြစ်လို့လဲ"

"ခုနတုန်းက ခမ်းဝါတစ်ယောက်တည်း အခန်းထဲမှာ ရှိနေတုန်း အပြင်ကနေ ခြေသံကြားလို့ အယ်ထူး တက်လာတယ်ထင်ပြီး ထွက်ကြည့်မိတော့ ဘာ…ဘာမှမတွေ့ဘူး"

"ကြွက်တွေနေမှာပါ ခမ်းဝါရယ်၊ ကိုယ်က အခုမှ ခမ်းဝါမျက်စိရှေ့မှာတင် တက်လာတဲ့ဥစ္စာ"

"အောက်…အောက်ထပ်မှာရော ဘာတွေ့လဲဟင် အယ်ထူး"

"ဘာမှမရှိပါဘူး ခမ်းဝါရယ်၊ ကဲ လာပါ၊ ခမ်းဝါလည်း ပင်ပန်းနေပြီ၊ အနားယူကြရအောင်"

ကျွန်တော်လည်း ခမ်းဝါကို ချော့မော့ပြီး အခန်းတွင်း ဝင်ရောက်ကာ တံခါးကို ပိတ်လိုက်တော့၏။

❑

မနက်ကျတော့ ကျွန်တော်တို့လင်မယား ဂျူတီအတူဝင်ရမည်ဖြစ်သဖြင့် ပြင်ဆင်ပြီး ထွက်လာခဲ့ကြ၏။ လမ်းတစ်နေရာ ရောက်သော် မိန်းမကြီးတစ်ယောက်က…

"မောင်ရင်တို့က မိုးမခမြိုင်ကို ပြောင်းလာကြတဲ့လင်မယား



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်လား"

ဆိုပြီး မေးလေရာ…

"ဘယ်က မိုးမခမြိုင်လည်းခင်ရဲ့"

ကျွန်တော်လည်း တကယ်မသိစွာဖြင့် ပြန်မေးလိုက်ရ၏။

"အယ်…ဒုက္ခပါပဲ၊ မောင်ရင်တို့ အခုနေတဲ့ ခြံကြီးကို ပြောနေတာ၊ အမယ်လေး ဖြစ်မှဖြစ်ရလေ၊ ကိုယ်နေတဲ့ခြံ ဘာခြံလည်းဆိုတာတောင် မသိရှာပါလား၊ ဘုရား ဘုရား"

"ဒါဆို ကျွန်တော်တို့နေတဲ့ခြံက မိုးမခမြိုင်ခြံပေါ့ ဟုတ်လား အဒေါ်၊ ဟဲ…ဟဲ…မသိဘူးလေဗျာ"

"လုပ်ပြန်ပြီ၊ မိုးမခမြိုင်ခြံအကြောင်းလည်း ဘာမှမသိ၊ ဒါတောင် ရယ်နိုင်သေးတယ်နော်"

မိန်းမကြီးက ဒီလိုပြောတော့ ကျွန်တော် ချက်ချင်း မျက်နှာပြန်တည်လိုက်၏။ မိန်းမကြီးက ဆက်၍…

"မိုးမခမြိုင်ခြံဆိုတာ ဒီဘက်မှာတော့ သရဲအလွန်ခြောက်တဲ့ခြံကြီး"

"ဗျာ"

"ရှင်"

ဒီတစ်ခါတော့ ကျွန်တော်နှင့်အတူ ခမ်းဝါပါ အံ့သြသွား၏။

"ဟုတ်…ဟုတ်ပါ့မလားဗျာ၊ အဒေါ် နောက်ပြောနေ





တာ မဟုတ်လား"

"ဒီမယ် အဒေါ်က ဒီအရပ်မှာ နေလာတာကြာပြီ၊ မင်းတို့ အရင် သုံးလေးဦး ရှိတယ်၊ သူတို့လည်း ကြာကြာမခံဘူး ပြန်ပြေးကြတာ၊ မင်းတို့ မယုံလည်း မတတ်နိုင်ဘူး၊ ကဲ ခွင့်ပြုဦး၊ အဒေါ့်နာမည်က သောင်းတင်၊ ဒီအရပ်ကလူတွေ အကုန်သိတယ်"

ထိုမိန်းမကြီး ထွက်သွားတော့ ကျွန်တော်တို့လင်မယား တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လျက် ကျန်နေခဲ့တော့၏။

"ဘယ်…ဘယ်လိုလုပ်ကြမလဲဟင် အယ်ထူး"

"ကိုယ်တော့ မယုံဘူး ခမ်းဝါ၊ သရဲဆိုတာ တကယ်ရှိတာမှ မဟုတ်တာ၊ အလကား၊ လူတွေ မရှိတာကို လုပ်ပြောနေကြတာ၊ ကဲ လာ၊ သွားကြစို့ကွာ"

ကျွန်တော်လည်း ခမ်းဝါလက်ကိုဆွဲပြီး ထိုနေရာမှ ထွက်လာခဲ့ကြ၏။ ကျွန်တော်က လက်တွေ့သမား၊ သိပ္ပံသမား။ အဲဒီ တစ္ဆေ သရဲတို့ ဆိုတာကို လုံးဝအယုံအကြည် မရှိ။ လူဆိုတာ သေရင် Dead body အလောင်းကောင်ပဲ ဖြစ်မှာပေါ့။ သရဲဆိုတာက လူတွေပါးစပ်ကနေ ဖြစ်လာတာ။ အလကား ယုံတမ်းစကားတွေ။

❑



www.burmeseclassic.com

www.burmeseclassic.com



## (၄)

ဒီနေ့တော့ ကျွန်တော် အချိန်ပိုဆင်းပေးရမည်။ အရေးပေါ် လူနာတစ်ယောက် operation လုပ်စရာရှိ၍ ညလုံးပေါက် ဂျူတီဝင်ရမည်။ ခမ်းဝါကတော့ တာဝန်ချိန်ပြီး၍ ကျွန်တော့်ကို ပြန့်ဖို့စောင့်နေ၏။

"ကိုယ် ဒီည operation ရှိတယ် ခမ်းဝါ"

"ဒါဆို အယ်ထူး မနက်ကျမှ ပြန်လာမှာပေါ့ ဟုတ်လား"

"မနက်ထိတော့ မနေပါဘူး၊ operation ပြီးတာနဲ့ ပြန်ခဲ့မှာပါ၊ ကဲ ပြန်တော့၊ တော်ကြာ မှောင်နေဦးမယ်"

မျက်နှာလေး ညှိုးငယ်စွာဖြင့် ခမ်းဝါပြန်သွား၏။ ကျွန်တော် သိပါသည်။ မိန်းမသားတစ်ယောက်တည်းဆိုတော့ စိတ်အားငယ်မည်ဆိုတာ။ မတတ်နိုင်။ ဂျူတီက ရှိသေးသည်မို့ ခမ်းဝါကို အားပေးစကားပြောပြီး ပြန်လွှတ်လိုက်ရ၏။

ခမ်းဝါ ပြန်ရောက်တော့ အတော်လေး မှောင်နေပြီ။ အိမ်ထဲကိုရောက်တော့ ရှိသမျှ မီးအကုန်လိုက်ဖွင့်၏။ ရေမိုးချိုး၊ အဝတ်အစားလဲပြီး ရှိတာလေးနှင့် စားသောက်ကာ အိပ်ရာဝင်ခဲ့၏။

မအိပ်ခင် ဘုရားဝတ်ပြုလိုက်၏။ တံခါးပိတ်ထားသော်လည်း နောက်ကျောက မလုံချင်။ တစ်စုံတစ်ယောက် ရှိနေသလိုမျိုး ခံစားနေရ၏။ ကျမ်းစာကို ကျယ်ကျယ်ဖတ်ပြီးနောက် အိပ်ဖို့ ဆုံးဖြတ်လိုက်၏။





"ဝေ ...ဝေါ...ဝေါ"

"ဖြန်း...ဖြန်း...ဖြန်း"

"ဖြုန်း"

အိမ်ခေါင်မိုးပေါ်သို့ ဘာတွေကျလာမှန်း မသိ။ အသံများ ဆူညံသွား၏။ ခမ်းဝါ လန့်ပြီး ထလိုက်မိ၏။

"ဝရော...ဝေါ...ဝေါ"

"ဂလောက်...ဂလောက်...ဂလောက်"

အသံများက ခဲတွေကျလာသည့်အသံ။ ဒါကို ခမ်းဝါ သိသည်။ ခမ်းဝါ ဘာလုပ်ရမှန်းလည်းမသိ။ ကြောက်လည်း ကြောက်နေမိ၏။

"အူ...အူ...အူ"

"ဝူ...ဝူ...ဝူ"

ခွေးအူသံများကလည်း ချောက်ချားဖွယ်ရာ ပေါ်ထွက်လာပြန်၏။

"အို၊ အဖ ဘုရားသခင်"

ခမ်းဝါ ဘုရားကို တိုင်တည်ပြီး ဆုတောင်းနေခိုက်

"ရှပ်...ရှပ်...ရှပ်"

ခြေသံ။ ဟိုတစ်ခါကလို ခြေသံ။ အသံက အခန်းအပြင်ဘက်မှာ လာနေတာ။

"ဘယ်...ဘယ်...ဘယ်သူလဲ"



www.burmeseclassic.com

www.burmeseclassic.com



အထစ်ထစ် အငေါ့ငေါ့နှင့် လှမ်းမေးလိုက်၏။ ပြန်ဖြေသံ မကြားရ။

"ဖျတ်"

ရုတ်တရက် မီးကပြတ်သွား၏။ တစ်ခန်းလုံး မှောင်အတိ ကျကာ ခမ်းဝါတစ်ယောက် ချွေးစေးများပင် ကျလာ၏။ ရင်တွေ လည်း ခုန်နေပြီ။ ဟန်းဖုန်းကို ရှာပြန်တော့လည်း မှောင်ကြီးမည်း ကြီးထဲမို့ ရှာလို့မရ။

"အဟီး…အယ်ထူးရေ၊ မြန်မြန်လာပါတော့"

အားငယ်စိတ်၊ ကြောက်ရွံ့စိတ်တွေနှင့် ခမ်းဝါ ငိုနေမိ တော့၏။

'ဖျတ်' ကနဲ မီးပြန်လာ၏။ ခမ်းဝါ စိတ်ကိုတင်းပြီး တံခါးကို ဆွဲဖွင့်လိုက်၏။ ကြည့်လိုက်တော့ အပြင်မှာ ဘယ်သူမှ မရှိ။

ထိုစဉ်…

"ဝုန်း…ဂွမ်း"

ဆိုပြီး အောက်ထပ်မှ ကျကွဲသံများက ရုတ်တရက် ပေါ်ထွက်လာရာ ခမ်းဝါတစ်ယောက် လန့်ဖျပ်ပြီး အော်လိုက်မိ တော့၏။

"အား…"

□





ခမ်းဝါ ပြန်ရလာတော့ ကုတင်ပေါ်မှာ။ အနားမှာ အယ်ထူးအား တွေ့လိုက်ရ၍ ရှိုက်ကြီးတငင် ငိုတော့၏။

"ခမ်း‥သိပ်ကြောက်တာပဲ အယ်ထူးရယ်၊ အဟီး‥ဟီး"

"မငိုပါနဲ့ ခမ်းရယ်၊ အယ်ထူး အနားမှာ ရှိတယ်နော်၊ ခမ်း ဘာမှအားမငယ်နဲ့"

ကျွန်တော်လည်း ခမ်းဝါလက်ကလေးကို ဆုပ်ကိုင်ရင်း နှစ်သိမ့်လိုက်ရ၏။ ခမ်းဝါ ဘာဖြစ်လို့များ ဒီလောက်တောင် ဖြစ်သွားခဲ့ရတာလဲဆိုတာ ကျွန်တော် မသိ။ ခမ်း တစ်စုံတစ်ခုကို ကြောက်နေတာတော့ အသေအချာပင်။

"ခမ်း အားရှိသွားအောင် အိပ်လိုက်ဦးနော်၊ အယ်ထူး ဘေးမှာ ရှိနေမယ် ဟုတ်ပြီလား"

ကျွန်တော်လည်း ခမ်းဝါကို ဆေးတစ်ခွက်တိုက်လိုက်ပြီး အနားယူခိုင်းလိုက်၏။

□

(၅)

"မင်းက သရဲ တစ္ဆေ ဆိုတာကို လုံးဝအယုံအကြည် မရှိဘူးပေါ့ ဟုတ်လား အယ်ထူး"



www.burmeseclassic.com

www.burmeseclassic.com



လုပ်ဖော်ကိုင်ဖက် သူငယ်ချင်းဖြစ်သူ ကျော်စွာက ကျွန်တော့်ကို မေးခြင်းဖြစ်၏။

"ဟုတ်တယ် ကျော်စွာ၊ ငါ မယုံဘူး၊ အခုလိုမျိုး ငါတို့ ဖြစ်ပျက်ကြုံတွေ့နေရတာတွေဟာ တစ်စုံတစ်ယောက် ပယောဂ မကင်းဘူးလို့ ငါထင်တယ်"

"မင်း အဲဒီလို ယူဆရင် မှားသွားမှာပေါ့၊ မင်းပြောသလို တစ်ဦးတစ်ယောက်က အဲဒီလိုလုပ်တယ်ဆိုတာ မင်း ဘယ်လို သက်သေပြမလဲ"

"အို…ဘာပဲဖြစ်ဖြစ်ကွာ၊ ငါတော့ သရဲ တစ္ဆေ ဆိုတာ ယုံလည်း မယုံဘူး၊ လက်သင့်လည်း မခံဘူး"

ကျွန်တော် ဖွတ်ကိုငြင်းသည်။ ထိုအခါ ကျော်စွာ ရှင်းပြသည်က…

"နားထောင်၊ ငါ ရှင်းပြမယ် အယ်ထူး၊ ငါတို့ ဗုဒ္ဓဘာသာမှာ (၃၁)ဘုံဆိုတာ ရှိတယ်၊ အဲဒီ (၃၁)ဘုံဆိုတာက ဗြဟ္မာ့ပြည်က အထပ်(၂၀)၊ နတ်ပြည်က (၆)ထပ်၊ အပါယ်(၄)ဘုံနဲ့ လူ့ဘုံ(၁)ဘုံ စုစုပေါင်း (၃၁)ဘုံ၊ အဲဒီအထဲမှာမှ အပါယ်(၄)ဘုံဆိုတာက…'ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်' ကို ပြောတာ။ အယုတ်အညံ့ဆုံးပေါ့ကွာ၊ လူ့ဘဝ သက်ရှိထင်ရှားရှိစဉ်က မိမိပြုလုပ်လိုက်တဲ့ အကုသိုလ်ကံအကြောင်းတရားပေါ် မူတည်ပြီး ငရဲကျမယ့်သူက ငရဲ၊ တိရစ္ဆာန် ဖြစ်ရမယ့်သူက တိရစ္ဆာန်၊





ဒီလိုမျိုး ခွဲခြားထားတာကွ။ အဲဒီအထဲကမှ မင်း မယုံဘူးဆိုတဲ့ သရဲ တစ္ဆေတို့ဆိုတာ ပြိတ္တာဘုံထဲမှာ ပါတယ်၊ ငါတို့ ဗုဒ္ဓမြတ်စွာ ဘုရား ဟောကြားခဲ့တဲ့ (၃၁)ဘုံဆိုတာပေါ့ကွာ။ ဘုရားဟောကို ဆန့်ကျင်ရင် ဘုရားကို ဆန့်ကျင်တာနဲ့ အတူတူပဲ၊ တခြားဟာတွေ ကိုတော့ မင်း နားလည်အောင် ငါ မရှင်းပြတတ်ဘူး၊ ဒါပေမဲ့ အယ်ထူး၊ တချို့အရာတွေက မယုံကြည်ဘူးဆိုပေမယ့် လက်မခံလို့ မရဘူးကွ"

ဆိုပြီး ကျော်စွာက ချက်ကျလက်ကျ ရှင်းပြ၏။

ကျွန်တော် ဘာပြန်ပြောရမည်နည်း။ ဒါဆိုရင် ကျွန်တော် ကိုယ်တိုင် လက်ခံယုံကြည်ရတော့မှာလား။ ကျွန်တော်က လက်တွေ့ သမား၊ အပြောသမား မဟုတ်။ လက်တွေ့ပြမှ ယုံကြည်မည်။ ဒါ ကျွန်တော့် ခံယူချက်။

❑

ကျွန်တော်တို့လင်မယား ဒီခြံ၊ ဒီအိမ်ကြီးကို ပြောင်းလာကလည်းက တစ်ရက် တစ်ညမှ စိတ်ချမ်းသာ ကိုယ်ချမ်းသာ မနေခဲ့ရ။ ခမ်းဝါဆိုလျှင် အတော်လေး ပိန်ကျသွားသည်ကို တွေ့ရ၏။

ယခုဆိုလျှင် ဒီအိမ်ကြီးကို ရောက်ရှိလာတာ ရက်သတ္တပတ် နှစ်ပတ်ကျော်လာခဲ့ပြီ။ ဒီအိမ်ကြီးမှာ ဖြစ်ပျက်နေတာတွေကလည်း



www.burmeseclassic.com

www.burmeseclassic.com



နှစ်ရက်ခြား တစ်ခါ ဆိုသလို ဖြစ်နေတော့ ကျော်စွာ ပြောသလို လက်ခံယုံကြည်ရတော့မလား။

တစ်ညတော့ ကျော်စွာကို ခေါ်ထားပြီး ဒီအိမ်ကြီးမှာ ဖြစ်ပျက်နေတာတွေကို တွေ့ရစေဖို့ အဖော်ခေါ်ထားလိုက်မိ၏။ ကျွန်တော်တို့လင်မယားနှင့်အတူ ကျော်စွာလည်း အောက်ထပ် ထမင်းစားခန်းမှာ ထိုင်ပြီးစကားပြောနေကြ၏။

ထိုအချိန်မှာပင်...

"ဝေါ...ဝရော...ဝေါ"

"ဖြန်း...ဖြန်း...ဖြန်း"

အိမ်ခေါင်မိုးပေါ်သို့ ခဲများ ကျလာသံက ထွက်ပေါ်လာလေရာ ကျော်စွာက ဓာတ်မီးကိုယူပြီး ဝေါက်ကန့်ထကာ အိမ်ရှေ့ကို ရောက်သွားပြီး ခေါင်မိုးပေါ်သို့ မီးထိုးပြီး ကြည့်လိုက်၏။

"ဘာတွေ့လဲ ကျော်စွာ"

"မင်းအမြင်ပဲ အယ်ထူး၊ ခေါင်မိုးပေါ် ခဲကျလာတဲ့အသံ ငါတို့အားလုံး ကြားတယ်၊ အခု ဘာမှရှိမနေဘူး တွေ့လား"

ကျော်စွာ ဓာတ်မီးနှင့် ထိုးပြရာနေရာမှန်သမျှ ကျွန်တော်လည်း ကြည့်မိလိုက်၏။ ကျော်စွာပြောသလို ဘာဆိုဘာမှ မရှိ။

"ဆန်းလှချည်လားကွာ"

"မင်း အဲဒီထက် ဆန်းတာတွေ ကြုံရဦးမယ် အယ်ထူး"





ကျော်စွာ ဘာကိုဆိုလိုသလဲ မသိ။ သုံးယောက်လုံး အထဲပြန်ဝင်လိုက်ကြ၏။

"ဖျတ်"

ရုတ်တရက် မီးပျက်သွား၍ လုံးဝကို မှောင်အတိ ကျသွား၏။

"ဓာတ်မီးထိုး အယ်ထူး"

ကျော်စွာက ဓာတ်မီးထိုးခိုင်း၏။ ကျွန်တော်လည်း လက်ထဲကိုင်ထားသည့် ဓာတ်မီးခလုတ်ကို နှိပ်တော့ အလင်းရောင် ထွက်မလာ။

"ရလား အယ်ထူး"

"မရဘူးကွ၊ မင်းဓာတ်မီးကော"

"အတူတူပဲ၊ သတိတော့ ထားကြကွာ"

"ခမ်းဝါ မကြောက်နဲ့နော်"

"ဟုတ်...ဟုတ်ကဲ့"

"ဒုန်း...ဒုန်း...ဒုန်း"

အပေါ်ထပ်မှ အသံထွက်ပေါ်လာ၏။

"အပေါ်က အသံကြားရတယ်၊ ကျော်စွာ သွားကြည့်မလား"

"မလိုဘူး အယ်ထူး၊ မင်းသွားကြည့်လည်း ဘာမှတွေ့ရ



www.burmeseclassic.com

www.burmeseclassic.com



မှာမဟုတ်ဘူး''

ကျော်စွာက အသေချာပြော်နေတော့ ကျွန်တော်လည်း ဘာမှလုပ်မရ။

''ဖျတ်''

မီးပြန်လင်းလာ၏။

''ဖျတ်''

မီးပြန်ပျက်သွား၏။

ဒီလိုမျိုး ပျက်လိုက် လာလိုက်နှင့် နောက်ဆုံးတော့ လုံးဝ ကို မပျက်တော့ပေ။ အပေါ်ထပ်က အသံတွေလည်း ငြိမ်သွားပြန် ၏။ ကျွန်တော်တို့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လျက် နောက်ထပ် ဘာတွေဆက်ဖြစ်လာဦးမည်နည်း။ ခမ်းဝါကတော့ အတော်လေးကို ကြောက်ရွံ့တုန်လှုပ်နေလျက်။

''အား''

ကျွန်တော့်ပခုံးကို ဘာကောင် ကိုက်လိုက်သလဲ မသိ။ တော်တော်လေးကို နာကျင်သွား၍ အော်ပင် အော်မိလိုက်၏။

''ဘယ်ထူး…ဘာဖြစ်တာလဲဟင်၊ ဘာဖြစ်တာလဲ''

ခမ်းဝါက ကျွန်တော် အော်လိုက်သည်ကို စိုးရိမ်စွာဖြင့် မေး၏။ ကျွန်တော် ပြန်မဖြေနိုင်။

''အား…''

ကျွန်သည့် ပခုံးတစ်ဖက်ကိုပါ အကိုက်ခံရပြန်၏။





အင်္ကျီကို ဖြဲပြီးကြည့်လိုက်တော့…

''ဟာ''

''အမယ်လေး''

ကျော်စွာနှင့် ခမ်းဝါ မျက်လုံးပြူးပြီး လန့်ဖျပ်သွားကြ၏။ ကျွန်တော့်ပခုံး ပေါ်မှာ သွားရာကြီးတွေ အကွင်းလိုက်၊ သွေးတွေက မြင်မကောင်းအောင် စီးကျနေလျက်။ ဘာကောင်ကိုက်လို့ ကိုက် မှန်းမသိ၊ မြင်လည်း မမြင်ရ။ အကိုက်သာ ခံလိုက်ရ၏။

ရုတ်တရက်…

''အစ်…အစ်''

လည်ပင်း။ ကျွန်တော့်လည်ပင်းကို ဘယ်သူ ညှစ်နေသလဲ မသိ။ ကျွန်တော် လက်နှစ်ဖက်ဖြင့်သာ လည်ပင်းကို ဆုပ်ကိုင်ရင်း 'တအစ်အစ်'နှင့် အသံထွက်ကာ အသက်ရှူပင် ကြပ်နေလေပြီ။

''အယ်ထူး…အယ်ထူး ဘာဖြစ်တာလဲ''

''အမယ်လေး…ကိုကျော်စွာ၊ ကူ…ကူညီပါဦးရှင်''

ကျွန်တော့်လက်များကို ကျော်စွာ ရအောင်ဖြည်ပေးသည်။ ဖြည်လို့ရသော်လည်း လည်ပင်းက အညှစ်ခံထားရတုန်း။ အဲဒီလို ဖြစ်နေတုန်းမှာပင် တစ်စုံတစ်ယောက်က ကျွန်တော့်ကို ဒရွတ်တိုက် ဆွဲပြီးခေါ်သွားသဖြင့် ကျွန်တော် ပါသွား၏။ နံရံမှာ ကျွန်တော့် ခြေကားယား၊ လက်ကားယားကြီးကို ကပ်နေတော့၏။ …နေ တာထက် တစ်စုံတစ်ယောက်က ချုပ်ကိုင်ထားသည့်…ပြင် ပိုမှန်



www.burmeseclassic.com

www.burmeseclassic.com



ပါလိမ့်မည်။

ကျော်စွာနှင့် ခမ်းဝါလည်း ကျွန်တော့်ကို ရအောင်လိုက်ဆွဲလေ၏။ နံရံမှာ ကပ်နေသည့် ကျွန်တော် တဖြည်းဖြည်းနှင့် အပေါ်ကို တက်သွားလေရာ ကြမ်းပြင်နှင့် လေးပေကျော်ကျော်လောက် ရောက်သွား၏။

"ဟာ"

ကျော်စွာ အံ့သြသွား၏။ ဓားတစ်ချောင်း လေထဲမှာ မြောက်တက်လာပြီး ကျွန်တော် ရှိရာကို ချိန်ရွယ်ကာ လှစ်ကနဲဆို ရောက်လာရာ ကျော်စွာ ကျွန်တော့်ကို ဆွဲချတာ မြန်လို့သာပေါ့။ နို့မို့ဆို မတွေးရဲ။ ဘယ်သူ ပစ်လိုက်မှန်း မသိ။

"ပြေး...ပြေးကြတော့"

ကျွန်တော်လည်း အော်ပြီး ကျော်စွာနှင့် ခမ်းဝါကို သတိပေးလိုက်ကာ အိမ်ထဲမှ ထွက်ပြေးလာကြတော့၏။

"ဝုန်း"

တံခါးနှစ်ချပ် ပိတ်သံကြီးကိုတော့ နောက်ဆုံး ကြားလိုက်ရတော့၏။

□





## (၆)

"**မောင်**ရင်တို့ အခုလို ဒုက္ခရောက်ရတာကို ဦးတကယ်ပဲ စိတ်မကောင်းပါဘူးကွယ်၊ ဦးကို ခွင့်လွှတ်ကြပါ၊ ပွဲစားတစ်ယောက် ကောင်းမှုကြောင့် အဲဒီခြံနဲ့ အိမ်ကြီးကို ဝယ်လိုက်မိတာ၊ နောက်မှ နောင်တရမှန်း သိတော့တယ်၊ ဦးတို့မိသားစုလည်း အစက အဲဒီမှာ နေခဲ့ကြပါတယ်၊ နောက်တော့ မောင်ရင်တို့ အခုလို ကြုံတွေ့ရတဲ့အတိုင်း ဦးတို့လည်း တွေ့ကြုံခဲ့ရတယ်၊ ဒါပေမဲ့ ဦးတို့က မောင်ရင်တို့လောက် မဆိုးဝါးခဲ့ဘူး"

မိုးမခမြိုင် ခြံပိုင်ရှင် လူကြီးက အားလုံးကို ဇာတ်ကြောင်းခံ ရှင်းပြ၏။

"အရင်နေခဲ့တဲ့ အိမ်ငှားတွေကော ဖြစ်တာပဲလား ဦးလေး"

"ဖြစ်တယ်၊ သူတို့လည်း အဲဒီလိုပဲ၊ တချို့ဆို ပိုက်ဆံအဆုံးခံပြီးတော့ကို ပြန်ပြေးကြတာ"

"အဲဒါ ဘာကြောင့်လို့ထင်လဲ ဦးလေး"

"သရဲခြောက်တာလို့တော့ ပြောကြတာပဲ၊ ဦးလည်း မသိလို့သာ ဝယ်လိုက်ရတာ၊ အရင်အိမ်ရှင် ဘယ်သူမှန်းလဲ မသိရပါဘူး၊ ဦးတောင် အိမ်သန့်ရှင်းရေး လာလုပ်ရင် တစ်ယောက်တည်း မလာရဲဘူး၊ အလုပ်သမား လေးငါးယောက်လောက် ခေါ်ပြီးမှ လာရတာ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလို လာတော့ကော အခုလို အခြောက်ခံရတာပဲ လား"

"ဆိုပါတော့ကွယ်"

"အဲဒါ သရဲခြောက်တာ မဟုတ်ဘူးဗျ၊ ပုဏ္ဏကတိုက်တယ်လို့ ခေါ်တယ် ဦးလေး"

"ဟေ…ဘယ်လိုကွ၊ ပုဏ္ဏကတိုက်တယ် ဟုတ်လား"

အိမ်ရှင်လူကြီးနှင့်အတူ ကျွန်တော်ပါ အံ့သြသွား၍ ကျော်စွာပြောသည့် ပုဏ္ဏကတိုက်တယ်ဆိုသည်ကို သိချင်၍…

"အဲဒါ ဘာကိုဆိုလိုတာလဲ ကျော်စွာ"

"ပုဏ္ဏကဆိုတာ ဘီလူးကို ခေါ်တာ၊ ဘီလူးစီးတယ် ဘီလူးတိုက်တယ်လို့ ဆိုလိုတယ်၊ ကဲပါ၊ ဒါတွေ ထားလိုက်ပါ၊ ဦးလေးအနေနဲ့ အဲဒီခြံကြီးနဲ့ အိမ်ကြီးကို သန့်သန့်ရှင်းရှင်း ဖြစ်သွားတာကို လိုချင်ပါသလား"

"အောင်မယ်လေး၊ ဘယ့်နှယ်ပြောပါလိမ့် မောင်ရင်ရယ်၊ ကူညီနိုင်ရင် ကူညီပါကွယ်"

ဆိုပြီး မေတ္တာရပ်ခံ အကူအညီတောင်းတော့၏။

"ဒီကိစ္စ ကျွန်တော် ကူညီပါ့မယ်"

ကျော်စွာက ကတိပေးလိုက်၏။

❑





တစ်ရက်။

ကျွန်တော်တို့လင်မယားနှင့်အတူ ခြံပိုင်ရှင်ဦးလေးကြီး၊ ကျော်စွာနှင့် အဘိုးကြီးတစ်ယောက်တို့ မိုးမခမြိုင်ခြံကြီးအတွင်း ရောက်ရှိလာကြ၏။ ကျွန်တော်တို့နှင့်အတူပါလာသည့် အဘိုးကြီးကိုတော့ ကျော်စွာ ခေါ်လာခဲ့ခြင်း ဖြစ်၏။ အဘိုးကြီးနာမည်က ဦးစိန်ကစ်လုံး။

ကျော်စွာက တံခါးကို စတင်ဖွင့်လိုက်၏။

"ကျွီ"

ပတ္တည်းများကတော့ ခြေရာလက်ရာ မပျက်။

"ကဲ အခုချိန်ကစပြီး ဒီအိမ်ကြီးထဲမှာ ဘယ်လိုအစီအရင်တွေ လုပ်ခဲ့သလဲဆိုတာ မြင်တွေ့စေရမယ်၊ မောင်ကျော်စွာ အဘာ မှာလိုက်တဲ့ ကြက်ဖလေး ပေးပါကွယ်"

"ဟုတ်ကဲ့ အဘ၊ ဒီမှာပါ ခင်ဗျာ"

အဘိုးကြီးက ကြက်ဖလေးကို ပိုက်ပြီး…

"ဦး…အထက်ဆရာကြီးများအမိန့်၊ ဒီအိမ် ဒီခြံကြီးထဲမှာ မကောင်းတဲ့ အစီအရင်ရှိလျှင် တွေ့အောင်ဖော်၊ မြင်အောင်ပြ၊ ငါ့ဆရာအမိန့်၊ အထက်ဆရာကြီးများ အမိန့် ဖူး"

ကြက်ဖလေးကို ပါးစပ်နှင့် လေမှုတ်လိုက်ပြီး အောက်သို့ ချပေးလိုက်တော့၏။ ကြက်ကလေးမှာ ဒယိမ်းဒယိုင်နှင့်အိမ်ထဲကို



www.burmeseclassic.com

www.burmeseclassic.com



ဝင်သွားပြီးနောက် အိမ်အပေါ်ထပ် ထုပ်တန်းပေါ်ကို ပျံတက်သွား၏။ ထုပ်တန်းယက်မတစ်ချောင်းကို နှုတ်သီးဖြင့် 'တဒေါက် ဒေါက်' ခေါက်တော့၏။

"အဲဒီနေရာကို ရှာပါ"

အဘိုးကြီးက ခိုင်းလိုက်ရာ ကျွန်တော်နှင့် ကျော်စွာ ထုပ်တန်းပေါ် တက်လိုက်ကြ၏။

"ဂုပ်…ဂုပ်…ဂုပ်"

"ဂလိုင်သံလိုလိုပဲ"

"ခြတွေ စားတာနေမှာ"

"ဟာ၊ ဒါ…ဒါ ဘာတွေလဲ"

လက်ဝါးခန့်ရှိမည့် ကြေးပြားတစ်ချပ်နှင့် ဘီလူးရုပ်တု တစ်ခု။ အဘိုးကြီးက ယူကြည့်ပြီး…

"ဒါကို 'ဒေဝ'အင်းလို့ ခေါ်တယ်၊ 'ဒေဝ' ရှိရင် 'ယက္ခ' ရှိရမယ်"

ပြောရုံရှိသေး၊ ကြက်ကလေးမှာ အောက်ထပ်ကို ဆင်းသွားပြီး နံရံတစ်ခုကို စောစောကလို နှုတ်သီးဖြင့် ခေါက်နေပြန်၏။ နံရံကိုဖျက်ပြီး ကြည့်လိုက်တော့…

"ဟာ…ဒီမှာလည်း တစ်ခု"

"အဲဒါ 'ယက္ခ'အင်းပြား၊ တော်တော်ကြောက်စရာ





ကောင်းပါလား"

"အဘ…ကြက်ကလေး သေသွားပြီလား မသိဘူး"

ကြက်ကလေးမှာ ကြမ်းပြင်ပေါ် လဲကျနေလျက်။

"မသေပါဘူးကွယ်၊ ယူခဲ့ပါ"

အဘိုးကြီးက ကြက်ကလေးကို 'ဖူး'ဆိုပြီး မှုတ်လိုက်ပြန်ရာ ကြက်ကလေးမှာ ပြန်ကောင်းလာ၏။

❑

"ပထမဆုံးတွေ့တဲ့ အင်းကို 'ဒေဝအင်း' လို့ ခေါ်တယ်၊ အောက်ထပ်မှာ တွေ့ရတဲ့ အင်းကိုတော့ 'ယက္ခအင်း' လို့ ခေါ်တယ်၊ ဒေဝယက္ခပေါ့၊ အပေါ်ထပ် အောက်ထပ်ခွဲပြီး စီရင်ထားတာ တအားကြမ်းတယ်၊ အဲဒီအစီရင်ကို ယက္ခညီနောင် အစီအရင် (သို့) ယက္ခညီနောင်အင်းလို့ ခေါ်ကြတယ်"

"ဘယ်သူကများ ဘာရည်ရွယ်ချက်နဲ့ အခုလိုမျိုး စီမံထားရတာလဲ အဘ"

ကျော်စွာရဲ့ အမေး။

"ဒါတော့ အဘပြောလို့ မရဘူး၊ အဲဒါတော့ ခွင့်လွှတ်ကွာ"

"ကဲ ကဲ ကိစ္စတွေလည်း အားလုံးပြီးပြီဆိုတော့ ဒီအင်း



www.burmeseclassic.com

www.burmeseclassic.com



ပြားတွေကို ဖျက်ဆီးရဦးမယ်၊ အားလုံးပဲ ကျုပ်ကို ခွင့်ပြုကြဦး"

"ဟင် အဘကလည်း ချက်ချင်းကြီး နေပါဦးဗျာ"

"အဓိဋ္ဌာန်ဝင်စရာလေး ရှိသေးတာရယ်၊ ဒီအင်းပြားတွေကို ဖျက်ဆီးဖို့ရယ်ကြောင့် ကျုပ်ကို နားလည်ပေးကြပါ"

အဘိုးကြီးက အားလုံးကို နှုတ်ဆက်ပြီး ထွက်သွားတော့၏။

လောကကြီးမှာ ထိုကဲ့သို့ အထင်သေးမရသည့် ပုဂ္ဂိုလ်များလည်း ရှိသေးသည်ဆိုတာကိုတော့ ကျွန်တော် လက်ခံယုံကြည်မိပါ၏။

**နတ်လူသစ်**

□□□





# ကျောက်ကွဲသချိုင်းက ကဝေဂမုန်း

ဘိုးသာခင်

**ကျွဲ**ခြံကုန်းရွာကလေးရဲ့ ရွာဦး ဓမ္မိကာရုံ ဘုန်းတော်ကြီး ကျောင်းဝိုင်းအတွင်း လက်ခွဲ ကျောင်းဆောင်လေးတစ်ဆောင်။ ကျောင်းဆောင်လေးထဲမှာတော့ ကပ္ပိယဖိုးသူတော် ဦးရွှေသီး



www.burmeseclassic.com

www.burmeseclassic.com



သီတင်းသုံး နေထိုင်လေသည်။ ဖိုးသူတော် ဆိုပေမယ့် ဓမ္မာစရိယ စာချတန်း အောင်မြင်ထားသူမို့ ကျောင်းသူကျောင်းသား ကိုရင်လေးများကို စာချပေးနေသလို အင်းအိုင် ခလှဲ့ လက်ဖွဲ့ မန္တရား ဗေဒင် ယတြာ လောကီပညာများကိုလည်း ထီးသုံးနန်းသုံး ဆရာကြီးများရဲ့ နည်းနိသျှည်းများကိုလည်း လက်ဆင့်ကမ်းအမွေ ရထားသူ ဖြစ်လေသည်။

ကျောင်းဆောင်လေးထဲတွင် ဦးသူတော် ဦးရွှေသီး တစ်ယောက် လောကီကျမ်းစာအုပ်ကို စိတ်ဝင်စားစွာ ဖတ်ရှုနေရာမှ စာအုပ်ကို စားပွဲပေါ် ပစ်ချလိုက်ကာ အဆောင့်ပြတင်းပေါက်သို့ ထသွား၍ ပြတင်းပေါက်ကို ဖွင့်လိုက်ပြီး ပြတင်းပေါက်မှ ဆော့ကစားနေကြသော ကျောင်းသူကျောင်းသား ကိုရင်များကို တစ်ချက်အကဲခတ်ကြည့်လိုက်ကာ...

"ဟော့...စိန်ပွနဲ့ စံအေး လာခဲ့စမ်း"

ဟု သူ့ရဲ့ တပည့်နှစ်ယောက်ကို ခေါ်လိုက်လေသည်။ စိန်ပွနဲ့ စံအေး ဆိုသော တပည့်နှစ်ယောက်က အရေးရယ် အကြောင်းရယ်ဆိုရင် အားထားရသော ဘယ်လက်ရုံး ညာလက်ရုံး တပည့်နှစ်ယောက် ဖြစ်လေသည်။ သူတို့နှစ်ယောက်ရဲ့ 'ဓ'က လည်း ခေသူများ မဟုတ်ကြပေ။ အသက်က ၁၆၊ ၁၇ အတွင်း တွေဆိုတော့ ကျောင်းသားကြီးပိုင်းတွေပေါ့။ စိန်ပွ ဆိုတာကတော့ ကျောင်းနာမည်လေ။ နာမည်အရင်းက စိန်ကုလားတဲ့။ နာမည်နဲ့





လိုက်အောင် အသားမဲလေသည်။ သို့သော် ကုလားမဲ မဲခြင်း မဟုတ်။ ဗမာမဲ မဲခြင်းပင်။ နာမည်ရင်း စိန်ကုလားပျောက်ပြီး စိန်ပွနာမည်ပေါက်ရခြင်းအကြောင်းက သည်လိုပါ။ ဘုန်းကြီး ကျောင်းသား ငယ်စဉ်ဘဝက ပြဿနာတစ်ခုကို စိတ်မြန်လက်မြန် ဖြေရှင်းတတ်သည်။ သည်တော့ ကျောင်းသားတိုင်းနှင့် ရန်ဖြစ်ပြီး ဆရာတော်ရဲ့ ကြိမ်ဒဏ်ကို အရိုးကြီးများထင်သည်အထိ ခဏခဏ ခံရလေသည်။ ဒါလည်း မမှု။ ရန်ဖြစ်မြဲ ဖြစ်လေသည်။ ဒါကြောင့် ဆရာတော်က ကျောင်းသားတွေကို ရန်ဖြစ်လို့ ဆုံးမတဲ့အခါမှာ

"တစ်ခါက ဘုန်းကြီးကျောင်းတစ်ကျောင်းမှာ စာသင်သားတွေထဲမှာ ပွကြီးဆိုတဲ့ ကျောင်းသားတစ်ယောက် ရှိသတဲ့၊ အဲသည်ပွကြီးဆိုတဲ့ ကျောင်းသားဟာ ကျောင်းသားတိုင်းနဲ့ အမြဲ ရန်ဖြစ်တတ်သတဲ့၊ သည်တော့ ဘုန်းကြီးအရိုက်ကို ခဏခဏခံရ တာပေါ့၊ ဒါလည်း မမှု၊ ရန်ဖြစ်မြဲပဲတဲ့၊ နောက်တော့ ကျောင်းသား များ ရန်ဖြစ်လို့ ဘုန်းကြီးကို လာလျှောက်တဲ့အခါ လျှောက်တဲ့ ကျောင်းသားက 'ရန်ဖြစ်လို့ဘုရား' ဆိုတာနဲ့ တစ်ပြိုင်တည်း ဘုန်းကြီးက 'ပွကြီးကို မပြောနဲ့၊ ကျန်တစ်ယောက်ကိုပြော' ဘုန်းတော်ကြီးက အဲသည်လို ပြောရလောက်အောင် ပွကြီးက သူတကာနဲ့ ရန်ဖြစ်ခဲ့တာ၊ အခုလည်း ငါ့တပည့် စိန်ကုလား မင်းက ပွကြီးလို ဖြစ်နေပြီ၊ ရန်ဖြစ်တာဘုရားဆိုရင် စိန်ကုလားကို မပြော နဲ့၊ ကျန်တစ်ယောက်ကိုပြော၊ ငါသည်လိုမေးရမယ့်ကိန်း ဆိုက်နေပြီ



www.burmeseclassic.com

www.burmeseclassic.com



ဘုန်းတော်ကြီးက သည်ပုံပြင်လေးကိုပြောပြီး ဆုံးမတော့ ကိုရင်ကြီးတွေ ခန်းနေဦးပဉ္စင်းတွေက ပုံပြင်ထဲက ငပွကြီးနေရာကို စိန်ကုလားကို အစားထိုးမြင်ကြပြီး စိန်ကုလားက ကုလားကိုဖြုတ်၊ စိန်တစ်လုံးကိုယူ၊ ပုံပြင်ထဲက ငပွကြီးဆိုတဲ့ နာမည်ထဲက ပွတစ်လုံးကိုယူပြီး နောက်ရင်းပြောင်ရင်းနဲ့ စိန်ပွ၊ စိန်ပွနဲ့ ခေါ်ရာက နေ ယခု ကျောင်းသားကြီးဘဝ ရောက်သည်အထိ စိန်ပွလို့ နာမည်တွင်သွားတော့သည်။

ဘယ်သူတွေ ဘာပဲပြောပြော, ဖိုးသူတော် ဦးရွှေသီးက တော့ ဒါကိုပင် သဘောကျပြီး ငယ်စဉ်ကတည်းက တပည့်အဖြစ် လက်သပ်မွေးခဲ့သည်။ စိန်ပွတို့ခေတ်ကတော့ ဘုန်းတော်ကြီးများကလည်း ဘာတဲ့ဆို ကိုယ့်တပည့်က သာမှ၊ ကိုယ့်တပည့်က ကျောခဲ့ရမှ ကြိုက်တဲ့ခေတ်ကို။ စိန်ပွတို့ဆိုရင် ကျေးရွာအနှံ့ ဘုရားပွဲ ကျောင်းပွဲ အလှူပွဲတွေမှာ ဘုန်းကြီးနောက်ကလိုက်ရတဲ့ အခါ အခြားကျောင်းက ဘုန်းကြီးကျောင်းသားနဲ့ ရန်ဖြစ်ခဲ့လို့ ကိုယ်ခံခဲ့ရလျှင် ကျောင်းရောက်တော့ ဆရာဖြစ်တဲ့ ဦးပဉ္စင်းဘုန်းကြီး အရိုက်က ခံရသေးတယ်။

စံအေးကတော့ သည်လိုမဟုတ်။ နာမည်နဲ့လည်း လိုက်ပါတယ်။ အေးအေးဆေးဆေး တည်တည်ငြိမ်ငြိမ် နေတတ်တယ်။ ပြဿနာတစ်ခုကို အေးဆေးတည်ငြိမ်စွာနဲ့ ဖြေရှင်းတတ်တယ်။ ဒါပေမဲ့ သတ္တိကတော့ မခေ။ အသားက ဖြူပြီး ရုပ်ကလေးက





လည်း ဥပမိပါတယ်။ စိန်ပွနဲ့ကလည်း တတွဲတွဲနဲ့ ချစ်ကြခင်ကြတဲ့ သည်လိုအတွဲညီလို့လည်း ဖိုးသူတော် ဦးရွှေသီးက ဘယ်လက်ရုံး ညာလက်ရုံး တပည့်အဖြစ် ငယ်ငယ်ကတည်းက လက်သပ်မွေးခဲ့တာပေါ့။ စိန်ပွနဲ့ စံအေးက ကျောင်းဆောင်ကလေးပေါ်တက် ဖိုးသူတော် ဦးရွှေသီးရှေ့ ရှိသေစွာ ထိုင်လိုက်တော့ ဦးရွှေသီးက တပည့်နှစ်ယောက်ကို တစ်ချက်အကဲခတ်ကြည့်လိုက်ကာ…

"အဟာမ်း"

ချောင်းတစ်ချက် ဟန့်လို့ အာရှင်းလိုက်ပြီး…

"ငါ့တပည့်နှစ်ယောက် ငါနဲ့ လိုက်ကြဦးမလား"

"ဘယ်ကိုလဲဘုရား"

"ကျောက်ကွဲသချိုင်း"

ဖိုးသူတော် ဦးရွှေသီးက ပြတ်ပြတ်ပဲ မေးလိုက်လေသော် စိန်ပွနဲ့ စံအေးက 'ဘုရား'တ၊ တစ်ယောက်နဲ့ တစ်ယောက် မျက်လုံးပြူးကြီးများနဲ့ ကြည့်ကာ ငြိမ်သွားကြလေသည်။ သူတို့ နှစ်ယောက်ရဲ့ အဖြစ်ကိုကြည့်ပြီး ဦးရွှေသီးက ထုံးစံအတိုင်း မရယ်ချင့် ရယ်ချင် ရယ်လိုက်သည်။

"ဟဲ ဟဲ ဟဲ၊ ငါ့တပည့်တွေဖြစ်ပြီး သတ္တိနည်းရသလား ကွ၊ ဟဲ ဟဲ ဟဲ"

"သတ္တိနည်းလို့ မဟုတ်ပါဘုရား၊ ဘုရားပွဲ ကျောင်းပွဲ အလှူပွဲတွေသာခေါ်ပြီး သည်ခရီးမျိုး တစ်ခါမှ မခေါ်ဖူးလို့ပါ



www.burmeseclassic.com

www.burmeseclassic.com



သွားတာပါဘုရား"

စိန်ပွက စိတ်မြန်သူပီပီ အွက်လက်စွာ ဖြေလိုက်လေသည်။ စံအေးကလည်း...

"တပည့်တော်တို့က ဒါမျိုး သိပ်ဝါသနာပါတာ၊ လိုက်မယ်ဘုရား"

ဦးရွှေသီးက တပည့်နှစ်ယောက်ကိုကြည့်ကာ ကျေနပ်အားရစွာဖြင့်...

"အေး...ဒါမှ ငါ့တပည့်တွေ ပီသတော့မပေါ့၊ ငါ ဆရာတော်ကိုလည်း ခွင့်တောင်းပြီးပြီ၊ သည်နေ့ လိုတဲ့ပစ္စည်းတွေနဲ့ စားနပ်ရိက္ခာတေ ပြင်ဆင်ထား... နက်စောစော ခရီးစကြမယ် ကွာ၊ ကဲ လာ... ဘ့်ရအောင်"

သူတို့သုံးယေ... ာရှိတာထည့်၊ ယူစရာရှိတာယူ၊ ဆောင်စရာရှိ... ၁ရှုပ်သွားကြလေတော့သည်။

ဖိုးသူတော် ဦးရွှေသီးနှင့်... များဖြစ်တဲ့ စိန်ပွ၊ စံအေးတို့ ဆရာတပည့်သုံးယောက် ဇေ... းမှ အရဏ်ဆွမ်းစားပြီး ခရီးစခဲ့ကြရာ တစ်နေ့တာ ခရီးဆုံးလို့ နေမင်းကြီးတောင် တောင်စွယ်ကွယ်တော့မည်။

"ကဲ...ငါ့တပည့်တို့၊ နေလည်းဝင်တော့မယ်၊ ခရီးလည်း





တစ်ဝက်ကျိုးပါပြီ၊ သည်နေရာမှာ တစ်စခန်းချကြဦးစို့"

ဟု ဆိုကာ တောင်ခြေ လှိုဏ်ငယ်တစ်ခုထဲသို့ ဦးဆောင်၍ဝင်သွားလေသည်။ လှိုဏ်ငယ်ဆုံးသွားတော့...

"ကဲ ငါ့တပည့်တို့ သည်နေရာလေး ကောင်းတယ်၊ လေလည်းကွယ်တယ်၊ အနွေးဓာတ်ကလေးလည်း ရတယ်၊ သည်နေရာလေးကို စခန်းချ တစ်ညအိပ်ကြတာပေါ့"

ဦးသူတော်က အမိန့်ပေးလိုက်တော့ စိန်ပွနဲ့ စံအေးက နေရာလေးကို ရှင်းလင်းလိုက်ပြီး ပစ္စည်းပစ္စယများကို နေရာချထားလိုက်ကာ နီးရာ ထင်းကိုင်းခြောက်များကို စုပုံနေကြလေသည်။ အတော်ပါပဲ၊ သူတို့ ထင်းများ စုပုံပြီးသည်နှင့် နေလုံးကပျောက်သွားကာ အမှောင်ထု ကြီးစိုးလာတော့သည်။ ထိုအခါမှ စိန်ပွက တစ်ညတာအတွက် စုထားသော ထင်းကိုင်းခြောက်များကို မီးဖိုလိုက်သလို စံအေးက စားသောက်ဖွယ်ရာများကို မီးဖိုဘေးမှာ ပြင်ဆင်လိုက်ပြီး ဦးသူတော်ကိုလည်း ကပ်စရာရှိတာကပ်လိုက်ကာ ဆရာတပည့်သုံးယောက် မီးဖိုဘေးမှာ ဘုဉ်းပေးရင်းစားသောက်ရင်း နံနက်ခရီးစဉ်ကို ဆွေးနွေးတိုင်ပင်ကြလေသည်။

"ငါ့တပည့်တို့ မှတ်ထား၊ သည်တောင်က ဓမ္မဥတကတောင်လို့ ခေါ်တယ်၊ တောင်ထိပ်မှာ လိုဏ်ဂူတစ်ခုရှိတယ်၊ အဲသည်လိုဏ်ဂူထဲမှာ ရဟန္တာတစ်ပါး သီတင်းသုံးခဲ့တယ်၊ ငါ မင်းတို့လိုအရွယ်က ငါနဲ့ ငါ့အဖေကိုယ်တိုင် ...တွေ့ရဖူးတင်



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူး၊ ဆွမ်းဦးကို လောင်းခဲ့ရတာ ကိုယ်တွေ့ပဲ၊ အဲသည် ကိုယ်တွေ့ကို မင်းတို့ ဗဟုသုတအဖြစ် ပြောပြမယ်၊ ငါ မင်းတို့ အရွယ် မရှိတရှိအရွယ်ကပေါ့၊ ငါနဲ့ ငါ့အဖေ လှည်းတစ်စီးနဲ့ တောတက်လာကြတယ်၊ သည်စခန်းမှာပဲ သားအဖနှစ်ယောက် တစ်ညအိပ်စခန်းချကြတယ်၊ တို့စခန်းချတဲ့နေရာနဲ့ သည်တောင်ကြီး အကြားမှာ ထယ်ရေး မပြင်ရသေးတဲ့ ယာခင်းပြင်ကြီးက ခြားထားတယ်၊ ယာခင်းပြင်ကြီးရဲ့ တစ်ဖက်မှာတော့ စခန်းအသီးသီးမှာ လှည့်လည်ပြောင်းရွှေ့နေထိုင်ကြတဲ့ ကုလားနွားခြံတွေ ရှိတယ်၊ သည်လိုနဲ့ နံနက်လင်းတော့ တို့လည်း ခရီးဆက်ဖို့ လှည်းပြင်နေတုန်းမှာ သည်တောင်ပေါ်က ဆွမ်းခံကြွမလို့ သပိတ်တစ်လုံးလွယ်ကာ ဆင်းလာပြီး ယာခင်းကြီးထဲက ဖြတ်ကာ ရွာတွေရှိတဲ့ဘက်ကို ဆွမ်းခံကြွသွားတာ ဖူးတွေ့လိုက်ရတယ်၊ သည်တုန်းကတော့ တို့လည်း အမှုမဲ့ အမှတ်မဲ့နဲ့ လှည်းစီးပြီး ခရီးဆက်သွားကြတယ်၊ သည်လိုနဲ့ တို့လည်း တောထဲက သစ်တွေတင်ပြီး ပြန်လာတော့ သည်နေရာလေးမှာပဲ တစ်ညအိပ်စခန်းချပြန်တယ်၊ သည်တော့ ယာခင်းပြင်ကြီးက ထယ်ရေးပြင်ပြီးလို့ ထယ်စာခဲပြင်ကြီး ဖြစ်နေပြီလေ၊ ဒါနဲ့ နံနက်လင်းတော့ အစောစားစားဖို့ ငါ ထမင်းအိုး ထတည်တော့ သည်တောင်ပေါ်က သပိတ်ကိုလွယ်ပြီး ရဟန်း တစ်ပါး ဆင်းလာတာကို ငါမြင်ရတယ်၊ ငါကတော့ အမှုမဲ့ အမှတ်မဲ့နဲ့ပဲ ထမင်းအိုးကိုပဲ ဂရုစိုက် နှပ်နေလိုက်တယ်"





ဦးသူတော်က စံအေး ကပ်လာသော ညချင်းသုတ်ပန်းကန်ကို အကပ်ခံယူလိုက်ပြီး တစ်ဇွန်းစားလိုက်ကာ အနားရှိ အကြမ်းပန်းကန်ကိုယူပြီး 'ဖွပ်'ကနဲ တစ်ကျိုက် ကျိုက်လိုက်ပြီး စကားကို ဆက်လေသည်။ စိ... သားနဲ့ စံအေးကတော့ ထမင်းစားရင်း နားထောင်လျက်...

"ငါလည်း ထမင်းအိုးနှပ်ပြီးရော ယာခင်းထယ်စာခဲပြင်ကြီးတစ်ဖက်က နွားခြံကုလားတွေ ကျွက်စီ ကျွက်စီနဲ့ အသံကြားလို့ ထယ်စာခဲပြင်ကြီးဆီ ငါလှမ်းကြည့်လိုက်တော့ စောစောက ငါမြင်လိုက်တဲ့ ရဟန်းက ထယ်စာခဲပြင်ကြီးပေါ် နှစ်တောင်အမြင့်ကနေ တို့ဆီ ရှာန်နဲ့ကြွလာတာကို ငါဖူးမြင်ရသလို နွားခြံက ကုလားတွေလည်း မြင်ရတော့ အုတ်အော်သောင်းနင်းနဲ့ တို့ဆီကို လာကြတာပေါ့၊ ငါနဲ့ ငါ့အဖေကလည်း ဦးချကန်တော့နေကြတာပေါ့၊ တို့ ဦးချကန်တော့နေတုန်းမှာပဲ တို့ရဲ့ ဦးထိပ်မြေပြင်မှာ အုံ့ညခြင်းနဲ့ ခြေတော်အစုံချလို့ ရပ်တော်မူတယ်၊ ငါကတော့ အုံ့ညခြင်းနဲ့ အုံ့အားသင့်နေချိန်မှာ အဖေက ကပျာကယာသုတ်သက်နဲ့ နေရာထိုင်ခင်း လုပ်ပေးပေမယ့် သီတင်းသုံးတော်မမူဘဲ ခြေတော်အစုံရပ်ကာ သပိတ်ကို ဖွင့်ပေးလေတယ်။ သည်တော့မှ အဖေက နှပ်ပြီးသား ထမင်းအိုးထဲက ထမင်းတွေကို လောင်းလှူလိုက်တယ်၊ အဖေ ဆွမ်းလောင်းပြီးတာနဲ့ ဟစ်ပြိုင်တည်း ... သည် ရဟန်းဟာ တစ်ဖက်တောစပ်ကို ဆက်လက်ကြွ...သွားကာ



www.burmeseclassic.com

www.burmeseclassic.com



တစ်ခဏလေးနဲ့ ပျောက်သွားလေတယ်။ ပြေးလိုက်လာကြတဲ့ နွားခြံကုလားတွေလည်း တို့ဆီ ရောက်လာပြီး အံ့သြကြ ချီးကျူးကြနဲ့ တို့ကို ပေးမြန်းကြ၊ တောစပ်ထဲ လိုက်ရှာကြနဲ့ အုန်းအုန်းကျွက်ကျွက် ဖြစ်သွားတာပေါ့။ နောက်တော့ သည်ရဟန်း သည်တောင်ကို ပြန်ကြွလာမှာပဲဆိုပြီး တို့လည်း ခရီးမဆက်သေးဘဲ စောင့်ကြသလို နွားခြံကုလားတွေလည်း ဘယ်မှမသွားဘဲ စောင့်ကြတာပေါ့။ ဒါပေမဲ့ နေသာကုန်သွားတာ၊ ရဟန်းက ပြန်ကြွမလာတော့ နောက်တော့ တောင်ထိပ်ဂူထဲကို တက်ကြည့်ကြတော့ ဂူထဲက ကျောက်ဖျာကြီးတစ်ချပ်ပေါ်မှာ ရေအိုးလေး ရေအပြည့်နဲ့၊ သစ်သားခေါင်းအုံးလေးတစ်ခုပဲ တွေ့ရတယ်။ သည်တော့မှ ကုလားတွေလည်း လက်လျှော့ပြန်ကြသလို တို့လည်း လက်လျှော့ပြီး ခရီးဆက်ခဲ့ကြတယ်။ အဲသည်တော့ကာ ငါ့တပည့်တို့ကို ပြောလိုတာက သည်ဓမ္မဥတကတောင် ဆိုတာက သာမန်မဟုတ်ဘူး၊ ထွက်ရပ်ပေါက် အောင်မြေစခန်းတစ်ခုဖြစ်တယ် မှတ်ထားကြ၊ တို့လည်း တို့ခရီးအောင်မြင်အောင် အတိတ်နိမိတ်ယူပြီး သည်အောင်မြေစခန်းကို တစ်ညတာ ခိုလှုံရတာပေါ့ကွာ၊ ကဲ ငါ့တပည့်တို့လည်း စားသောက်ပြီးကြရင် အိပ်ကြဦးစို့ရဲ့၊ မနက်လည်း ခရီးဆက်ရဦးမယ်''

ဦးသူတော်ရဲ့ စကားကို အဆုံးသတ်လိုက်ကာ သူတို့အားလုံး တစ်ညတာ အိပ်စက်အနားယူကြလေတော့သည်။





(သည်နေရာတွင် ကျွန်တော့်ရဲ့ စာဖတ်ပရိသတ်အား လေ့လာချင်တယ်၊ အောင်မြေစခန်းကို အတိတ်နိမိတ်ယူလို့ ခိုလှုံချင်သပဆိုရင် ကျွန်တော် စေတနာနဲ့ သတင်းကောင်းပါးလိုက်ပါသည်။ ၎င်းဓမ္မဥတကတောင်သည် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင်၊ မတ္တရာမြို့နယ်၊ ကင်းရွာအရှေ့ နှစ်မိုင်အကွာ ကင်းရွာနဲ့ ဇီးဖြူပင်ရွာသွား တောထဲကားလမ်းနံဘေးမှာ ကည်ရှိပါသည်။ ယခုအချိန်မှာ တောင်လုံးပြည့် ဒဟတ်ပင်များ အစီအရီ ပေါက်လျက် သာယာလှပလျက် ရသေ့တစ်ပါး သီတင်းသုံးနေထိုင်လေသည်။)

တစ်တောကိုဝင် တစ်တောင်ကိုတက်-၍ တစ်ကုန်းကို ကျော်၊ တစ်ချိုကို ငုံ့လျှိုး၊ တစ်နေထွက်ကာ တစ်မိုးချုပ်ထော့မှာမို့ နေဝန်းနီကြီးက မြင့်မားမတ်စောက်လှတဲ့ ကျောက်ကမ်းပါးရဲ့ကြီး အစွန်းမှာ တင်နေလေပြီ။ ဖိုးသူတော် ဦးရွှေသီးတို့ ဆရာတပည့် သုံးယောက် တောတွင်းသို့ ဝင်ရောက်လာရာ တောက တဖြည်းဖြည်း နက်လာကာ ကျောက်တုံးကျောက်ဆောင် တောင်ကမ်းပါးယံ ကျောက်လျှိုမြောင်တို့အလယ်မှာ မြင့်မားမတ်စောက် ထီးထီးကြီး ကမ်းပါးယံကြီးတစ်ခုကို မြင်ရလေသော်…

''အင်း…ငါ့တပည့်တို့ ရှေ့ကမြင်နေရတဲ့ ထီးထီးကျောက်ကမ်းပါးယံကြီးဟာ ကျောက်ကွဲချောင်လို့ ခေါ်တယ်၊ အဲဒီကျောက်ကမ်းပါးယံကြီးရဲ့ အတွင်းဘက်မှာ ကျောက်ကွဲသင်္ချိုင်းဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



ရှိတယ်၊ ဟိုကျ တွေ့ရလိမ့်မယ်၊ ကဲ ဆက်လျှောက်ကြ''

ဆရာတပည့်သုံးယောက် ဆက်လျှောက်လာကြရာ ကျောက်ကမ်းပါးယံကြီးနားသို့ နီးသည်ထက် နီးပြီးလာလေသည်။ ကျောက်ကမ်းပါးယံကြီးအခြေသို့ ရောက်မှ ကျောက်ကမ်းပါးယံကြီးက မိုမိုမြင့်မားမတ်စောက် ကြီးမားကြောင်း သိရလေသည်။ အခြေက မော့ကြည့်လိုက်လျှင် ခေါင်းပေါင်း ဦးထုပ် နောက်သို့ လန်ကျလေမည်။ ဘေးအကျယ်က ပေနှစ်ရာကျော် သုံးရာလောက် ရှိလေမည်။ ကျောက်ကမ်းပါးယံကြီးရဲ့ အလယ်တည့်တည့်မှာ တစ်လံသာသာရှိ အက်ကြောင်းကြီးက ကမ်းပါးယံကြီးကို ခေါင်လိုက်ခွဲထားလေသည်။ ဒါကြောင့်လည်း ကျောက်ကွဲချောင် ကျောက်ကွဲသချိုင်းဟု အမည်တွင်လေသည်ဟု ထင်သည်။

သူတို့သုံးယောက်က ကမ်းပါးယံကြီး ခြေပတ်လမ်းကလေးအတိုင်း နောက်ကျောဘက်သို့ ဝင်လိုက်သော် အမှောင်ထုက ကြီးစိုးလာသလို ကောင်းကင်၌ ကြယ်ကလေးများ ဝန်းရံလျက် ဆန်းသစ်စ လခြမ်းကလေးတောင် ရှိသမျှ အလင်းရောင်ကို ဆောင်နေလေပြီ။ မှုန်ပျပျ လရောင်အောက်မှာ သူတို့ရောက်နေသည်က နှစ်ကေလောက်ကျယ်မည့် ခန့်မှန်းရသော ကုန်းမို့မို့လွင်ပြင်လေးတစ်ခုပေါ်တွင် လွင်ပြင်ဟု ဆိုရသော်လည်း ချုံပင်များ ချုံတန်းများ ဂမုန်းပင်များဟု ထင်ရသော အရွက်ဖားဖားနဲ့ အပင်ပုများကို ပေါက်ရောက်နေသည်ကို ဆန်းသစ်စ လရောင်လေး





အောက်မှာ တွေ့မြင်နေရသည်။ အရွယ်မျိုးစုံလှသော အရိုးအိုးလိုလို မှန်ပေါက်လိုလို စေတီပျက်များလိုလို မဲမဲငုတ်တုတ်တချို့ ငုံးတိတိတချို့က နေရာအနှံ့အပြား လရောင်အောက်မှာ မြင်နေရသည်က ချောက်ချားဖွယ်ရာ။ သည်လိုနဲ့ တဖြည်းဖြည်း ဆက်လျှောက်လာခဲ့ရာ ကုန်းမြေအလယ်လောက်အရောက်မှာတော့ အလွန်အိုမင်းယိုယွင်းနေပြီဖြစ်သော မဲမဲမှောင်မှောင် ဇရပ်ကြီးတစ်ဆောင်မှ လေတိုးလိုက်တိုင်း ပျက်စီးနေတဲ့ တံခါးရွက်များက ညည်းသံလို တအီအီမြည်နေတဲ့အသံ၊ ကွာနေတဲ့သွပ်များက တဖျန်းဖျန်းအသံများက သူတို့ကို မကောင်းဆိုးဝါးများက ချောက်လှန့်နေသလိုလို သံချက်များပြုတ်ကာ တန်းလန်းကျနေတဲ့ အသားချောင်းများက လေဝှေ့လိုက်တိုင်း အသားချင်းပွတ်ကာ တကျွတ်ကျွတ် မြည်နေသည်က လူတစ်ယောက် ဝေဒနာခံစားနေရကာ စုတ်ထိုးနေတဲ့အသံလို ကျောချမ်းစရာကောင်းလှသည်။ ဇရပ်ပျက်ကြီးရဲ့ တစ်ဖက်တွင် ရှိနေသော မတ်တတ်ခြောက်သေနေပြီး အရွက်မရှိတော့သော သစ်ခြောက်ပင်ကြီးနှစ်ပင်က လေထဲမှာ ယိမ်းနွဲ့နေသည်က မကောင်းဆိုးဝါးကြီးနှစ်ကောင်က အရိုးခြောက်လက်ကြီးများနဲ့ လှမ်းဖမ်းနေသလိုမျိုးမို့ စိန်ပွနဲ့ စံအေးက နောက်သို့တစ်ချက်တွန့်သွားရာ…

''ဟ…ငါ့တပည့်တို့ ကြောက်နေကြသလား ဘာမှ မကြောက်ကြနဲ့၊ မင်းတို့ကို ငါပေးထားတဲ့ အဆောင်က မင်းတို့ကို



www.burmeseclassic.com

www.burmeseclassic.com



ဘယ်အကောင်ကမှ အန္တရာယ်မပြုနိုင်ဘူး"

"မကြောက်ပါဘူးဘုရား၊ အစိတ်တမဲ့ သတိလွတ်သွားတာပါဘုရား"

"အေး..အေး၊ အစစအရာရာ သတိထားကြ၊ ကျောက်ကွဲသချိုင်းဆိုတာ ဒါပဲ၊ သည်ဇရပ်ကြီးထဲမှာ စခန်းချကြမယ်၊ အထဲက မှောင်နေတယ်၊ မီးအိမ် အရင်ထွန်းကွာ၊ မီးအိမ်ထွန်းပြီးမှ အထဲဝင်ကြမယ်"

ဦးသူတော် ပြောလိုက်တော့ သုံးယောက်သား ဇရပ်ပျက်ကြီးလှေကားရင်းမှာ ခဏရပ်ကြပြီး မီးအိမ်ကို ထွန်းညှိနေကြစဉ်..

"အူဝဲ..အူဝဲ...အူဝဲ"

နို့စို့ကလေးတစ်ယောက်ရဲ့ သဲသဲမဲမဲ ငိုသံက သူတို့သုံးယောက်ရဲ့နားမှာ အထင်အရှား ကြားလာရသည်။ ဇရပ်ပျက်ကြီးပေါ်ကလို့ ထင်ရသည်။ မီးအိမ်ကိုကိုင်ပြီး မီးညှိနေသော စံအေးက မြုန်းကနဲ ထရပ်လိုက်ရာ ကြောက်လန့်တကြားဆိုတော့ ဦးသူတော်ရင်ခွင်ထဲသို့ ရောက်သွားသလို စိန်ပွကလည်း ဦးသူတော်နားသို့ ကပ်လျက်သား ဖြစ်သွားလေသော် ဦးသူတော် ဖိုးရွှေသီးကတော့ ထုံးစံအတိုင်း မရယ်ချင့် ရယ်ချင် ရယ်လိုက်ကာ...

"ဟဲ...ဟဲ...ဟဲ...ငါ့တပည့်တို့ ကြောက်စရာမဟုတ်ပါဘူးကွာ၊ ဟား...ဟား...ဟား..."

တစ်ချက်ရယ်လိုက်ကာ စံအေး ထွန်းညှိထားသော





မီးအိမ်ကို ကောက်ယူလိုက်ကာ...

"ကြောက်ကွဲသချိုင်းကတော့ တို့ကို နှုတ်ဆက်ကြိုဆိုနေပြီဟေ့၊ လာ ငါ့နောက်က အသာလိုက်ခဲ့ကြ"

ဟု ဆိုကာ ဇရပ်ပျက်ကြီးပေါ်သို့ ရှေ့ကနေ တက်သွားလေသည်။ စိန်ပွင့်နဲ့ စံအေးကတော့ ဦးသူတော်နောက်မှ ခပ်ကုပ်ကုပ်ကလေး လိုက်ခဲ့ကြရာ ဇရပ်ပေါ်ရောက်တော့ မီးအိမ်မှိန်ပျပျအောက်မှာ တွေ့လိုက်ရတဲ့ မြင်ကွင်းကြောင့် စိန်ပွနဲ့ စံအေးက ဦးသူတော်ရဲ့နောက်ကို ရုတ်တရက် ပုန်းကွယ်လိုက်သလို ဖြစ်သွားလေသည်။ မီးအိမ်မှိန်ပျပျအောက်မှာ ဝိုးတဝါးမြင်ရတဲ့ မြင်ကွင်းက ဗိုဖိုင့်ဖိုင့် မိန်းမကြီးတစ်ယောက်က အပေါ်ဗလာကျင်းပြီး ထမီရင်လျားကို ဖြည်လျှော့၍ ကားယားဖြဲကြီးထိုင်ကာ ဆံပင်ဖားလျားကြီးနဲ့ ကလေးကို နို့တိုက်နေလေသည်။ မျက်နှာကတော့ စိန်ပွတို့အမြင်မှာ မသဲကွဲ။ ဦးသူတော်က မိန်းမကြီးရှေ့ ခြေစုံရပ်လိုက်စဉ်...

"အဟိ...အဟိ...အဟိ...အဟဲ...ဟဲ...ဟဲ"

မိန်းမကြီးက ရယ်ရင်းနဲ့ ရင်ခွင်ထဲ နို့စို့နေသော ကလေးကို လက်နှစ်ဖက်နှင့် ချိုင်းမှမြှောက်ကာ ရှေ့သို့ ချပေးလိုက်စဉ် နို့စို့ကလေးလေးက ခြေကားယား လက်ကားယား တုန်တုန်ဆတ်ဆတ်နဲ့ ဦးသူတော်ဆီသို့ လျှောက်လာပြီး ရုတ်တရက် ဦးသူတော်ရဲ့ လက်ကို ဖမ်းဆွဲလိုက်ကာ သွေးဆာနေသော ဖုတ်ကောင်ကလေးကောင်



www.burmeseclassic.com

www.burmeseclassic.com



ပမာ အငမ်းမရကို ဖြတ်ကိုက်ဖွဲ့လေတော့သည်။ သို့သော် ဦးသူတော် ဖိုးရွှေသီးကတော့ ထုံးစံအတိုင်း 'ဟဲ…ဟဲ…ဟဲ' မရယ်ချင့် ရယ်ချင် ရယ်လျက်ပင် အတန်ငယ်ကြာမှ ခါးမှ ခါးပန်းကြိုးကို ဆွဲဖြုတ်လိုက်ကာ တစ်ချက်ဝှေ့ယမ်းပြီး ဆန့်ထုတ်လိုက်ရာ 'ဒုန်း…ဒုန်း…ဝုန်း' အသံကြီးနဲ့အတူ နို့စို့ကလေးလေးမှာ တလိမ့်မေါက်ကွေး နှစ်လိမ့် သုံးလိမ့် လိမ့်ပြီး ဇရပ်လှေကားမှကျကာ ပျောက်ကွယ်သွားလေသည်။ စိန်ပွနဲ့ စံအေးကတော့ ဦးရွှေသီးနောက်မှာ ပုန်းကွယ်နေမြဲပင်။

တစ်ဖန် ဝဖိုင့်ဖိုင့် မိန်းမကြီးက ဆံပင်ဖားလျားကြီးကို တစ်ချက်ခါယမ်းလိုက်ကာ ထမီရင်လျားကြီး ပြင်ဝတ်လိုက်ပြီး 'အဲ ဟဲ…ဟဲ…ဟဲ' အသံကြီးပြုလို့ ချွန်ထက်ရှည်လျားသော လက်သည်းကြီးများနှင့် လက်ကြီးနှစ်ဖက်ကို ရှေ့သို့ဆန့်တန်းကာ ဦးသူတော်ဆီသို့ တရွေ့ရွေ့လျှောက်လှမ်းလာကာ လက်ကြီးနှစ်ဖက်ကို ဝှေ့ယမ်းကာ ဦးသူတော်အား ဆွဲကုတ်လိုက်လေသည်။ ဦးသူတော်ကို ကုတ်မိလေသည်။ သို့သော် အရိပ်ကို ကုတ်ရသလို ရေကို ကုတ်ရသလို ဦးသူတော်ကိုယ်မှာ အရာမထင်၊ ဘာမျှ မဖြစ်ပေ။ သည်တော့ကာ မိန်းမကြီးက ပြင်းထန်သော ဒေါသနဲ့ 'အီး…ဟီးဟီး…ဟီး‥' အံတစ်ချက်ကြိတ်လိုက်ကာ ဦးသူတော်အား ပုံစံအမျိုးမျိုးနဲ့ တိုက်ခိုက်လေသည်။ တရကြမ်းဝင်၍ လုံးသည်။ အတင်းကုတ်ဖွဲ့ ကိုက်ဖြတ်သည်။ ဦးသူတော်ကတော့





ထုံးစံအတိုင်း မရယ်ချင့်ရယ်ချင်နှင့် 'ဟဲ…ဟဲ…ဟဲ' အရယ်မပျက် ဦးသူတော်ရဲ့ ခန္ဓာကိုယ်ကြီးက အရိပ်ပမာ အခိုးအငွေ့တွေ ဖြစ်နေလေသည်။

ဒါကြောင့် ကုတ်မရ ဖမ်းမရ ချုပ်မရ ကိုက်မရ ဖြစ်နေလေသည်။ ကြာလာတော့ သရဲမိန်းမကြီးလည်း မောသွားပြီထင့် ခဏမျှ ငြိမ်သွားစဉ် ဦးသူတော် ဖိုးရွှေသီးက လက်ထဲ၌ အသင့်ကိုင်ထားသော ခါးပန်းကြိုးကို တစ်ချက်ဝှေ့ယမ်းလိုက်ရာ 'အီး‥ဟီး ဟီး ဟီး' ညည်းသံကြီးနဲ့အတူ လူတစ်ယောက်ကို ကြိုးနဲ့အပိုင်တုပ်ပြီး ဆွဲဆောင့်ထိုင်ခိုင်းလိုက်သလို သရဲမကြီးမှာ ဒူးတုပ်ရက် ထိုင်လျက်သား ဖြစ်သွားလေသည်။

''အီးဟီး‥ဟီး…အား''

သရဲမကြီး အံကြိတ်ကာ ရုန်းလေသည်။ ရုန်းလေ ကြိုးက ကြပ်သွားသလို ပုံစံမျိုး ဖြစ်နေလေရာ ကြာလာတော့ သရဲမကြီး မျက်လုံးကြီးပြူးပြီး ငြိမ်သွားလေသည်။ ဖိုးသူတော် ဦးရွှေသီးကတော့ 'ဟဲ…ဟဲ…ဟဲ' လက်နှစ်ဖက် နောက်ပစ်ကာ အရယ်မပျက်။ သရဲမကြီးက အမောပြေသွားမှ…

''အရှင် ကျွန်ုပ်ကို ချမ်းသာပေးပါ၊ အရှင့်ကို ကျွန်ုပ် ရှုံးပါတယ်''

''သည်လိုပဲ ဖြစ်ရမှာပေါ့၊ ဟဲ ဟဲ ဟဲ''

ထိုအခါမှ စိန်ပွနဲ့ စံအေးက ဦးရွှေသီးရဲ့နောက်ပုန်းကွယ်



www.burmeseclassic.com

www.burmeseclassic.com



နေရာမှ ဘေးသို့ ထွက်ရပ်လိုက်ကြသည်။

"အရှင် ကဝေဂမုန်း လာရှာတယ်ဆိုတာ ကျွန်ုပ်သိပါတယ်၊ အရှင်ကို မနိုင်မှန်းလည်း သိပါတယ်၊ ဒါပေမဲ့ တာဝန်နဲ့ ဝတ္တရားအရ ပြုရတာကို ခွင့်လွှတ်တော်မူပါ အရှင်"

"အေး၊ ငါ ခွင့်လွှတ်ပါတယ်၊ ဒီကဝေဂမုန်းကို နင့်ဆီကလည်း ငါ မယူပါဘူး၊ နင့်ရဲ့ အကြီးအကဲတွေ ဆိုင်ရာပိုင်ရာက ယူမှာပါ၊ နင့်ဝတ္တရားကျေပြီမို့ နင့်နေရာနင် သွားတော့၊ ငါခွင့်လွှတ်တယ်"

ဟု ဦးရွှေသီးက ပြောလိုက်ကာ လက်ထဲမှ ခါးပန်းကြိုးကို တစ်ချက်ဝှေ့ယမ်းလိုက်ရာ သရဲမကြီးမှာ ကြိုးပြေသွားသလို ဖြစ်ကာ တုန်တုန်ဆတ်ဆတ်နဲ့ မတ်တတ်ထကာ ဇရပ်လှေကားမှ ဆင်းသွားပျောက်ကွယ်သွားလေတော့သည်။

"ကဲ…ငါ့တပည့်တို့ ကျောက်ကွဲသချိုင်းကတော့ တို့ကို ကြိုဆိုနှုတ်ဆက်ပြီးသွားပြီ၊ နဘယ် ဘေးမရှိဘဲ၊ မင်းတို့လည်း ခရီးပန်းလာကြတယ်၊ ငါလည်း နည်းနည်းမောသွားတယ်၊ နေရာထိုင်ခင်းပြင် အိပ်ကြမယ်ကွာ"

ဦးသူတော်က အမိန့်ပေးလိုက်တော့ စိန်ပွနဲ့ စံအေးက နေရာထိုင်ခင်းများ သန့်ရှင်းပြင်ဆင်ပြီး ဇရပ်ပျက်ကြီးပေါ်တွင် တစ်ညတာ အိပ်စက်အနားယူကြလေတော့သည်။

တစ်မိုးသောက်လို့ အလင်းသို့ ရောက်ပြန်လေသည်။





အကြီးအသေး ပုံစံအမျိုးမျိုး နီတချို့၊ မည်းတချို့ အရိုးအိုးများ ပြိုကျပျက်စီးပြီး ငုတ်တုတ်ဖြစ်နေတဲ့ မှန်တိုင်လိုလို အုတ်တိုင်ကြီးများ၊ သစ်ခြောက်ပင်ကြီးများ ဟိုတစ်စု သည်တစ်စု ပေါက်နေတဲ့ ဂမုန်းပင်များ ဇရပ်အိုကြီးတစ်လုံးနဲ့ သင်္ချိုင်းကြီးက အရုပ်ဆိုး အကြည်းတန်သော်လည်း သင်္ချိုင်းကြီးကို ဝိုင်းရံထားတဲ့ နက်လှတဲ့ တောကြီးထဲမှ တောငှက်ကလေးများရဲ့ အိပ်တန်းဆင်း အစာရှာ ထွက်ကြတဲ့ အသံကလေးများက သာယာနာပျော်ဖွယ်။ ဟိုအဝေးဆီမှ ခါတွန်သံ၊ ချေဟောက်သံ၊ မျောက်များ ပူးထိုးသံတို့ ကြားရပြန်တော့ ဘယ်ဆီဘယ်ဝယ် မျှော်ကာမှန်းလို့ လွမ်းမိသလိုပင်။ မနီးမဝေးမှ ကျားဟိန်းသံများကို ကြားရပြန်တော့ တောမည်မျှ နက်သည်ဆိုတာ ခန့်မှန်းပြီး ကြောက်စိတ်ကလေးများ ဝင်မိသည်။

ဖိုးသူတော် ဦးရွှေသီးတို့ ဆရာတပည့်သုံးယောက်လည်း ခရီးကလည်းပန်းလာ၊ ဇရပ်ပျက်ကြီးပေါ်မှာ နဘယ် ဘေးမရှိ အန္တရာယ်ကင်း အနှောင့်အယှက်ကင်းစွာ အိပ်ရသည်မို့ အတော်ကလေး နေမြင့်မှ နိုးထလာကြလေသည်။

"ကဲ ငါ့တပည့်တို့ နိုးကြပြီလား၊ ကဲ လာကြ၊ ရေဘူးတွေ၊ ပုံးတွေ ယူခဲ့ကြ၊ ကျောက်ကမ်းပါးယံကြီးမြောက်ဘက်စွန်းမှာ ရေထွက်ရှိတယ်၊ မျက်နှာသစ်ရင်း သောက်ရေသုံးရေ သွားခပ်ရအောင်၊ မသွားခင် တစ်ခုပြောမယ်၊ တို့ သည်မှာနေတဲ့အခါ သွားတဲ့လာတဲ့အခါ ခြောက်ကြ လှန့်ကြလိမ့်မယ်၊ အဲဒါ မကြောက်



www.burmeseclassic.com

www.burmeseclassic.com



ဖို့ မလန့်ဖို့ပဲ၊ မင်းတို့ကို ငါပေးထားတဲ့ အဆောင်က မင်းတို့ကို ဘာကောင်ကမှ အန္တရာယ်မပြုနိုင်ဘူး၊ ခြောက်တော့ ခြောက်မှာပဲ၊ လာ သွားကြစို့"

ဦးသူတော်က ဤသို့ပြောလိုက်တော့ စိန်ပွက…

"မကြောက်ပါဘူးဘုရား၊ တပည့်တော် ပျော်တောင်ပျော်သေး"

"အေး သည်လိုမှပေါ့၊ ငါ့တပည့် စံအေးကရော"

"တပည့်တော်ကတော့ သူတို့ ဘယ်လိုခြောက်ဦးမလဲလို့ စိတ်ဝင်စားနေတာဘုရား"

ဦးသူတော်က ပြောပြောဆိုဆို ဇရပ်ပေါ်မှ ဆင်းသွားရာ စိန်ပွနဲ့ စံအေးက နောက်မှ ရေပုံးများ ရေဘူးများ ဆွဲလိုက်သွားကြလေသည်။ ရေခပ်လမ်းမှာတော့ ဘာမျှခြောက်လှန့်ခြင်းမရှိ၊ အနှောင့်အယှက် မရှိဘဲ ဇရပ်ပေါ်သို့ ရေပုံး ရေဘူးများနဲ့ ဖြောင့်ဖြောင့်သားသား ရောက်လာကြလေသည်။

"ကဲ ငါ့တပည့်တို့၊ ချက်စရာရှိတာ ချက်ကြပြုတ်ကြပေါ့"

ထိုအခါ စိန်ပွနဲ့ စံအေးကတော့ ချက်ရင်းပြုတ်ရင်း အလုပ်ရှုပ်သွားကြသည်။

ဦးသူတော်ကတော့ သူ့နေရာကို ထိုင်လိုက်ရင်း…

"အေး··သည်အရှေ့ဘက်က တောင်ကြီးကို ကျော်လိုက်





ရင် ရှမ်းနယ်ကို ရောက်သွားပြီကွ၊ သည်သင်္ချိုင်းကြီးဟာ ရှမ်းစော်ဘွားတွေ ကြီးစိုးစဉ်အခါက ရှမ်းစော်ဘွားတစ်ဦးနဲ့ ဆွေစဉ်မျိုးဆက် ကျေးကျွန်တွေ အမှုထမ်းတွေ သင်္ဂြိုဟ်တဲ့ သင်္ချိုင်းကြီးလို့ အဆိုရှိတယ်ကွ၊ ရှမ်းစော်ဘွားတွေ ကောင်းစားစဉ်အခါက သူတို့လူမျိုးတွေမှာ အတတ်ပညာတစ်ခု ထွန်းကားခဲ့တယ်၊ အဲဒီပညာက စုန်းကဝေအတတ်ပညာပဲ၊ ခေတ်လည်းစားခဲ့တယ်၊ ညှို့သည် တစ်ယောက်သွားရင် ဖျာဖင်ကပ်ပါတာတို့ဆိုတာ နောက်ပြောင်တာပဲ ရှိသေးတယ်၊ သူတို့ လုပ်ချင်ရင် သစ်ငုတ်တိုတောင် လောက်ဖွားဖွားကျတယ်၊ နောက်ပြီးတော့ လက်ဖက်ထုပ်ကလေးကို စီရင်လိုက်တာနဲ့ တစ်ဖက်လူမှာ အသက်ပျောက်သည်အထိ ဒုက္ခရောက်သွားနိုင်တယ်၊ အဲဒါကြောင့် လူ မတတ်ပေမဲ့ လက်ဖက်ထုပ် တတ်တယ်ဆိုတာ သူတို့ဆီက လာတဲ့စကားပုံပဲ၊ ဒါတင် မကဘူး၊ လူတစ်ယောက်ကို လက်ညှိုးညွှန်တာနဲ့ ဘုန်းကနဲ လဲသေသွားအောင်စွမ်းတဲ့ စုန်းကဝေအချုပ်ဆရာကြီးတွေလည်း ရှိခဲ့သတဲ့။ သည်တော့ ရှမ်းစော်ဘွားတွေဟာ လိုရင်သုံးဖို့ အဲဒီ စုန်းကဝေအချုပ်ဆရာကြီးတွေကို မြှောက်စားပြီး မွေးကြသတဲ့။ သူတို့ရဲ့ ထုံးစံက စော်ဘွားတစ်ယောက်သေရင် သူတို့သတ်မှတ်ထားတဲ့ သင်္ချိုင်းကိုးသင်္ချိုင်း ပြီးဆွေစဉ်မျိုးဆက် အမှုထမ်းကျေးကျွန်ကအစ အဲဒီသင်္ချိုင်းမှာပဲ သင်္ဂြိုဟ်ကြတယ်"

ထိုစဉ် စံအေးက ယ···ဂုဆန်ပြုတ်ကျက်ပြီမို့ ပူပူနွေးနွေး



www.burmeseclassic.com

www.burmeseclassic.com



ဆန်ပြုတ်ပန်းကန်ကို လာကပ်သည်။ ဆန်ပြုတ်ပန်းကန်ကို ဦးသူတော်က အကပ်ခံယူပြီး အားပါးတရ ဘုဉ်းပေးလေသည်။ ပြီးတော့ စကားကို ဆက်ပြန်သည်။

"အေး စကားကို ဆက်ရမယ်ဆိုရင် သည်သင်္ချိုင်းက စော်ဘွားတစ်ယောက်ရဲ့ သင်္ချိုင်းပဲ၊ သူ့ရဲ့ ဆွေစဉ်မျိုးဆက်တွေ သည်မှာ သင်္ဂြိုဟ်သလို သူ့ဆီမှာ အမှုထမ်းခဲ့တဲ့ စုန်းကဝေတွေနဲ့ အချုပ်ဆရာကြီးတစ်ယောက်ကိုလည်း သည်မှာ သင်္ဂြိုဟ်ခဲ့တယ်၊ သူတို့ဟာ အမှုထမ်းစဉ်က ကမ္မဇိဒ္ဓိတန်ခိုးတွေက မပြယ်လေတော့ သေသည်အထိတောင် ဂမုန်းပင်တွေအဖြစ် ရှင်သန်နေကြတယ်။ အခုမြင်နေရတဲ့ ဂမုန်းပင်တွေဟာ စုန်းကဝေတွေပဲ၊ တို့က အဲဒီအပင်တွေ အများကြီးထဲမှာ အချုပ်ပင်တစ်ပင်ကို ရှာရမယ်၊ အဲဒီအပင်ကလည်း လပြည့်ညတစ်ည လကွယ်ညတစ်ညပဲ ရှာလို့တွေ့နိုင်တယ်၊ သည်နေ့က လဆန်း ၁၃ ရက်ဆိုတော့ တို့နောက် နှစ်ရက် စောင့်ရလိမ့်မယ်၊ ကဲ မင်းတို့လည်း ချက်ပြုတ်ပြီးရင် စားသောက်ပြီး အနားယူချင်ယူကြ၊ လှေလာချင်သပဆိုရင်လည်း လှေလာကြ၊ မင်းတို့အတွက် ဘာမှအန္တရာယ်မရှိဘူး၊ မကြောက်ဘူး၊ မလန့်ဘူးဆိုရင်ပေါ့၊ ငါလည်း လုပ်စရာရှိတာ လုပ်ဦးမယ်"

ဟု ဆိုကာ လည်မှာဆွဲထားသော ပုတီးကြီးကိုဖြုတ်ကာ နေရာတွင်ပဲ ပုတီးစိပ်နေလေတော့သည်။

လပြည့်ညကို ကူးပြောင်းတော့မှာမို့ နေဝန်းနီကြီးက





ကျောက်ကမ်းပါးယံကြီးပေါ် မေးတင်နေရာမှ တဖြည်းဖြည်း ကျောက်ကမ်းပါးယံကြီးနောက်ကွယ်သို့ ပုန်းလျှိုးပျောက်ကွယ် သွားလေသော် လပြည့်ဝန်းကြီးက သင်္ချိုင်းကြီးတစ်ခုလုံးကို ထိန် ထိန်သာလျက် 'အုဝူး…ဝူး…ဝူး' အရိုးအိုးများပေါ်မှာ ငုတ်တုတ် ထိုင်ပြီး အူနေကြတဲ့ သင်္ချိုင်းစောင့် တောခွေးများကို ဇရပ်ပျက်ကြီး ထဲမှ ဦးသူတော်တို့ ဆရာတပည့်သုံးယောက်က လရောင်အောက် မှာ မြင်နေရသည်။ သူတို့ အူသံတွေဟာ တောကြီးထဲသို့ အသံရှိန် ပြေးသွားသည်မှာ တော်တော်နှင့် အတောမသတ်နိုင်။

"ကဲ ငါ့တပည့်တို့ သည်နေ့ည လပြည့်ညပဲ၊ သူတို့က လည်း တို့ကို စခန်းသိမ်း နှုတ်ဆက်လိမ့်မယ်၊ တို့ကလည်း အပြိုင်အဆိုင်လေးတွေ အောင်ပွဲနဲ့ နှုတ်ဆက်ရမယ့်ညဆိုတော့ တော့ ဖြစ်လာမှာပေါ့ကွာ"

ဦးသူတော်က စကားပြောရင်းနဲ့ အိတ်ထဲမှ မြေဖြူတောင့်လိုလို လက်ညှိုးလောက်ရှိသော အတောင့်လေးတစ်တောင့်ကို ထုတ်ယူလိုက်ပြီး စိန်ပွနဲ့ စံအေး အိပ်တဲ့ အိပ်ရာနဲ့ နှစ်တောင်ခွာပြီး စည်းဝိုင်းလိုက်ပြီး…

"မင်းတို့ ငါ ဘာဖြစ်ဖြစ်၊ ဘာမြင်မြင် သည်စည်းဝိုင်းထဲက ငါ မခေါ်မချင်း မထွက်ကြနဲ့"

ဟု ပြောလိုက်လေသော် စိန်ပွနဲ့ စံအေးက တစ်[?]လုံး အိပ်ရာပေါ်မှာ ကျောချင်းကပ်ထိုင်ကာ ပတ်ဝန်းကျင်[?] ဘာတွေ



www.burmeseclassic.com

www.burmeseclassic.com



ပေါ်လာပြီး ဘာတွေဖြစ်မလဲဆိုတာ ငြိမ်ပြီးအကဲခတ်နေရာမှ 'တင်ပျံဘုရား' တစ်ခွန်းပြောပြီး ငြိမ်ရှုတ်နေကြလေသည်။ ဦးသူတော် သူ့နေရာကို ပြန်ထိုင်လိုက်စဉ်မှာတော့…

"အဟင့် အဟင့်…အီးဟီး…ဟီး"

လူတစ်ယောက် ရှိုက်ကာ ရှိုက်ကာ ငိုနေတဲ့အသံက တိုးတိုးသဲ့သဲ့ အသံက ကျယ်လာသလို ဝေးရာမှ နီးလာသလိုလို ကြားနေရသည်။ ဟိုအရိုးအိုးကလိုလို သည်အရိုးအိုးကလိုလို နေရာကို မှန်းလို့မရပေ။ သူတို့ဆရာတပည့် သုံးယောက်ကတော့ တိတ်ဆိတ်ငြိမ်သက်လျက် ပတ်ဝန်းကျင်ကို အကဲခတ်နေကြသည်။

လပြည့်ဝန်းကြီးရဲ့ လရောင်အောက်မှာ အထင်းသား မြင်နေရသည်က ဟိုအရိုးအိုးကြားက ထွက်လာ၊ သည်အရိုးအိုးကြားက ထွက်လာ၊ ဟိုချုံတန်းက ထွက်လာ၊ သည်ချုံက ထွက်လာနဲ့ ကုန်းကုန်းကွကွတချို့၊ တုန်တုန်ဆတ်ဆတ်တချို့၊ တချို့ကလည်း ခေါင်းကြီးတွေထမ်းလျက် အရိပ်မည်းကြီးတွေက ဇရပ်ပျက်ကြီးဆီကို စုရုံးရောက်ရှိလာကြပြီး တချို့ကတော့ ဇရပ်ပျက်ကြီးကို ဝိုင်းလျက် ဟိုသည်ရွေ့ကာ သွားနေကြသလို တချို့ကတော့ ငုတ်တုတ်ကြီးတွေ ထိုင်နေကြသည်။ ထိုစဉ် 'ဝုန်း' အသံကြီးနဲ့ အတူ ဇရပ်ပျက်ကြီးနှင့် မနီးမဝေးရှိ အရိုးအိုးမှ အုတ်တွေ ပွင့်ထွက်သွားပြီး ဝတ်ရုံဖားဖားကြီးနဲ့ အရိပ်မည်းကြီးတစ်ခု ထွက်လာပြီး ဇရပ်ပျက်ကြီးဆီသို့ တရွေ့ရွေ့ လျှောက်လာပြီး အရိပ်မည်း





တွေထဲ ရောသွားလေသည်။

ခဏအမှုကြာတော့ 'ဒုန်း…ဒုန်း…ဒုန်း' အခေါင်းကြီး တစ်လုံးက လေကားကြီးထိပ်ကနေ ကျွမ်းနှစ်ပတ် သုံးပတ်လည်ကာ ဦးသူတော်ရှေ့တည့်တည့်မှာ မတ်မတ်ကြီးထောင်လျက် ဘယ်ယိမ်းညာနွဲ့ လှုပ်ရှားနေလေသည်။ စိန်ပွင့်နဲ့ စံအေးကတော့ ဖြုန်းကနဲဆိုတော့ လန့်သွားကာ တစ်ယောက်နဲ့ တစ်ယောက် ဖက်မိလျက်သားဖြစ်ပြီး ငြိမ်သက်နေကြသည်။ သို့သော် သတိတော့ လွတ်မသွားကြ။ ဦးသူတော်ကတော့ ထုံးစံအတိုင်း အရယ်မပျက်။ 'ဟဲ…ဟဲ…ဟဲ' ရယ်ရင်း လက်ဝါးနှစ်ဖက်ကိုဖြန့်ကာ လေထဲသို့ ဆောင့်တွန်းလိုက်ရာ 'ဒုန်း…ဒုန်း ·ဝုန်း' ယာယီ အခေါင်းကြီးက နောက်သို့ နှစ်ချက်ခုန်ဆုတ်ပြီး ပက်လက်လန်လဲကျငြိမ်သက်သွားလေသည်။

"ဟင်း"

ထိုအခါမှ စိန်ပွင့်နဲ့ စံအေးက သက်ပြင်းချနိုင်တော့သည်။ သို့သော် သက်ပြင်းချလို့မှ မဆုံးသေး။

"ဖြောင်း…ဒိုင်း…ဝုန်း"

ကြမ်းခင်းပြင်ချပ်များက သံချက်တွေကွာတဲ့နေရာကကွာ ကျိုးတဲ့နေရာကကျိုးပြီး ရှည်လျားသော လက်သည်းကြီးများနဲ့ လက်ကြီးတွေက ထိုးထွက်လာပြီး ဦးသူတော်ကို မရမကမ်းနဲ့ လှမ်းဆွဲကြလေသော် 'ဒုန်း' ဦးသူတော်က ဖျောင့်တစ်ချက်

www.burmeseclassic.com

www.burmeseclassic.com



ပေါက်လိုက်ရာ လက်ကြီးများက ဇတ်လိုက်သလို တုန်ဆတ်ဆတ်နဲ့ ကြမ်းပေါက်အောက်သို့ ဝင်ရောက်ပျောက်ကွယ် ငြိမ်သက်သွားကြလေသည်။

ထိုစဉ် လေပြည်လေးတစ်ချက်က ဖရုံကြီးအား တွေ့ယမ်းသွားသည်ကို သူတို့သုံးယောက် သတိထားမိလိုက်ကြပြီး ထွန်းညှိထားသော မီးအိမ်ရဲ့ အလင်းရောင်အောက်မှာ ဘာတွေများ လာဦးမလဲဟု ပဟေဠိမျက်လုံးတွေနဲ့ တစ်ယောက်ကို တစ်ယောက်ကြည့်နေစဉ် စိမ်းဝါရောင်တောက်နေတဲ့ မျက်လုံးကြီးများနဲ့ မညီမညာနဲ့ ဖွေးနေတဲ့သွားများက မီးရောင်တွင် အတိုင်းသား မြင်ရပြီး ဆံပင်ဖားလျား လျှာတွဲလဲကြီးနဲ့ ခေါင်းပြတ်ကြီးက လေထဲမှာ ပြန့်ဝဲကာ ဖရုံပေါ်သို့ ရောက်လာလေသည်။ ဦးသူတော်က…

"ဟဲ ဟဲ ဟဲ၊ ဒါတွေ ရှိနေပြီ"

ဟု ဆိုလိုက်ကာ…

"ဖုန်း…ဂလုံး…ဂလုံး…ဂလုံး"

ကြမ်းပြင်ပေါ်သို့ ပစ်ကြကာ လေဟာအတိုင်း လိမ့်ဆင်းပျောက်ကွယ်သွားပြန်လေသည်။

သည်တစ်ခါတော့ သချိုင်းကြီးက ဘာမှမဖြစ်သလို အတော်ကြာအောင် ငြိမ်သက်သွားလေသည်။ ပတ်ဝန်းကျင်မှ အင်းဆက်ပိုးမွှားကလေးများ မြည်ကြတဲ့အသံကလေးများတောင် ကြားနေရလေသည်။ သူတို့ဆရာတပည့် သုံးယောက်လည်း





အတန်ကြာအောင် တိတ်ဆိတ်ငြိမ်သက်နေကြပြီး ပတ်ဝန်းကျင်ကို အကဲခတ်နေကြသည်။ ထိုစဉ် ဦးသူတော်က…

"ဟ၊ ငါ့တပည့် စိန်ပွနဲ့ စံအေး ကြောက်နေကြသလား ကွ"

"ဟဲ ဟဲ ဟဲ မကြောက်ပါဘူးဘုရား၊ အဟဲ…"

သူတို့ဖြေပုံက ကြောက်တော့ မကြောက်ဘူးပေါ့၊ ဒါပေမဲ့ ကျောတော့စိမ့်သလိုလိုပေါ့။

"ဟဲ ဟဲ ဟဲ၊ ဒါလောက်ကတော့ ငါ အပျင်းပြေရုံပဲ ရှိပါသေးတယ်ကွာ့"

ထိုစဉ် စိန်ပွနဲ့ စံအေးက မျက်လုံးပြူး မျက်ဆံပြူး ပျာပျာသလဲနဲ့…

"ဦးသူတော် နောက်မှာ နောက်မှာ"

ဟု သတိပေးလိုက်သော်လည်း နောက်ကျသွားလေပြီ။ ဦးသူတော်ရဲ့ နောက်မှာရှိတဲ့ ဖရုံတိုင်ကို နွယ်တက်နေသော နွယ်ပင်ကြီးက တဖြည်းဖြည်းပြေလျော့လာကာ လက်တံရှည်ကြီးသဖွယ် ဖြစ်လာပြီး ဦးသူတော်အား ဖမ်းယူရစ်ပတ် ဖျစ်ညှစ်လိုက်လေသည်။ ဦးသူတော် အငိုက်ခံလိုက်ရသည်။ ဒါကြောင့် စိန်ပွနဲ့ စံအေးက ရှေ့မတိုးသာ နောက်မဆုတ်သာနဲ့ ဘာလုပ်ရမှန်းမသိ ဖြစ်နေစဉ် "အင်း…ဟင်း…ဟင်း" ဦးသူတော်က အသံထုတ်ကာ အံတစ်ချက်ကြိတ်လိုက်ရာ "ထောက်…ဖလပ်…ဖလပ်" ခန္ဓာကိုယ်

www.burmeseclassic.com

www.burmeseclassic.com



တွင် ရစ်ပတ်နေသော နွယ်ပင်ကြီးက အပိုင်းပိုင်းပြတ်ကာ ကြမ်းပြင်ပေါ်သို့ ကျသွားပြီး အိမ်မြှောင်အမြီးပြတ်များပမာ အတန်ကြာအောင် ဧွေ့ဧွေ့ခုန်နေပြီးမှ ငြိမ်သွားလေသည်။ တစ်ဖန် သချိုင်းကြီးက ပြန်လည်ငြိမ်သက်သွားပြန်လေသည်။ ဇရပ်ဘေးပတ်လည်မှာ ဟိုဒီရွှေ့ကာ သွားနေကြတဲ့ ကုန်းကုန်းကွကွ အရိပ်မည်းကြီးများနှင့် ငုတ်တုတ်ထိုင်နေကြသော အရိပ်မည်းကြီးတို့လည်း အလျှိုလျှိုနဲ့ ထွက်သွားပျောက်ကွယ်သွားကြလေတော့သည်။ ထွန်းညှိထားသော မီးအိမ်အလင်းရောင်အောက်မှာတော့ ပြတ်ထွက်သွားသော နွယ်အပိုင်းအစများက သွေးများ စိမ့်ထွက်နေသလို နွယ်ပင်ကြီးမှလည်း သွေးစက်များက ပေါက်ပေါက်ကျနေသည်မှာ စိန်ပွနဲ့ စံဖေအေးတို့အဖို့ သွေးအိုင်တွေနဲ့ ဇရပ်ကြမ်းပြင်ကြီးဟာ အမြင်မကောင်းသလို အံ့ဩစရာလည်း ကောင်းလှပေသည်။

"ကဲ ငါ့တပည့်တို့ စည်းဝိုင်းထဲက ထွက်လို့ရပြီ၊ သည်ကောင်တွေ ငါ့အောက် ရောက်ကုန်ပြီ၊ ငါ့တပည့်တို့ နဘယ်ဘေးမရှိ၊ ကဲ မီးအိမ်ယူခဲ့၊ ကဝေဂမုန်းပင်ကို ရှာလို့ရပြီ"

စိန်ပွက မီးအိမ်ကို ဖြုတ်ယူလိုက်ကာ ဆရာတပည့်သုံးယောက် ဇရပ်ပေါ်မှဆင်းပြီး ဂမုန်းပင်များရှိရာသို့ သွားကြလေသည်။

တစ်နေရာသို့ရောက်သော်…

"ဟ ဟ ဘာတွေလဲဟ"





စံအေးက ဘေးသို့ လန့်ခုန်လိုက်သော် သွေးညှီနံ့များက ထောင်းကနဲ ထလာသည်။

"ဟ ဘာဖြစ်တာလဲ စံအေးရ"

စိန်ပွက မီးအိမ်နဲ့ ကြည့်လိုက်တော့ စံအေး သွေးကွက်အိုင်ကြီးထဲ ခြေချော်သွားခြင်း ဖြစ်လေသည်။

"ဟ ငါ့တပည့်ကလည်း သွေးကွက်အိုင်ထဲ ချော်ကျလည်း လန့်ရသလား"

"အမှတ်တမဲ့မို့ပါဘုရား"

သူတို့သုံးယောက်က ဂမုန်းပင်များရှိရာသို့ ဆက်လျှောက်လာကြရာ…

"အဟင့်…အဟင့်…အီးဟီးဟီး"

ရှိုက်ကာ ရှိုက်ကာနဲ့ ကြိတ်ပြီး ငိုနေတဲ့အသံက အဆက်မပြတ် ကြားနေရသည်။ သို့သော် ဘယ်နေရာကမှန်းမသိ။ သူတို့သုံးယောက် ဂမုန်းပင်တွေ စုရုံးပေါက်ရာနေရာသို့ ရောက်လာကြသော် ဂမုန်းပင်များကို အကဲခတ် ကြည့်ရှုနေကြလေသည်။ ဦးသူတော်က…

"ဟော…ဟိုမှာ တွေ့ပြီ"

ဦးသူတော်က ဂမုန်းပင်များကြား တိုး၍ ရှေ့မှသွားလေသော် စိန်ပွနဲ့ စံအေးက နောက်မှ လိုက်လာကြသည်။ အတော်ကလေး လျှောက်မိတော့…



www.burmeseclassic.com

www.burmeseclassic.com



"သည်အပင်ပဲ"

ဦးသူတော် ပြသောအပင်ကို ကြည့်လိုက်တော့ ပိုးစုန်းကြူးများပမာ အရောင်များ တလက်လက် တောက်ပနေလေသည်။ ဦးသူတော်က အနားကိုက်အိတ်ထဲမှ အဖြူရောင်ချည်ကြိုးလေး တစ်ချောင်း ထုတ်လိုက်ပြီး...

"ရော့...စံအေး သည်ကြိုးနဲ့ အဲသည်အရောင် တလက်လက်ထွက်နေတဲ့ အပင်ကို ချည်လိုက်"

စံအေးက ဦးသူတော်ပေးသော ကြိုးဖြင့် ထိုအပင်၏ အရွက်များကို စုချည်လိုက်သည်။

"သည်အပင်က နေရာရွှေ့တတ်တယ်ကွ၊ ဒါကြောင့် ချုပ်ထားရတာ၊ ကဲ ကိစ္စတော့ ပြီးပြီ၊ မနက်ကျမှ တူးမယ်၊ ဇရပ်ပြန်ပြီး အိပ်ကြစို့"

သူတို့သုံးယောက်လည်း ဇရပ်သို့ပြန်ကာ အိပ်စက်အနားယူကြလေတော့သည်။

အရုဏ်တက်လေပြီ။ အရုဏ်တက်မယ်တောင် မှောင်ကျချိန်မို့ လရောင်က မှောင်သွားလေသည်။ ထိုစဉ် စောင်ကို ခေါင်းမြီးခြုံပြီး ကွေးနေသော စိန်ပွင့်နားထဲမှာ လူနှစ်ယောက် စကားပြောနေသံ ကြားရသဖြင့် စောင်ကို အသာလှပ်၍ ကြည့်လိုက်ရာ ဝတ်ဖြူစင်ကြယ်နဲ့ မုတ်ဆိတ်ဖြူများက အလွန်ရှည်နေတဲ့ အဘိုးကြီးတစ်ယောက်က ပုံသဏ္ဌာန်ထူးဆန်းသော တောင်ဝှေးကြီး





တစ်ချောင်းကို တင်ပလ္လင်ခွေပေါ်တင်ပြီး ဦးသူတော်နဲ့ နှစ်ယောက်သား ထိုင်စကားပြောနေသည်ကို တွေ့ရသော် စံအေးကို အသာလက်ကုတ်နှိုးကာ နှစ်ယောက်သား စောင်ခြုံထဲမှ အသာကြည့်ကာ နားထောင်နေကြလေသည်။

"အရှင် ဦးသူတော်၊ အရှင်ရဲ့ သီလ၊ သမာဓိ၊ ကျင့်စဉ်နဲ့ ပညာကို လေးစားပါတယ်၊ အကျွန်ုပ် တစ်ခုမေတ္တာရပ်ခံပြီး တစ်ခုပြောပါရစေ"

"ပြောပါ အရှင်၊ ဒါပေမဲ့ အရှင်က မည်သည့်ပုဂ္ဂိုလ်ဖြစ်ပါသလဲ"

"အကျွန်ုပ်က သည်သင်္ချိုင်းမှာ အချုပ်ဖြစ်တဲ့ ကဝေဂမုန်းပင်နဲ့တကွ ဂမုန်းပင်များကို စောင့်ရှောက်ရတဲ့ ပုဂ္ဂိုလ်တစ်ဦးဖြစ်ပါတယ်"

"ဩော်...ပြောပါ၊ ကျွန်ုပ် နားထောင်ပေးပါမယ်"

"သည်လိုပါ၊ သည်သင်္ချိုင်းကြီးဟာ စော်ဘွားတစ်ယောက်နဲ့တကွ ဆွေစဉ်မျိုးဆက် အမှုထမ်းများနဲ့ ကျေးကျွန်များ သင်္ဂြိုဟ်ထားတဲ့ သင်္ချိုင်းကြီးဆိုတာ အရှင်အသိ ဖြစ်ပါတယ်"

"ဟုတ်ကဲ့၊ သိပါတယ်"

ဝတ်ဖြူစင်ကြယ်နဲ့ အဘိုးကြီးရဲ့ စကားက လေးနက်သလို အရှိုးပေးခြင်း ကြေကွဲစွန့်လွှတ်ခြင်း ဆိုတဲ့အသံနဲ့ အမူအရာက သိသာလှသည်။ ဒါကြောင့် ဦးသူတော်က ကရုဏာသက်စွာ



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် စိတ်ဝင်တစား နားထောင်ပေးနေသည်။ အဘိုးကြီးက စကားကို ဆက်လေသည်။

"ပြောရမယ်ဆိုရင် အဲသည် စော်ဘွားကြီးမှာ စုန်းကဝေ အတတ်ပညာနဲ့ အမှုထမ်းခဲ့တဲ့ စုန်းကဝေတွေ ရှိခဲ့တယ်၊ သူတို့ သေလွန်တော့လည်း သည်သချိုင်းကြီးမှာပဲ သင်္ဂြိုဟ်ကြတယ်၊ အဲသည်စုန်းကဝေတွေကို အုပ်ချုပ်ရတဲ့ ကဝေဆရာကြီးတစ်ယောက် အဖြစ်နဲ့ အမှုထမ်းခဲ့ရတယ်၊ အားလုံး သေလွန်ကြတဲ့အခါ လူ့ဘဝ အမှုထမ်းခဲ့စဉ်က ကမ္မဇိဉ်ဓာတ်ခိုးတွေက မပြယ်သေးတော့ သည် သချိုင်းကြီးမှာ ဂမုန်းပင်တွေအဖြစ်နဲ့ ရှင်သန်ကာ ပရလောက နယ်ထဲကို အားလုံးရောက်နေကြတယ်"

ဦးသူတော်ကတော့ ခေါင်းတဆတ်ဆတ် ညိတ်လျက် နားထောင်နေလေသည်။ အဘိုးကြီးကတော့ အဓိပ္ပာယ်ကင်းမဲ့စွာ ဇရပ်ကြမ်းပြင်ကို စိုက်ကြည့်လျက် စကားကို ဆက်ပြောလေသည်။

"တိုတိုပဲ ပြောကြပါစို့၊ ကျွန်ုပ်ကတော့ အကုသိုလ်တရား တွေကို မြင်ပြီး ကောင်းရာမွန်ရာ ကျွတ်ရာလွတ်ရာကို သွားမယ် ဆိုရင် ရပါပြီ၊ ဒါပေမဲ့ ကျွန်ုပ်ရဲ့ ငယ်သားတပည့်တွေ အကုသိုလ် ကြောင့် ပရလောကနယ်ပယ်ထဲ ရောက်နေတာ ကျွန်ုပ်မှ မကယ် ရင် ကျွတ်နိုင်ဖွယ် မမြင်ပါ၊ သူတို့ ကျွတ်အောင်လွတ်အောင် ကယ်တင်ဖို့ကလည်း ယခု အရှင်အလိုရှိလို့ ယူသွားမည့် ကဝေ ဂမုန်းပင်က အဓိကအရေးပါဆုံး ဖြစ်ပါတယ်၊ သည်ကဝေဂမုန်း





ပင်သာ ပျောက်ပျက်သွားခဲ့ရင် ကျွန်ုပ်လည်း သူတို့ကို မကယ်တင် နိုင်တော့ပါ။ သူတို့ ကျွတ်ဖို့လွတ်ဖို့လမ်း မမြင်သလောက် ဖြစ်သွား ပါလိမ့်မယ်၊ အချိန်အခါကလည်း မကျသေးတော့ အကျွန်ုပ်ဟာ သည်သချိုင်းက မခွာသေးဘဲ အချိန်အခါကိုစောင့်ရင်း အချုပ်ဖြစ် တဲ့ ကဝေဂမုန်းပင် မပျောက်ပျက်အောင် စောင့်ရှောက်နေတာပါ၊ သည်ကဝေဂမုန်းပင်ကို အရှင် ယူသွားလိုပါက ကျွန်ုပ် တားဆီးနိုင် တဲ့အစွမ်း မရှိတော့ပါ၊ ဒါပေမဲ့ သူတော်စင်တစ်ယောက်အနေနဲ့ သတ္တဝါတွေအပေါ် ကရုဏာမေတ္တာထားတယ်ဆိုရင် ဒီကဝေ ဂမုန်းပင်ကို ယူဆောင်လို့ မသွားပါနဲ့လို့ တောင်းပန်ရင်းနဲ့ မေတ္တာ ရပ်ခံပါတယ် အရှင်"

အဘိုးကြီးက အကြောင်းစုံ ရှင်းပြပြီးသော် ယုံကြည်ခြင်း အားကိုးခြင်း မျက်နှာနဲ့ ဦးသူတော်အား တစ်ချက်ကြည့်လိုက်ပြီး ဆိတ်ဆိတ်နေလေသည်။ ဦးသူတော်ကတော့ ခေါင်းတဆတ်ဆတ် ညိတ်ကာ အတန်ကြာ စဉ်းစားပြီး...

"ကျွန်ုပ် သည်ကဝေဂမုန်းပင်ကို ယူဆောင်မသွားတော့ ပါ၊ အတတ်ပညာဂုဏ်မောက်ပြီး ပြုမူမိတာကိုလည်း ခွင့်လွှတ်ပါ အရှင်၊ ကျွန်ုပ်တို့လည်း နက်ဖြန် ပြန်ပါတော့မယ်"

ဦးသူတော်ရဲ့ စကားကြောင့် အဘိုးကြီးက ဝမ်းသာပီတိ မျက်နှာနဲ့...

"ကျေးဇူးကြီးလှပါသည် အရှင်"



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ဟု ဆိုကာ ဦးသူတော်အား ဝတ်ပြုကာ ဇရပ်ပေါ်မှ ဆင်းသွားပျောက်ကွယ်သွားလေသည်။

နံနက်လင်းသော် ကဝေဝမုန်းပင်တွင် ချည်ထားခဲ့သော ချည်မန်းကွင်းကို ဖြုတ်ယူကာ ကျောက်ကွဲသင်္ချိုင်းမှ ပြည်တော်ပြန် ခရီးဆက်ရန် ပြင်ဆင်ကြလေတော့သည်။

**ဘိုးသာဒင်**

□□□



# တာတေ

## ထွက်ရှိပြီးစာအုပ်များ

၁။ ကိုယ်တွေ့မဖဲဝါ
၂။ ကဝေ(၁၂)ကြိုး
၃။ သင်္ချိုင်းတစ်ရာမဖဲဝါ
၄။ သံလက်ဝါးမဖဲဝါ
၅။ မဖဲဝါရဲ့အိမ်
၆။ ကဝေပျံ
၇။ ကိုယ်တူကိုယ်ခွဲ မဖဲဝါ
၈။ သင်္ချိုင်းရှင်မ မဖဲဝါ
၉။ မဖဲဝါစီးတဲ့ကျား
၁၀။ ငရဲခွေးကြီးတွေနဲ့မဖဲဝါ
၁၁။ စက်ကြိုးဆွဲမဖဲဝါ
၁၂။ မဖဲဝါကို ကိုက်တဲ့တစ္ဆေ
၁၄။ မဖဲဝါမွေးတဲ့သား
၁၅။ ကွင်းပိုင်နမ မဖဲဝါ
၁၆။ မဖဲဝါမဝင်ရ
၁၇။ မဖဲဝါကိုဖမ်းတဲ့ကဝေ
၁၈။ နတ်နဂါးအင်း
၁၉။ ရွှေဂူရှင်မ
၂၀။ မဖဲဝါနေတဲ့ကျွန်း
၂၁။ စုန်းကိုးမှော်ကိုးကဝေကိုး
၂၂။ မဖဲဝါ(၄၄)နစ်
၂၃။ လူသတ်ကုန်းကမဖဲဝါ
၂၄။ မဖဲဝါကိုမုန်းတဲ့စုန်း
၂၅။ ခေါင်းပြတ်တောင်စောင့်မဖဲဝါ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

